www.burmeseclassic.com

# ပန်းသီချိုင်

# နံရံထောင့်ကမှန်တစ်ချပ်



www.burmeseclassic.com

www.burmeseclassic.com

ထုတ်ဝေသူ

[illegible]ငွေမော်၊ ညာဏ်ဝင်းစာပေတိုက် (မြ[illegible])

အမှတ် ၇ (က)၊ သုခဝတီလမ်း။

ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးနှင့် အတွင်းစာသားပုံနှိပ်သူ

ဦးစိုးမြင့် (၀၅၆၃၉)

ရွှေအောင်လံ ရောင်စုံပုံနှိပ်တိုက်

အမှတ် (၅၄)၊ ၁၀၁-လမ်း။ ကန်တော်ကလေး၊ ရန်ကုန်မြို့။

စာမူခွင့်ပြုချက် အမှတ် ...... ၅၀၀၄၄၇၀၅၀၄

မျက်နှာဖုံးခွင့်ပြုချက်အမှတ် . . . ၅၀၀၆၁၃၀၅၀၅

ထုတ်ဝေခြင်း

ပထမအကြိမ်

၂၀၀၅ ၊ ဇူလိုင်လ

အုပ်ရေ

[illegible]

တန်ဖိုး

[illegible]

မျက်နှာဖုံးပန်းချီ

[illegible]hØst Digital Media Gr[illegible]

www.burmeseclassic.com

www.burmeseclassic.com

အကယ်၍ နံရံထောင့်မှာ ချိတ်ထားတဲ့ ကြည့်မှန်တစ်ချပ်ကို မေးကြည့်ခဲ့မယ်ဆိုရင် ကျွန်တော်တို့ နှစ်ဦးရဲ့ နွေးထွေးသန့်ရှင်းတဲ့ အဖြူရောင်စစ်စစ် အရောင်မဲ့ ချစ်ခြင်းမေတ္တာတရားကို သူအမှန်ကန်ဆုံး အတိကျဆုံးပြောပြနိုင်လိမ့်မယ်ထင်ပါသည်။

မြဝါးနတ်မောင်စာပေ

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



" မင်းနဲ့ငါနဲ့ အလုပ်က ပြန်ချိန်အတူတူပဲ မင်းက ခုထက်ထိ မပြီးသေးဘူး "

သူရက ပြစ်တင် ဝေဖန်၏။

" တူမလားကွ . . . တူမလား "

" ဘာမတူတာလဲ"

" ငါက မင်းလို အဆင်သင့် ပြင်ထားတဲ့ ထမင်းဝိုင်းမှာ လက်ဆေးပြီး စားရတာ မဟုတ်ဘူး ငါပြန်လာမှ ချက်ရတာကွ မင်းက ရေမိုးချိုးထမင်းစား အကျီလဲပြီး ထွက်လာရုံပဲ ငါနဲ့တူမလားကွာ"

သူရက တစ်ချက်ပြုံးလိုက်ပြီး . . .

" ဒါဆို ဒီလိုလုပ်" ဟု ဆိုလာ၏။

" အေး ဘယ်လိုလုပ်ရမလဲ"

သူရမှာ ဘယ်လို အိုင်ဒီယာ (အကြံဉာဏ်) ကောင်းများ ရှိမလဲဟု ညီညီစိတ်ဝင်စားသွားမိသည်။





" ထမင်းချိုင့်မှာပေးပေါ့"

ညီညီ ခေါင်းရမ်းသည်။

" မှာစားဖူးပါတယ် မကိုက်ဘူး ဈေးကြီးတယ်"

" ဟုတ်လား "

" ပိုက်ဆံ လုံးဝမကျန်ဘူး မစုမိဘူး စားလို့တော့ ကောင်းပါတယ် အရမ်းပဲ"

ညီညီက ရှင်းပြသည်။

" ငါ ကျောင်းမပြီးခင်က မအားလို့ထမင်းယူစားဖူး ပါတယ်ကွာ"

" အေးလေ ဒါဆို ဒီလိုလုပ်"

" ပြော . . . "

ညီညီက စူးစိုက်နားထောင်သည်

ကိုကိုနှင့် ညီညီနှစ်ယောက်တည်း ရှိသော အိမ် ထမင်းချက်ရသော ကိစ္စသည် နှစ်ယောက်အတွက်



www.burmeseclassic.com

www.burmeseclassic.com



အရေးပါသော အခန်း ကဏ္ဍပါ။ နေ့စဉ်ရင်ဆိုင်ရသောကိစ္စ။ ခံတွင်းမတွေ့မှာ စားမကောင်းမှာလည်းစိုးရသည်။

" ငါ့ အစ်မအငယ်ကို မင်းတို့အိမ်ပို့ထားမယ် တော်တော်ပြောတတ်တယ်"

ညီညီက သူရကို မကျေမနပ် ရေရွတ်သည်

" တကယ်အကောင်းပြောတာ"

"တော်ပါကွာ ကြားသွားမှ မင်းတီးခံရမယ် အာမချောင်နဲ့"

" ငါ့အမ အငယ်က မဆိုးပါဘူး ဆံပင်ရှည်ကြီးနဲ့ လှပါတယ်ကွာ မင်းအကိုနဲ့လိုက်ပါတယ်"

သူရစကားကြောင့် ညီညီ တွေကနဲ ဖြစ်ရသည်။ သူနှင့်ကိုကို ငါးနှစ်ကျော် ခြောက်နှစ်နီးပါးအသက်ကွာတာ ကိုကို့ အသက်အရွယ်က မိန်းမယူသင့်ပြီ သူက ဒါကို မေ့လျော့နေသည်။





မေ့လျော့နေတာမဟုတ် တမင်မေ့ချင်ယောင်ဆောင်နေခဲ့တာပါ။ သူတို့ ညီအစ်ကိုနှစ်ယောက်ကြားကို သူစိမ်း တစ်ယောက် ဝင်ရောက်လာမှာ မလိုလားပါ အတ္တကြီးတာပဲဆို ချင်ဆိုတကိုယ်ကောင်းဆန်တယ်ပဲ ပြောချင်ပြော။ ကိုကို့ကို မိန်းမမယူစေချင်ပါ။

ကိုကိုမိန်းမရသွားလျှင်သူ့ကို ခုလိုဂရုစိုက်တော့မှာ မဟုတ်။ ကိုကို့မိန်းမကရော သူ့ကိုကြည့်ရပါ့မလား။ ကိုကိုနှင့်သူက သိပ်ချစ်ကြတော့ သွေးခွဲစကားဆိုမှာ မလွဲမသွေ။

မိန်းမဆိုတာမျိုးက သူကြားရသလောက် လောဘကြီးကြသည်။ ကိုယ့်ဘက်ကိုယ်ယက်တတ်ကြသည်။ ကိုယ့်မိဘ ကိုယ့်အမျိုးပဲ သိတတ်ကြသည်။

" ဟ . . . ညီညီ မင်းကွာ . . . ဘာငိုင်နေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ဆေးပြီးသားပန်းကန်ကို ပန်းကန်စင်ပေါ် တင်ပြီး ငြိမ်ကျသွားသော ညီညီ့ကို သူရက လှမ်းအော်သည်။

" လန့်လိုက်တာကွာ မင်းကလည်း အသံကျယ်လိုက်တာ ဖြည်းဖြည်းပြောပါကွ ဒီအနီးအနားလေးမှာပဲ ကြားပါတယ်"

" တကတည်းကွာ . . . ငါ့အစ်မအငယ်ပြောမိပါတယ် မင်းကတို့ ဆေးမိသူလိုပဲ ညီညီပြုံးမိ၏။

" ဘာလဲ မင်းက မငယ်ကို သဘောကျလို့လား ဟုတ်လား"

သူက စူးစူးစမ်းစမ်းကြည့်ကာမေးလာ၏

" ဟာ ပေါက်ကရ"

" မင်းကြိုက်ရင်ကြိုက်တယ်ပေါ့"

သူရက ကျိန်းသေအတည်စွပ်စွဲလာ၏

" မဟုတ်တာကွာ ငါ မင်းအစ်မကို စိတ်တောင်မပစ်





မှားဘူး ဘုရားပေးပေး ကျမ်းပေးပေး လုံးဝကို စိတ်မဝင်စားပါဘူး။

ညီညီက အကြောက်အကန်ငြင်းသည်။

" ဒါဆို ဘာဖြစ်လို့လဲ"

သူရက ဇဝေဇဝါဖြစ်သွားပြီး နားမလည် ပြန်မေးလာ၏။

" ကိုကိုက တစ်သက်လုံး လူပျိုကြီးလုပ်မှာကွ၊ ငါ့ကို ပြောထားပြီးသား"

" ဟုတ်လို့လား "

သူရက မယုံသင်္ကာ ပြန်မေး၏

" ဟုတ်တယ် "

" ဘာလို့ မိန်းမမယူချင်ရတာလဲ"

ရုတ်တရက်မေးလာတော့ ညီညီ ပြောရခက်သည် ချက်ချင်းပဲ ဟန်မပျက်အဖြေတစ်ခုပေးလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



" ရှိလို့တဲ့"

" ဘာ "

" ဟုတ်တယ် ကိုကိုက အဲ့ဒီအတိုင်းပြောတာပဲ"

သူရပါးစပ်ပိတ်သွား၏။ မျက်နှာကြီးရှုံ့မဲ့သွားပြီး သူ့အစ်မအကြောင်းထက်မဟတော့ပါ။

ညီညီပြုံးမိသည်။ အားနာပေမယ့်ရယ်ချင်စိတ်က ဖိတ်လျှံလာ၏။

" ကိုကိုကလည်းကွာ . . . ကြာလိုက်တာ"

" ဟာ မင်းအကိုကိုစောင့်ရအုံးမှာလား ဆက်စောင့်ရရင် လက်ဘက်ရည်ဆိုင်ပိတ်သွားလိမ့်မယ် ဒီညထိုင်ရမှာ မဟုတ်တော့ဘူး"

သူရက အကြီးအကျယ် ညည်း၏။

" မအေးပါကွာ . . . ငါ ကိုကို့အတွက်ထမင်းပွဲပြင်ပေးထားခဲ့မယ် ခဏစောင့်"





အိမ်သော့က နှစ်ယောက်စလုံးမှာရှိသည်။ အိမ်သော့ပိတ်ခဲ့လည်း ကိုကိုလာလျှင် ဖွင့်ဝင်လို့ရသည်။ ပြဿနာမရှိ။

ညီညီက ကိုကို့အတွက် ထမင်းနှင့် ဟင်းကို စားပွဲပေါ်တင်ထားလိုက်ပြီး ထမင်းအုပ်စောင်းနှင့် သေချာအုပ်၏။

" ဟင် . . . မင်းဟာက ကြက်ဥဟင်း တမျိုးထည်းပါလား ဖွယ်ဖွယ်ရာရာ စုံစုံလင်လင် မရှိလိုက်တာ"

" ဒီဟင်းတမျိုးတောင် ငါမနည်းကြီးအချိန်ယူချက်ထားရတာကွ သိရဲ့လား"

ညီညီက သူရစကားကို ပြန်ဖြေပြီး အကျီလဲသည်။

ကော်လံအနက်ကလေးပါသော တီရှပ်အပြာရောင်ဖျော့ဘောင်းဘီရှည်က စိမ်းပြာရောင်

" မင်းက ဒီလိုဆိုတော့လည်း မင်းသားလိုလို ဘာလိုလို မဆိုးဖူးပဲကွ။



www.burmeseclassic.com

www.burmeseclassic.com



" မြှောက်မနေပါနဲ့ကွာ . ၇. လက်ဘက်ရည် ငါတိုက်ပါ့မယ် ဖေ့တ်ပြီလား "

ညီညီက သူရအကြောင်းကိုသိနေပြီးသား

သူရက အရမ်းကပ်စီးနဲ့သည်။ ကပ်သည် သူ့ငယ်ချင်းကိုကျွေးမွေးရမှာဆို နှမြောသည် စေတနာမပါ။ သဒ္ဓါစိတ်ကြွပါးသည်။ သူ့ကို သူတွေ ဘယ်လိုဝေဖန် ဝေဖန် သူ့အကျင့်ကမပြောင်းလဲပါ။ အမြဲတမ်း သည်အတိုင်းပါပဲ။

သူရနှင့် ညီညီ လက်ဘက်ရည်ဆိုင်ကို ထွက်လာခဲ့၏။ ညစဉ်ညတိုင်းလိုလို နာရီဝက်တစ်နာရီ လက်ဘက်ရည်ဆိုင်ထိုင် တတ်တာ သူတို့နှစ်ယောက်ရဲ့ ဝါသနာ။ လက်ဘက်ရည်ဆိုင် မထိုင်ရလျှင် တစ်ခုခုလိုအပ်နေသလိုဗျင်။

နေ့စဉ် ဝတ္တရားထဲမှာ လက်ဘက်ရည်ဆိုင် ထိုင်တာလည်း ပါသည်။





ကိုကိုက ညီညီ့လိုလက်ဘက်ရည်ဆိုင် ထိုင်လေ့မရှိပါ။ တစ်ခါတစ်ရံ ညီမရမက ဖွတ်ခေါ်မှသာ လိုက်ထိုင်တတ်တာ ဒါလည်း ကြာကြာမထိုင်။ ခဏထိုင်ပြီး လက်ဘက်ရည် ကုန်တာနဲ့ ပြန်ပါလေရော။ ဆွဲထားလို့ပင်မရ။

" ညောင်းတယ်ကွာ ပျင်းစရာကြီး" တုဆိုတတ်ပါသည်။ ညီညီကတော့ လုံးဝမပျင်းပါ။

ဟိုကြည့် ဒီကြည့် ဟိုအကြောင်းပြော ဒီအကြောင်းပြောနှင့် အချိန်တွေ ကုန်လို့ ကုန်မှန်းပင်မသိအောင်ပါ။ အိမ်ကထွက်တုန်း ကတော့ သူရနှင့် ညီညီ နှစ်ယောက်တည်းပါပဲ။

နောက်တော့ လက်ဘက်ရည်ဆိုင်မှာ သူငယ်ချင်းရော မျက်နှာသိရောရယ်ပြုံးသိတာရောမသိတာရော တခါတလေ တစ်ခါမှ မသိဘူးတဲ့မိတ်တွေအသစ်ရော ရောက်လာပြီး မိတ်ဖွဲ့စကားလက်ဆုံကျသွားတာပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



သူ့ပိုက်ဆံဆို အရမ်းကပ်တတ်သော သူရပင် ညဆိုလက်ဘက်ရည်ဖိုးကိုတော့ မနှမြောတတ်ပါ။ ညီညီနှင့် သူရသည် တစ်ခုတော့ စိတ်တူ ကိုယ်တူ ငါသနာတူ။

ဆယ်ကွေ့ တစ်ကွေ့ တစ်လ တစ်ရက်လောက်သာ လက်ဘက်ရည်ဆိုင်မထိုင်ပဲ ဘီလီယက်သွားထိုးတတ်တာ။ အဲ့ဒီလို ညဆိုတာ တစ်ခုခုလိုအပ်နေသလိုပင်။ ညတစ်ည ပြီးဆုံးသွားပေမယ့် မပြည့်စုံသလိုခံစားရသည်။

" မင်းအကိုက အရမ်းအေးတယ်ကွ ညီညီ။ ခုထက်ထိ ရည်းစားတောင်မရှိဘူး။

သူရက ကိုကို့ကို ဝေဖန်လာ၏။

" မင်းရော မင်းအကိုလို လူပျိုကြီးလုပ်မှာလား ညီညီ ဘယ်လိုလဲ"

ညီညီက ပြန်မဖြေဘဲ ရယ်နေသည်။





သူငယ်ချင်းတွေအားလုံးက သူ့ကို ကိုကိုခေါ်သလို ညီညီလို့ခေါ်တတ်ကြပေမယ့် သူ့နာမည်က ညီညီမဟုတ် ဖြိုးမင်းဦးပါ ကိုကိုက မျိုးလင်းဦး

သူတို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် ကိုကို ညီညီဟု ခေါ်ကြသောအခါ ပတ်ဝန်းကျင်ကလည်း အဲဒီလိုပဲ လိုက်ခေါ်ကြတော့သည်။

သူတို့မှာ ခပ်ငယ်ငယ်ကတည်းက မိဘမရှိကြတော့ပါ။ မေမေ ဘယ်တုန်းက ဆုံးသွားသလဲဆိုတာ ညီညီ မမှတ်မိပေမယ့် ဖေဖေဆုံးသည့်နေ့ကိုတော့ သိနေသည်။

ညီညီလမ်းပေါ်မှာ သူငယ်ချင်းတွေနှင့် ဖန်ဂေါ်လီ ကစားနေတုန်း ကိုကိုက မျက်နှာပျက်ပျက်နှင့် လာခေါ်ပြီး ဖေဖေမရှိတော့ဘူးဆိုတာ ပြောပြခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



အခုချိန်မှာ ငါးနှစ်ကျော်ခြောက်နှစ်ကွာတာ သိပ်မသိ ရတော့ပေမယ့် ငယ်ငယ်တုန်းကဆို အသက်ကွာခြား တာက တော်တော်သိသာသည်။

ညီညီ့အတွက်တော့ ကိုကိုက အဖေဆိုလည်းဟုတ် အမေဆိုလည်းဟုတ်သည်။

ကိုကိုက သိပ်ချစ်ပြီး အရမ်း ဂရုစိုက် ညီညီ့ဘဝမှာ မေတ္တာမငတ်ခဲ့ပါ။

“ ဟော့ . . . ညီညီ . . . မင်းကွာ ဒီည ဘယ်လို ဖြစ်တာလဲ”

သူရက အားမလို အားမရပြောလာ၏။

“ ငေးငေးငိုင်ငိုင်နဲ့ ဘာတွေတွေးနေတာလဲ”

“ ဘာမှ မဟုတ်ပါဘူး”

ညီညီက ခေါင်းရမ်းသည်။





သည်ည လက်ဘက်ရည်ဝိုင်းမှာ ညီညီကနားထောင် သူသက်သက်ဖြစ်နေ၏။ ခါတိုင်းလိုစကားမရွှင်။ ကိုကို့ အကြောင်းကို စေ့စေ့တွေးနေမိ၏။ ကိုကို့ဘဝက အရမ်း ခြောက်သွေ့နေမလား။ ကိုကိုက စကားလည်းနည်းသည်။ အနေလည်းအေးသည်။ ဝတ်စားပုံလည်းရိုးသည်။ ကိုကို့ဘဝတစ်ခုလုံးသည် ညီညီ့အတွက်ပဲပေးဆပ်ပံ့ပိုး ထားရသလိုပါ။

ညီညီက အရမ်းအတ္တကြီးပြီး ကိုကို့အတွက်မစဉ်းစား ပေးခဲ့ပေမယ့် ကိုကိုကတော့ ညီညီ့အတွက်ဆို ဘာမဆို စတေးရဲသည်။

လက်ဘက်ရည်ဆိုင်က ပြန်လာတော့ အိမ်တံခါးဖွင့်ပြီး မီးလင်းနေတာမို့ ကိုကိုပြန်ရောက်ပြီဆိုတာ သိလိုက်၏။ ကိုကိုက ဒရင်းဘက်ခ်ပေါ်မှာ စာအုပ်တစ်အုပ်ဖတ်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



" ကိုကို ထမင်းစားပြီးပြီလား"

" အေး . . . ပြန်လာပြီလား ညီညီ"

" ဟုတ်ကဲ့ "

ညီညီက ထမင်းစားပွဲနားကို လျှောက်သွားပြီး အုပ်ဆောင်းဖွင့်ကြည့်သည်။

" ဟာ ကိုကို ဟင်းချန်ထားတာလား"

" အေးလေ မင်းမစားရသေးဘူး မဟုတ်လား"

" ကိုကိုကတော့လုပ်ပြီ ကျွန်တော် စားပြီးပြီ"

" ဟုတ်လား"

" ကြက်ဥတစ်လုံးတည်းချက်မလားဗျာ သုံးလုံး ချက်တာ ကျွန်တော် နှစ်လုံးစားပြီးပြီ အဲ့ဒါ ကိုကို့အတွက် ချန်ထားတာ"

ညီညီက လှမ်းပြောရင်း ထမင်းစားပွဲပေါ်ကဟင်း ပုဂံကိုအုပ်ဆောင်းနှင့်ပြန်အုပ်သည်။





" ကိုကိုဒီနေ့ နောက်ကျတယ်"

" အေးကွာ . . . ကိုကို့ဆရာစီခဏဝင်နေလို့ပါ။

ကိုကို့ဆရာဆိုတာက ဟိုရက်ပိုင်းကတည်းက ဆေးရုံ တက်နေသော ရှေ့နေကြီး ဦးတင့်ဆွေပါ။

ကိုကိုနှင့် ရုံးခန်းကျဉ်းလေးထဲ အတူတူအလုပ်လုပ် ကြသော ကိုကို့ဆရာရင်း။

" အန်ကယ် ဦးတင့်ဆွေသက်သာရဲ့လား"

" မသက်သာသေးပါဘူးကွာ"

ကိုကို့အသံက စိတ်ထိခိုက်တာပေါ်လွင်သည်

" ဆေးရုံတက်နေတာကြာပြီ မဆင်းရသေးဘူးလား"

" အင်း "

ညီညီ့ကို ကိုကိုက အသေးစိတ်ဘာမှပြောမပြပါ။ စိတ်ညစ်စရာ စိတ်ရှုတ်စရာဆို ကိုကိုပဲကြိတ်ခံစားတတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ညီညီ့ကို ဘယ်လုအပူမှ မကပ်စေရပါ။ ကိုကိုက အဲ့ဒီလောက်ထိ ညီညီ့ကို ချစ်သည်။

" အေးကွာ အိပ်တော့မယ်။ ဂွတ်ဒ်နိုက် ကိုကိုက သူ့ကိုပြောပြီး ဒရင်းဘက်စ်ပေါ်က ဆင်းသည်။ သူအိမ်ပြန်ရောက်ပြီမို့ ကိုကိုစိတ်ချ လက်ချအိပ်ရာဝင်တော့မည်။ သူ့ကိုစာအုပ်ဖတ်ရင်းစောင့်နေတာသူသိပါသည်။

" ကိုကို အိပ်တော့မလို့လား ဒီမှာ ညီညီ အက်ရှင်ဇာတ်လမ်းကောင်းကောင်းငှားလာတယ်။ ကြည့်မယ်လေ အတူတူ အစောကြီးရှိသေးတာပဲ။

" အိပ်တော့မယ် ညီရာ ညီညီပဲ ကြည့်

ကိုကိုက အခန်းရှိရာ လျှောက်သွားတော့ ညီညီက ထပ်မခေါ်တော့ဘဲ "ဂွတ်နိုက်ကိုကို ဂွတ်ဒ်နိုက်"ဟု ပြန်ပြောလိုက်၏။





ထိုအချိန်မှာလဲ မောင်ကိုကိုရေ မောင်ကိုကိုမောင်ကိုကိုရှိလားဟေ့"ဟု နှစ်အိမ်ကျော်က ကုန်စုံဆိုင်ကလေးဖွင့်ထားသော ဒေါ်ညိုက လှမ်းအော်ခေါ်၏။

ညီညီက ချက်ချင်းပဲ "ရှိတယ်ဗျို့" ဟု ပြန်ဖြေပြီး တံခါးသွားဖွင့်သည်။

" ဆို ကြီးတော်ကြီး . . . ဘာလို့ ကိုကို့ကို ရှာနေရတာလဲဗျ . . . ကြီးတော်သမီး ပျောက်လို့လား"

" ဟဲ့ ကောင်စုတ်ကလေး ငါဆဲပါတော့မယ် မင်းကိုနှတော့ "

" ဟဲ ဟဲ ဟဲ "

ညီညီက ဒေါ်ညို့ကို စပြီး ရယ်နေ၏

" ဘယ်မှာလဲ မင်းအကို ခေါ်လေ"

" ခေါ်ရမှာလား"



www.burmeseclassic.com

www.burmeseclassic.com



ညီညီက အူကြောင်ကြောင်လုပ်ပြီး ပြန်မေးသည်။

" အေး ခေါ်ရမှာပေါ့"

" ကျွန်တော်နဲ့ မပြီးဘူးလား ကျွန်တော်ဝိုင်းကူရှာပေးမှာပေါ့ အကြီးမလား၊ မလတ်လား အငယ်မလား ပြော"

" ဒီကောင်လေး နောက်တီး နောက်တောက်နဲ့ မြန်မြန်ခေါ်ချည် မင်းအကိုကို တယ်လီဖုန်းဘေးချခဲ့တာဟဲ့ ခက်တော့တာပဲ"

" ဟာ ဖုန်းလာတာလား စောစောကပြောပေါ့။ ကြီးတော်သမီးတစ်ယောက်ယောက်လွှတ်လိုက် ရသားနဲ့ဗျာ ကြီးတော်ညို ကိုယ်တိုင်လာရတာ"

" တစ်ယောက်က အိပ်ပြီတစ်ယောက်က စာကျက်နေတယ် တစ်ယောက်က တီဗွီဇာတ်လမ်းတွဲ ကြည့်နေတော့ လွှတ်လို့ မရဘူးလေ ဩော် . . . ငါကလည်း လျှာရှည်နေပြန်ပြီ မင်းအကိုခေါ်လေ မောင်ကိုကို မောင်ကိုကို"





ညီညီ့ကိုစိတ်မရှည်ဘဲ ဒေါ်ညိုက အခန်းထဲကို လှမ်းအော်၏။

ညီညီက ကြီးတော်ညို့ကို စချင်စိတ်ထိန်းမရသေးဘဲ

" ကြီးတော် ဒီညဘာဇာတ်လမ်းလဲ . . . ကျွန်တော် မေ့နေတာဗျာ . . . ခုမှ လက်ဘက်ရည်ဆိုင်ပြန်လာတာဗျ တီဗွီမဖွင့် ကြည့်ရသေးဘူး"

" မသိပါဘူးအေ . . . မင်းအရမ်းလျှာရှည်တာ ငါ မောင်ကိုကိုနဲ့ပဲ ပြောတော့မယ်"

ကိုကိုထွက်လာတော့ ကြီးတော်ညိုက ရေးကြီးသုတ်ပျာအလျင်စလိုနှင့်

"ဆေးရုံက ဖုန်း "ဟု ဆိုသည်

" မင်းက မှာထားတယ်မဟုတ်လား ဆေးရုံက ဖုန်းဆိုဘယ်အချိန်ဖြစ်ဖြစ် ခေါ်ပေးပါဆိုတော့ . . ."



www.burmeseclassic.com

www.burmeseclassic.com



" ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်"

ကိုကိုက စကားပြောလျှင် ညီညီ့လို အရွတ်အနောတ်မပါ။ တည်တည်တံ့တံ့အေးအေးဆေးဆေး။

" အရေးကြီးနေပုံရတယ် ကလေးမလေးက ငိုသံပါနဲ့ စိတ်မကောင်းဘူး . . . တကယ်ပါပဲ မင်းယောက္ခမလောင်းကြီးက အခြေအနေတော်တော်ဆိုးလို့လား သနားပါတယ်ကွယ်"

ကြီးတော်ညို့စကားကြောင့် စပ်ဖြိုးဖြိုးပြောင်စပ်စပ်ဖြစ်နေသော ညီညီ့မျက်နှာက ရုတ်တရက်တည်ကာ ချက်ချင်းပဲ ပျက်ယွင်းသွား၏။

စကားလုံးအလုံးစုံကို ပြည့်ပြည့်စုံစုံသေသေချာချာ သဲသဲကွဲကွဲကြားလိုက်ပေမယ့် မယုံချင်နားမလည်ချင် ရှင်းရှင်းလင်းလင်း မသိချင်။





ကြီးတော်ညိုပင် အဲဒီလောက်အထိ သိနေပါသော ကိစ္စတစ်ခုကို ညီညီက မသိတာ အရမ်းဆန်းကြယ်နေပြီ။ ကိုကိုလျှို့ဝှက် ထားတာလား တမင်မပြောတာလား ထိန်ချန်ထားချင်သည့်သဘောလား အသိပေးဖို့ အချိန်မတန်သေးပါဘူးဟု ယူဆတာလား တမျိုးမျိုးတော့ဖြစ်လိမ့်မည်။ ညီညီ့အတွက်တော့ ကြားလိုက်ရတာ ရင်ထဲ အောင့်သွားသည်။

အထိနာခံပြင်းပြီးဒေါသနှင့် ကြေကွဲမိသည်။

ကိုကိုက ကိုကို့ဆရာ ရှေ့နေကြီး ဦးတင့်ဆွေ၏ သမီးနှင့်ဘယ်လိုပတ်သက်နေပါလိမ့်။

ကိုကို့နှုတ်ဖျားက ထိုအကြောင်းအရာကို တစွန်းတစတစ်ခွန်းတစ်ခုတောင် မပြောခဲ့ဘူးပါ ဘာကြောင့်များပါလိမ့်။

" ကဲ ကဲ မြန်မြန်သွား ဖုန်းကျသွားအုံးမယ် ကိုကို့ကို" ညီညီက လှမ်းအကြည့် ညီညီ့ကို ကိုကိုက ပြန်အကြည့်



www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးချင်းဆုံမိခိုက် ခဏမှာပဲ ကြီးတော်ညိုက မြန်မြန်သွားဖို့ လောလိုက်၏။

ကိုကိုက ဟုတ်ကဲ့ ဆိုပြီး ချာကနဲထွက်သွားသည်။ ကြီးတော်ညိုကလည်း . . .

" မနက်မှ လာခဲ့အုံး ကြီးတော်မနက်ဖန် အုန်းနို့ခေါက်ဆွဲချက်မယ် မောင်ညီညီ" ဟု ပြောပြီး ထွက်သွားတော့သည်။

တစ်ယောက်တည်း မဲလှုပ်မယှက်ရပ်ကျန်ရစ်ခဲ့သူက ညီညီ။ ခြေလှမ်းတွေက ရွှေ့မရအောင်လေးနေသည် လက်ထဲမှာ ဗွီစီဒီခွေကို ကိုင်ထားပြီး ငူငူကြီးရပ်နေမိ၏။

လုံးဝမျှော်လင့်မထားသော အကြောင်းအရာတစ်ခုကို ဖြုန်းစားကြီးကြားလိုက်ရသောအခါ ထိတ်လန့်တုန်လှုပ်မှုက လူကို ကြီးစိုးသွား၏။





ကိုကိုက တခွန်းမှ မဟခဲ့ဘူးသော ကိစ္စ

ရှင်းရှင်းပြောရလျှင် ကိုကို့ဆရာရင်း ရှေ့နေဦးတင့်ဆွေ၏ သမီးကို အမည်ပင်မသိပါ။

ကိုကိုရယ် . . . သိုသိပ်မထားလွန်းဘူးလား

ညီညီက အံတချက်ကြိတ်ကာ တင်းကြပ်နေသော စိတ်တွေကို လျှော့ချမိသည်။

ညီညီ့ကို ကိုကို သိပ်ချစ်ရှာတာဟု တချိန်လုံး ယုံကြည်ထားခဲ့တာ။

ညီ မသိသော ဝှက်ဖဲတစ်ချပ် ကိုကို့မှာရှိနေလိမ့်မည်ဟု အိပ်မက်ပင် မမက်ဘူးခဲ့ပါ။

ဘာလို့ အသိမပေးခဲ့တာလဲ မတိုင်ပင်ခဲ့တာလဲ။ ငါအကြီးပါ ငါသဘောပါ ညီ့ကို အရာသွင်းပြီးတိုင်ပင် ပြောပြစရာ မလိုဖူးဟု ဆုံးဖြတ်ခဲ့တာလား။



www.burmeseclassic.com

www.burmeseclassic.com



ညီ့ အရမ်း ဝမ်းနည်းသည်။

ယောက်ျားတန်နဲ့ အော်ငိုပစ်ချင်လောက်အောင် ခံစားရပါသည် ဖြေလို့မရ။ ခံနိုင်ရည်မရှိ။

ညီညီဟာ ပျော့ညံ့သူက တစ်ယောက်မဟုတ်ပါ။ သို့ပေမယ့် ညီ့ရင်ထဲမှာ လှိုက်ဟာကြေကွဲပြီး အရမ်း ခံစားရသည်။ စူးအောင့်နေအောင် နာကျင်ရပါသည် ။

ကိုကို့အပေါ် ညီညီ့မှာ ဘာလျှို့ဝှက်ချက်မှမရှိ။ ပွင့်ပွင့်လင်းလင်းပါပဲ။

ညီညီ့အပေါ် ကိုကိုချစ်သလောက် ညီညီက ကိုကို့အပေါ် ပြန်မချစ်ဘူးလို့ အားလုံးက ထင်ကြေးပေးကြပေမယ့် တကယ်တန်းကျတော့ ကိုကိုမသိအောင် ညီဘာမှ မလုပ်ခဲ့ပါ။ ဘာမဆို ဖွင့်ပြောအသိပေးတိုင်ပင်ခဲ့တာပါပဲ။

ကိုကိုကသာအဲ့ဒီလိုလုပ်ရက်ခဲ့တာ။





" ကလေးမလေးက ငိုသံပါနဲ့"

" မင်း ယောက္ခမလောင်းကြီးအခြေအနေတော်တော် စိုးရိမ်နေရသလားမသိဘူး "

ကြီးတော်ညို့ရဲ့ စကားတွေကို သူပြန်ကြားလေ အဲ့ဒီ အခြေအနေမျိုးတွေဘယ်တုန်းကတည်းက ရောက်နေခဲ့တာ ပါလိမ့်။

ကောင်မလေးက ကိုကို့စီ ဖုန်းဆက်ပြီးအားကိုးဖို့ ကိုကိုက ဘယ်လိုယုံကြည်မှုတွေ ပေးခဲ့ပါလိမ့်။ ညီညီက နေးသော ခြေလှမ်းများနှင့် လျှောက်သွားပြီး ခုံမှာထိုင်ချသည်။ လက်ထဲကိုင်ထားသော ခွေကိုနံရံစီ ပစ်ပေါက်မိ၏။

စိတ်ထဲမှာ တစ်မျိုးကြီးပါပဲ။

ဘယ်လိုမှ ထိန်းချုပ်ဟန်ဆောင်လို့မရ။

ကိုကိုက ချက်ချင်းပဲပြန်ရောက်လာသည်။ မောကြီး ပန်းကြီး စိုးရိမ်တကြီး။ ညီညီက ကိုကို့ကို မမှိတ်မသုန် စိုက်ကြည့်ကာ နေမိ၏။



www.burmeseclassic.com

www.burmeseclassic.com



" ညီညီ . . . ကိုကိုဆေးရုံခဏသွားရမယ်။ တံခါး သေချာပိတ်အိပ်ကွာ ကိုကို့ကို မစောင့်နဲ့ ကြာချင်ကြာမယ်"

ညီညီက ယူစရာရှိတာယူရင်း ပါးစပ်က ဆက်တိုက် ပြောနေသော ကိုကို့ကို သည်းမခံနိုင်တော့ဘဲ

" ကိုကို" ဟု အသံပြတ်နှင့် ခေါ်မိသည်။

ကိုကိုက ညီညီ့မျက်လုံး စူးရဲရဲတွေကို တစ်ချက်ကြည့်ကာ။

" ပြန်လာမယ် ကိုကို သေသေချာချာရှင်းပြမယ်ကွာ အခုအရမ်းအရေးကြီးနေလို့ပါ" ဟု လေသံတိုးတိုးနှင့် တောင်းပန်၏။

ညီညီလုံးဝမကျေနပ်ဘူးဆိုတာ ကိုကို ကျိန်းသေ သိကိုသိမှာပါ။ ညီအစ်ကိုအချင်းချင်းပဲ။ သည်လောက်တော့ သဘောပေါက်ပါသည်။





ကိုကိုက ကမန်းကတန်း တံခါးစေ့ကာ ဆင်းသွား၏။ ညီညီက အရေးကြီးသုတ်ပျာ ကိုကို့ပုံစံကြောင့် ဘာမှ ထပ်မမေးလိုက်ရပါ။

ညီညီ လုံးဝ မထင်ထားက အိမ်နေရင်းတီရှပ် ကလေးနှင့် အိပ်နေရင်း ပုဆိုးဟောင်းနွမ်းနွမ်းပင်မလဲအားဘဲ ညကပြန်လာပြီး ချွတ်ထားသောရှေ့နေတိုက်ပုံအမဲကလေးကို ဆွဲယူကာ ကမန်းကတန်းဆင်းသွားသော ကိုကို့ကို လူ့ဘဝနှင့် နောက်ဆုံး မြင်လိုက်ရခြင်းပါလား ဆိုတာကို

တစ်ခါတလေတော့လည်း မထင်မှတ်တာတွေက ဆက်တိုက်ဖြစ်တတ်သည် မဟုတ်လား။

✧ ✧ ✧ ✧ ✧



www.burmeseclassic.com

www.burmeseclassic.com

" မောင်မျိုးလှိုင်း . . . မင်းခေါင်းညိတ်ပါကွာ ဆရာ စိတ်အေးအောင် မင်းလက်ခံပေးပါ"

ဦးတင့်ဆွေက အားကိုးတကြီး သူ့လက်ကိုဖမ်းဆုပ်ကာ အထပ်အခါခါတောင်းဆို၏။

သူ မငြင်းရက်ပါ။ မငြင်းချင်ပါ။ သက်ထားမှို၏ မျက်လုံးကလေးများကြောင့် ငြင်းလည်းမငြင်းချင်။



www.burmeseclassic.com

www.burmeseclassic.com



ချက်ချင်း လက်ငင်းကြီး ခုလို ဖြစ်လာလိမ့်မည် မထင်ခဲ့ပါ။ ဒါကြောင့်လည်း ညို့ကို ဘာမှမပြောရသေးပါ။ ညီ ထိုကိစ္စကို လုံးဝမသိပါ။

" ဘာဖြစ်လို့လဲ . . . မင်း . . . ဆရာ့ သမီးကို သဘောမကျလို့လား ဒါမှမဟုတ် မင်းမှာ ချစ်သူရှိနေလို့လား"

ဟိုးကတည်းက မေးဖူးခဲ့သော မေးခွန်းကိုဘဲ ပြန်မေးလာ၏။ သူခေါင်းရမ်းမိသည်။

" မဟုတ်ပါဘူး ဆရာ"

" ဒါဆို ဘာကြောင့်လဲ"

ဆရာ မေးလာတော့လည်း ဖြေရခက်သည် ညီနှင့် မတိုင်ပင်ဘဲ မဆုံးဖြတ်နိုင်။ သူ့သဘောနှင့်သူ လုပ်လိုက်လျှင် ညီအရမ်း စိတ်ထိခိုက်လိမ့်မည်။ သူ့အပေါ် ယုံကြည်မှု ရှိသေလေးစားမှု လျော့သွားမည်။ စိတ်နာသွားလိမ့်မည်။ ဒါတွေကို သူသိနားလည်နေသည်။ ပြီးတော့ သက်ထားမှီ။





သက်ထားမှီနှင့်သူက သူစိမ်းသက်သက် ဘယ်လို လုပ်ပြီး ချက်ချင်းခေါင်းညိမ့်လက်ထပ်ရမှာ သူ့မှာ အခက်အခဲ ရှိသည်။

နောက်တစ်ခုက သည်လပိုင်း သည်ရက်ပိုင်း ကောက်ကာငင်ကာ ကြိုတင်ပြင်ဆင်မထားဘဲလက်ထပ်လိုက်ဖို့ သူလုံးဝ စိတ်မကူး မရည်ရွယ် လက်ထပ်ခြင်းဆိုတာ ကလေး ကစားတာမဟုတ် တစ်ဘဝလုံးအတွက် အရေးပါသော ကိစ္စတစ်ခု။ ရုံးခန်းတစ်ခုတည်းမှာ နေ့စဉ်အလုပ်အတူတူ လုပ်ခဲ့ပါသော ဆရာအရင်း၊ အဖေတစ်ဦးလိုလည်း ဖြစ်ခဲ့ ပါသည်။ ဆရာဦးတင့်ဆွေက သူ့အတွက် အစစအရာရာ သွန်သင်ညွှန်ပြပြီး မေတ္တာတရားနှင့် စေတနာထားခဲ့သူပါ။

နေ့ထိုင်မကောင်းစဖြစ်ကတည်းက ထိုကိစ္စကို သူ့ကို အလေးအနက်ပြောထား ခဲ့ပေမယ့် သူကအဖြေ မပေး



www.burmeseclassic.com

www.burmeseclassic.com



ခဲ့သေးပါ။ သည်လောက်အလောတကြီး ရှေ့တက် လာမည့် ပြဿနာတစ်ခုဟု မထင်ခဲ့ပါ။ လောလောလတ်လတ် ရင်ဆိုင်ရမည့် ကိစ္စဟု မတွေးခဲ့မိတာကြောင့် ညီ့ကိုပင် အသိမပေးခဲ့သေးပါ။ ညီတော့ သူ့ကို ကျကျနန အထင်လွဲပြီး မကျေမနပ်ကြည့်နေလိုက်ပုံက သူပင် လန့်သွားမိသည်အထိ။ ဘယ်လိုဘယ်လို စပြီး ရှင်းပြရမှန်းပင် မသိတော့။ ဆေးရုံက အရေးတကြီးခေါ်တော့ ဆရာဘာဖြစ်လို့ များလဲဟု စိတ်ပူပြီး လိုက်လာမိတာ။

သည်ရောက်တော့ ဆရာဦးတင့်ဆွေက သူ့ကို မြင်တာနှင့် . . . အားကိုးတကြီး ယုံကြည်စိတ်ချစွာ

" သမီးလေးကို မင်းအခုပဲ လက်ထပ်ပြီး ခေါ်သွားတော့" တဲ့ သူဝန်းကနဲ ရင်ထဲ ခုန်လှုပ်အံ့ဩမိသည်။ သူ့ကိုသူ သည်နေ့ မိန်းမရတော့မည်ဟု လုံးဝမထင်။ မိန်းမယူဖို့ စိတ်ကူးလည်းလုံးဝမရှိ။





ဘာတွေ ဘယ်လိုဖြစ်ကုန်ပါလိမ့်။

" သမီးလေးနဲ့ အဖော်လာနေပေးတဲ့ ကောင်မလေးက သူ့အမေ နေမကောင်းလို့ ခဏပြန်သွားတစ်ခန်းကျော်က မွေးက သမီးလေးကိုမွေးပြီး လာရစ်လို့ သမီးက ဆေးရုံမှာ အိပ်မယ်ဆိုပြီး ထွက်လာတာတဲ့ကွာ။ ဟိုသူငယ်က အစကတည်းက သမီးကိုရှိသဲ့သဲ့ ညဆို သီချင်းတွေ အော်အော်ဆိုနေတာ မရှက်မကြောက်ကွာ။ သမီးကို ဒီမှာလည်း မထားချင်ဘူး။ မင်း ခေါ်သွားတော့။ မနက်ဖန် လက်မှတ်ထိုးကြဖို့ စီစဉ်ပေါ့ကွာ" ဟု စကားကုန်ဆိုလာတော့ သူမှာ ဘာမှပြန်မပြောနိုင်။ မယုံနိုင်စွာနှင့် နှုတ်ဆိတ်ကာ နေမိသည်။

" မင်းက ဘာတွေ စဉ်းစားနေတာလဲ"

ဆရာ ဦးတင့်ဆွေကို ပြန်ဖြေရခက်သည်။ ပြီးတော့



www.burmeseclassic.com

www.burmeseclassic.com



သက်ထားမှိုက အနားမှာရှိနေသည်။ ပြောမထွက်ပါ။ သူစွဲ့အနေမိသည်။ ဘယ်လိုလုပ်ပြီးငြင်းရမှာ သက်ထားမှို ပုံစံလေးကို သူက နှစ်သက်သဘောကျပြီး တိတ်တိတ်ကလေး ကြိုက်နေခဲ့တာလည်းအမှန်ပါ။ သူ မညာချင်ပါ။ ဆရာ့သမီးမှို ရဲရဲတင်းတင်းလည်းမပိုးပန်းဝံ့ပါ။ သူရှိန်သည် တန်းသည်

" မောင်မျိုးလင်း "

" ဗျာ "

" မင်း ဗျာ ဗျာ လုပ်မနေနဲ့ ဘာဖြစ်နေတာလဲ ဘွင်းဘွင်းပြောကွာ ငါစိတ်မရှည်ချင်တော့ဘူး"

သက်ထားမှိုက နေရခက်စွာနှင့် ခါတ်ဗူးဆွဲယူပြီး ထွက်သွား၏ သူသက်ပြင်းချမိသည်။

" မင်းမှာက မိဘတွေ မရှိတော့ဘူး ငါ့သမီးမှာက ငါပဲ ရှိတော့တာ။ ငါက သဘောတူလို့ ပေးစားတာပဲကွာ မင်းက ဘာလို့ ဈေးတက်နေရတာလဲ"





" ဟာ မဟုတ်ပါဘူး ဆရာ"

" ဆရာ့စကားကြီးက သူ့ကိုနေကြပ်စေသည်။ မျက်နှာပူမိသည်။ ဆရာထင်နေသလိုမဟုတ်ပါ။ သူ့အိုက်တင်ခံ ဘဝင်မြင့်နေတာ မဟုတ်။

ပထမဦးဆုံး စဉ်းစားတာက ညီညီ့အတွက်

ဒုတိယစဉ်းစားမိတာက သက်ထားမှိုအတွက်

ဘာပဲဖြစ်ဖြစ် သူ့လိပ်ပြာသန့်ပါသည်။

" ကျွန်တော် ညီလေးကို ဖွင့်မပြောရသေးဘူး ဆရာ သူ့ကို ကျွန်တော်အသိမပေးရသေးဘူး"

" ဩော် ဒါများကွာ သူကအငယ်ပဲ အိမ်ရောက်တော့ ရှင်းပြလိုက်ပေါ့ ဘာဖြစ်လဲ

" ကျွန်တော်က အကြီးဆိုပြီး ကျွန်တော့်သဘောနဲ့ ကျွန်တော် လုပ်တော့ တရားပါ့မလား ဆရာရယ်"



www.burmeseclassic.com

www.burmeseclassic.com



သူက ဆရာနားလည်အောင် သူ့အပေါ်အပြစ် မတိမ်းစောင်းအောင် ရှင်းပြမိသည်။

" မင်း ညီလေးအတွက် ဘာများထိခိုက်လို့လဲကွာ သူ့အတွက် အမတစ်ယောက်တိုးတာပေါ့"

" ညီညီကျွန်တော့်အပေါ် စိတ်ခုသွားမှာ တွေးမိလို့ပါ။ ကျွန်တော် ငြင်းတာမဟုတ်ပါဘူး ပြီးတော့ ထားမို ထားမိုနဲ့ ကျွန်တော်က"

သူပြောရခက်နေမိသည်။

" ပြောလေ . . . ဘာဖြစ်လဲ"

" ကျွန်တော်နဲ့ ထားမိုက စကားတောင် ကြာကြာ မပြောဘူးပဲ လက်ထပ်လိုက်လို့ ဖြစ်ပါ့မလား။ ဆရာ ထားမိုသဘောလည်း မေးသင့်ပါတယ်။ ကျွန်တော့်ကို သူလက်ထပ်ချင်ရဲ့လား ဆိုတာ"





ဆရာဦးတင့်ဆွေက အနည်းငယ်ပြုံးသွားပြီ။

" ငါက အဖေ အဖေစီစဉ်တာ နာခံရမှာပေါ့"

ဟုဆိုလာသောအခါ သူပိုပြီး တွေဝေသွားရသည်။

သက်ထားမို၏ ဆန္ဒမပါပဲ ဖွတ်မစီစဉ်သက့်ပါ။

" မောင်မျိုးလင်းရာ မင်းတော်တော် ခက်တယ် ငါ့သမီးရဲ့ သဘောထားကို ငါမမေးမြန်းပဲ စီစဉ်မလားကွ မင်းနှယ် ပြောရကြပ်တယ်ကွာ"

ဆရာက အပွင့်လင်းဆုံးပြောမှပဲသူသဘောပေါက် နားလည်တော့သည်။

" မင်း ထပ်ပြီး အထွန့်မတက်နဲ့တော့ ခေါ်သွားဆို ခေါ်သွားလိုက်ပေါ့ကွာ"

သူ့ရင်ထဲမှာ ဝမ်းသာလုံးဆို့သွား၏



www.burmeseclassic.com

www.burmeseclassic.com



" ကျွန်တော်က ထားမှီကို နှစ်သက်မြတ်နိုးနေခဲ့တာ ကြာပါပြီ။ ကျွန်တော်သူ့ကို တစ်သက်လုံး သစ္စာရှိရှိချစ်မြတ်နိုးသွားမှာပါ"

သူကတိစကားကြောင့် ဆရာ ဦးတင့်ဆွေပြုံး၏။ ဆရာ့အပြုံးက စိတ်အေးသောအပြုံး ပီတိ။

" ကျေးဇူးတင်ပါတယ်ကွာ"

ဆရာက စိတ်ချလက်ချနှင့် တစ်ဖက်လှည့်သွား၏။ သူက ထားမှီပြန်အလာကို ရင်ခုန်မြန်စွာ စောင့်နေမိသည်။ ထားမှီ အခန်းထဲဝင်လာတော့ သူစူးစိုက်ကြည့်နေမိ၏။

သူ့ကိုမကြည့်ဘဲ မျက်လွှာချကာ ခါတ်ဗူးကို ကုတင်ဘေးက စားပွဲပေါ် တင်သည်။ အပြင်ခဏထွက်သွားသော နာ(စ်)မလေးလည်း ပြန်ရောက်လာ၏။

" ဆရာ ကျွန်တော်တို့ ပြန်အုံးမယ်"





" အေး အေး . . . သမီး လိမ်လိမ်မာမာနေနော် ကြားလား" ဟု ဦးတင့်ဆွေက မျက်လုံးဖွင့် ပြီးမှာ၏။ သက်ထားမှီက သူ့အဖေကို မျက်ရည်လေးရစ်ဝိုင်းစွာ ကြည့်သည်။

သူနှင့်ထားမှီ ဆရာ့ကို ကန်တော့ကြသည်။ ဆရာက ဆုပေးသည်။

ဆေးရုံက ထွက်ခဲ့ကြပြီး တက်စီနှင့်ပြန်ခဲ့၏။ ထားမှီလက်ထဲက အဝတ်အစားအိတ်ကို သူက ဆွဲပေးသည်။ ထားမှီက စကား တစ်ခွန်းမှမဆို။

" ထားမှီ "

ရင်ထဲက သက်ဝင် မြတ်နိုးနေမိပေမယ့် အပြင်မှာ တစ်ခါမှ မခေါ်မိသောနာမည်လေးကို ပထမဦးဆုံးအကြိမ် ခေါ်မိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ထားမှီ ကျေနပ်ပါတယ်နော်”

သူ့အရဲ့ စွန့်ကာမေးဖြစ်၏

သက်ထားမှီက နက်ရှုန်း တောက်ပသော မျက်လုံးကလေးတစ်စုံနှင့် သူ့ကို စေ့စေ့ကြည့်လာ၏

“ ဖေဖေက ဇွတ်ထည့်နေလို့ခေါ်လာရတာ မဟုတ်လား”

အောင့်အီးမျိုသိပ်ထားသည့်ကြားမှ ရှုန်းထွက်လာသော အလိုမကျသံကလေး

“ မဟုတ်ပါဘူး . . . ကိုယ်ကခေါ် ချင်နေတာကြာပါပြီ။ ထားမှီကို ကိုယ်မြတ်နိုးနေမိတာ ထားမှီလည်းသိမှာပါ။ အဲဒါကြောင့် ဆရာ့စကားကို ခေါင်းညှိမ့်ခဲ့တာမဟုတ်လား”

သက်ထားမှီစီက အသံတိတ်သွား၏။ မကျေနပ်စကားမဆိုတော့ဘဲ မျက်လွှာလေးချကာ နေ၏။ သူက ထားမှီ၏





လက်ဖျားလေးကို ဖျတ်ကနဲ ဆွဲယူကာ တင်းတင်း ဆုပ်ထားမိသည်။

သက်ထားမှီက လန့်ဖျန့်ပြီး ဆတ်ကနဲ ရုန်း၏နောက်မှပင့်သက်ကလေး ရှိုက်ကာ မရုန်းတော့ပေ။

သူ့ရင်ထဲမှာ နွေးလှိုက်စွာလှုပ်ရှားတုန်ရီလာ၏။ ထိုအခိုက်အတန့်ကလေးမှာတော့ ညီညီ့ကို သူမေ့နေမိတာဝန်ခံပါသည်။ ညီညီနှင့် ရင်ဆိုင်ရမှာကိုလည်း ခဏ မေ့လျော့သွားသည်။

သက်ထားမှီက သူ့ဘဝကို မှော်ဆရာမလေးလို သိမ်းပိုက်ဖမ်းစားထား၏။ အချစ်၏ ချိုမြိန်မှုကို သူခံစားမိသည်။ ထိုချိုမြိန်မှုကို သူကျေကျေနပ်နပ် ခံယူမိသည်။

သူ့ဘဝသည် အင်မတန်အေးစက်ခြောက်သွေ့သည်ကို လှုပန်းညှံ့သော သာယာမှုတစ်မျိုးကို သူတစ်ခါမှ မခံစားခဲ့ရပါ။



www.burmeseclassic.com

www.burmeseclassic.com



ညီညီ့အတွက် အကိုကြီးအဖရာ . . . ဖြစ်အောင် ဆင်ခြင်နေထိုင်ရင်း သူ့ကမ္ဘာလေးက ကျဉ်းမြောင်းသထက် ကျဉ်းမြောင်းခဲ့ရတာအမှန်ပါ။

စီးကရက် ဆိုတစ်ခါမှ မသောက်ဘူးခဲ့ပါ။

သူစီးကရက်ဖွာတာ ညီညီမြင်လျှင် ညီညီပါ စီးကရက်လိုက်ဖွာမှာ သူစိတ်ပူသည် ။ ကွမ်းလည်းတစ်ခါမှ မစားဘူးခဲ့ပါ။ ညီညီ ကွမ်းစားတတ်မှာစိုးရိမ်လို့ပါပဲ။

ကာရာအိုကေလည်းမသွား။ ရည်းစားလည်းမထား လက်ဘက်ရည်ဆိုင်ပင် မထိုင်ဖြစ်ခဲ့။

ညီ့ရှေ့မှာ စံပြဖြစ်အောင် ကြိုးစားခဲ့ပါသည်။ ဒါတောင် ညီညီက လက်ဘက်ရည်ဆိုင်ထိုင်တတ်ကျင့်ရှိခဲ့ပြီ။ သူ့ဘဝကို ညီညီ့အတွက် ပေးဆပ်ခဲ့တာကလည်း အသက်ကွာသော ညီလေးကို သနားလို့ပါ။





" ထားမို"

" ရှင် "

" ထားမိုကို ကိုယ်တစ်ခုပဲ တောင်းဆိုချင်တယ်"

သက်ထားမိုက သူ့ကိုမော့်ကြည့်ကာ နားထောင်နေ၏။

" ကိုယ့် ညီလေးကို မောင်လေးအရင်းတစ်ယောက်လို သဘောထားပြီး ဂရုစိုက်ပါ။ ညှာတာပါ ဖွေမယူပါနဲ့. ကိုယ်တို့က ညီအစ်ကို နှစ်ယောက်တည်းရှိတာ။ ညီလေးက မိဘတွေဆုံးတာတောင် ကောင်းကောင်းမမှတ်မိဘူး။ သူ့ကိုကိုယ်ကပဲ အစစအရာရာ သွန်သင်ဦးဆောင်ခဲ့ရတာ။ ညီ့ကို မောင်အငယ်ဆုံးလေးလို ချစ်ပါ။ ခင်ပါကွာ ကိုယ် ထားမိုစီက အဲ့ဒီတစ်ခုပဲ လေးလေးနက်နက် တောင်းဆိုချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com

"အင်း စိတ်ချပါ။ ထားမှီကတိပေးပါတယ် ကိုညီလေးကို မောင်အရင်းခေါက်ခေါက်လို သဘောထားပါ့မယ် "

"ကျေးဇူးတင်ပါတယ် ထားမှီရယ်"

သူ စိတ်အေးသွားသည်။ သက်ထားမှီက အလွယ်တကူခေါင်းညိမ့်ကတိပေး၏။ အရေးကြီးတာ ညီညီ့ဘက်က ပြေပြေလည်လည် ဆက်ဆံဖို့တစ်ခုပါဘဲ။

ညီညီက သူ့မတိုင်ပင်ဘဲ ဆုံးဖြတ်ခဲ့တာကို စိတ်ထဲဘဝင်မကျဖြစ်မှာတော့ သေချာနေသည်။

သည်တစ်ခါတော့ ကိုကို့နားလည်းပေးပါလား ညီညီ သက်ထားမှီကို ကိုကို ပိုင်ဆိုင်ချင်လို့ပါ။

✧ ✧ ✧ ✧ ✧



ညီညီက သူ့ကိုကျော်ပြီး သူ့နောက်မှရှိ့ရှိ့လေး ရပ်နေသော သက်ထားမှီကို စူးစိုက်ကြည့်၏။

" ဆောရီးပဲ ညီညီ။ ကိုကို ကိုယ့်သဘောကိုယ် ဆုံးဖြတ်ခဲ့ရတယ်။ ညီညီ့ကို တိုင်ပင်ချိန်မရဘူး ဖြစ်သွားတယ်။ ဒါ . . ကိုကို့ ဇနီး မသက်ထားမှီတဲ့ ထားမှီ ဒါ ကိုယ့်ညီ မြူးမင်းဦး"


www.burmeseclassic.com

www.burmeseclassic.com



ညီညီက ကြားလိုက်ရသော စကားတွေကို အံ့အားသင့်လျှက် မယုံနိုင်စွာရှိရင်း ကိုကိုနှင့် အဝေးကြီးဝေးသွားသလို ခံစားရသည်။

ချက်ချင်းဆုံးဖြတ်ကာ တစ်ခါတည်းပါလာလိမ့်မည်ဟု လုံးဝမျှော်လင့်မထား သူ့ကို အခြေအနေမှန်တစ်ခုကို ဖွင့်ဟအသိ မပေးရလောက်အောင်လားဟု စိတ်ဆိုးပြီး ကိုကို ပြန်အလာကို စောင့်နေမိတာ

ခုတော့ . . .

ညီညီ မျက်နှာပျက်သွား၏။ သက်ထားမှီဆိုသော မိန်းမကို အပြုံးနှင့် ဖော်ရွေစွာ မကြိုဆိုမိပါ။

ခပ်တင်းတင်း ကြည့်ကာ မျက်နှာလွှဲမိသည်။ ပြုံးရာကနေ မဲ့တဲ့တဲ့ ဖြစ်သွားသော သူမကို မြင်မြင်ချင်းမှာပဲ ညီညီကတော့ ကြည့်မရဖြစ်မိသည်။





“ ညီညီ . . . နောက်ပြီးရင် ကိုကိုအားလုံးရှင်းပြပါမယ်။ ညီညီ ကိုကို့ကို နားလည်လာမှာပါ။ မထားမှီကို အချိန်ကစပြီး ကိုယ့်အစ်မရင်းတစ်ယောက်လိုလေးစား ချစ်ခင်ဂရုစိုက်ပေးပါ။ ကိုကိုတို့ မောင်နှမသုံးယောက်ရှိတယ်လို့ သဘောထားပေးပါကွာ။

ကိုကို့တောင်းပန်စကားက ညီညီ့ကို တွေဝေစေပါသည်။ မာကျောနေသော စိတ်တွေ နည်းနည်းပြေလျှော့သွားသလိုပါ။ မပြောမဆို ချက်ချင်းလက်ငင်းကြီး ကောက်ကာငင်ကာ လက်ထပ်လိုက်မည်ဟု တစ်စက်ကလေးမှ ထင်မထားခဲ့ပါ။ ရင်ဆိုင်ကြုံတွေ့နေရသော အဖြစ်အပျက်ကို အံ့သြတုန်လှုပ်မိတာအမှန်။

ဟူး ကိုကို ဘယ်လိုလုပ်ချလိုက်ပါလိမ့်။

“ လာ ထားမှီ ညဉ့်နက်လှပြီ အနားယူတော့ ဘာမှ ခေါင်းထဲတွေးမနေဘဲ အိပ်ပျော်အောင် အိပ်လိုက်ပါ ”



www.burmeseclassic.com

www.burmeseclassic.com

ကိုကိုက သက်ထားမှီကို သူ့အခန်းရှိရာခေါ် သွား၏ ညီညီလည်း စိတ်လျှော့ကာ အခန်းထဲဝင်လာခဲ့ပါသည်။ သည်အခြေ အနေရောက်မှတော့ ဘာမှမတတ်နိုင် ကိုကိုက အိမ်ပေါ် ခေါ်တင်လာခဲ့ပြီးမှ ညီညီက ကန့်ကွက်လို့ရမှာ တဲ့လား။ ခဏကြာတော့ သူ့အခန်းဘက် ကိုကိုရောက်လာ၏။ လက်ထဲမှာ ခေါင်းအုံးတစ်လုံးနှင့်

" ညီညီ ကိုကို ဒီည ဒီမှာအိပ်မယ်"

ညီညီက ကိုကို့ကို သေသေချာချာကြည့်၏။

" ဘာဖြစ်လို့လဲ ကိုကို"

" ငါတို့ မနက်ဖန်မှ လက်မှတ်ထိုးလက်ထပ်ကြမှာ အဲဒါကြောင့်ပေါ့"

" ဟာ . . . ဘာဆိုင်လဲ မလိုပါဘူး ကိုကိုရာ ကိုကိုက ညီ့ကိုအဖြစ်စုံ အကြောင်းစုံ ရှင်းပြ၏။





" ကိုကိုက အကြီးပဲ။ ကျွန်တော်က အငယ်ရပါတယ်။ ကိုကိုယူရမှာ ကိုကိုကျေနပ်ဖို့ပဲလိုတာ"

သူက ကြေကွဲစကားဆိုသည်။

" အဲ့ဒီလို အထင်မလွဲပါနဲ့ ငါအကြီးဆိုပြီး လုပ်တာ မဟုတ်ပါဘူး။"

ကိုကိုက သူ့ကို ချော့ချော့မော့မော့ တောင်းတောင်း ပန်ပန် သူက အင်းမလုပ် အဲမလုပ်နှင့် စိတ်ဆိုးမပြေနိုင် ကိုကိုခေါ် လာသော မိန်းမကိုလည်း စိတ်ထဲက လက်မခံ ချင်အောင်ဖြစ်နေမိ၏။

ဆရာဦးတင့်ဆွေကလည်း ဆရာဆိုပြီး အမိန့် ပေးခိုင်းသည်။ ကိုကိုကလည်း ငါအကြီးဆိုပြီး တစ်ထိုင်တည်း ဆုံးဖြတ်သည်။

ညီညီက သူတို့အတွက် အရေးမပါ။ ညီညီ့ကို ထည့်မပင် မတွက်။ ညီညီ ဝမ်းနည်းမိ၏။


www.burmeseclassic.com

www.burmeseclassic.com

ညီညီ့အတွက် ကိုကိုကအရမ်းအရေးကြီးသည်

ဘာမဆို ကိုကို့ကို တိုင်ပင်ပြီးမှ ဆုံးဖြတ်ခဲ့သည်။

သေးသေးဖွဲ့ဖွဲ့ပင် တိုင်ပင်အသိပေးခဲ့သည်

ကိုကို့အလှည့်ကျတော့

သူဖြေတွေးလို့ကိုမရ

ဖွင့်ဟအသိပေးခဲ့ဖို့တော့ ကောင်းပါတယ်ဗျာ။

ဒါကိုပဲ ထပ်တလဲလဲ ကြေကွဲနေမိသည်။

" ဘာလဲ ကိုကို ညီညီ အခန်းမှာလာအိပ်တာ မကြိုက်ဘူးလား မျက်နှာကြီးက သုန်မှုန်နေတာပဲ"

ကိုကိုက သူ့ကိုရယ်သံနှင့်စ၏

သူကလည်း စိတ်ဆိုးချင်လို့ ဆိုးနေတာမဟုတ်ပါ အကြီးအကျယ် စိတ်ထိခိုက်ကြေကွဲနေမိတာ။

" ကိုကို "





" ဟင် "

" သူက ကိုကို့ကို ညီနဲ့ လာအိပ်ခိုင်းလို့လား "

" ဟာ မဟုတ်ပါဘူး ကိုကိုက သူ့ကို အားနာလို့ပါ။ သူ့အပေါ် တန်ဖိုးမထားသလိုဖြစ်မှာ . . . "

" ကိုကိုရာ . . ဘာကြီးမှန်းလည်းမသိဘူး ကိုကို့ သဘောနဲ့ ကိုကိုအဲ့ဒီလိုလုပ်တော့ သူဘယ်စိတ်ကောင်း ပါ့မလဲ။ အားငယ်သွားမှာပေါ့။ ကိုကို သူ့အနားမှာပဲရှိသင့်တာ။ ကိုကိုက အူကြောင်ကြောင်နဲ့ သူ့ဘက်က မိန်းကလေးဖြစ်ပြီး ဘာမှမပြောတာ ကိုကိုက ယောကျ်ားလေးဖြစ်ပြီး"

ညီညီက ချက်ကျလက်ကျပြောသည်။

ကိုကိုက မျက်နှာပျက်သွား၏။

" ကိုကိုက အဲ့ဒီသဘောမဟုတ်ပါဘူး"

" ကိုကိုရာ . . . နေရာတကာ သိပ်လူကြီးဆန် လွန်းတယ်"


www.burmeseclassic.com

 www.burmeseclassic.com

ကိုကိုက သူ့ဆုံးဖြတ်ချက်အတွက် ဇဝေဇဝါနှင့် သက်ထားမိမှုကို အားတုံ့ အားနာဖြစ်သွား၏ ။

ညီညီတွေးသလို ထားမိတွေးတော ယူဆရင်ဖြင့် သူခုမှ စိတ်ပူသည်။ ညီညီအခန်းထဲကနေ သုတ်ကနဲထလစ်လာခဲ့၏။

ထားမိရယ်

ကိုကိုက စေတနာ ပိုသွားမိတာပါ။

ထားမိကို ဝေဒနာဖြစ်စေခဲ့ရင် ကိုကိုစိတ်ကောင်းမှာ မဟုတ်ဘူး။

ညီညီ့ကိုတော့ စိတ်ထဲက ကျေးဇူးတင်သည်။ တစ်ခါတစ်လေကျတော့ ညီက သူ့ထက်သာသည်။ သူ့ထက်တော်သည်။ တကယ်ပါ။

✧ ✧ ✧ ✧ ✧



မျက်လုံးအစုံ ဖျတ်ကနဲ ပွင့်လာတော့ ခါတိုင်းလိုပဲ ငုတ်တုတ်ထထိုင်ကာ မျက်နှာသုတ်ပုဝါဆွဲယူပြီး အခန်းပြင်ထွက်လာခဲ့၏။ မျက်နှာသစ်ရေမိုးချိုးပြီး လက်ဘက်ရည်ဆိုင်သွားကာသူနှင့် ကိုကို့အတွက် အီကြာကွေးနှင့် လက်ဘက်ရည်ဝယ်ဖို့ပါ။ သူ့စိတ်ထဲမှာ မပြောင်းလဲသေးပါ။

www.burmeseclassic.com

www.burmeseclassic.com

သို့ပေမယ့် အခန်းပြင်ထွက်လာသောအခါ အသစ်စက်စက်မရှိးကို မီးဖိုချောင်မှာတွေ့ရသည်။

ထမင်းစားပွဲပေါ်မှာတော့ ထမင်းကြော် ကြက်ဥကြော် ကော်ဖီခါတ်ဗူးနှင့် အီကြာကွေးပါရောက်နေခဲ့ပြီ။

သွားတိုက်မျက်နှာသစ်ရင်း ထမင်းပေါင်းအိုးနှင့် ထမင်းတအိုး ကမန်းကတန်း တည်ခဲ့ရသောရက်ပေါင်း များစွာသည် ကုန်ဆုံးသွားခဲ့ပါပြီ။ အခြေအနေက မနေ့ တုန်းကနှင့် မတူတော့ပြီ။

ကိုကိုက မသက်ထားမှိဘေးမှာ,လိုအပ်သမျှကူညီပေး နေ၏။ ခါတိုင်းဆို " ကိုကိုရေ . . . ကိုကို ထတော့ဗျို့" ဟု သုံးလေးကြိမ်မက နှိုးရတာပါ။ သူ့ထက်အရင်ဘယ်တုန်းကမှ မနိုးခဲ့ဘူးပါ။

" ညီညီ နိုးပြီလား"





" ဟုတ်ကဲ့ ဂွတ်မောနင်း"

" ဂွတ်မောနင်း ညီညီ . . . ဒီမှာ အဆင်သင့်ပဲ ညီက ကော်ဖီမကြိုက်ဘူးလို့ မထားမှိကိုပြောပြနေတာ။ ညီ့ဖို့ လက်ဖက်ရည်တစ်ခွက်ပါ ဝယ်လာခဲ့တယ်။

ကိုကိုက ညီ့ရှေ့မှာ မထားမှိဟုခေါ်၏။ ညီပါခေါ်ဖို့ လမ်းခင်းပေးတာ။

" ဒီနေ့ ညီညီ အားတယ်မဟုတ်လား အလုပ်က ခွင့်ယူပြီး ပြန်လာခဲ့လေကွာ။ ကိုကိုနဲ့ မထားမှိ လက်မှတ်ထိုး လက်ထပ်မယ် မနက်ဖန်မင်္ဂလာဆွမ်းကျွေးမယ် "

" ဟုတ်ကဲ့ ပြန်လာခဲ့မယ် ကျွန်တော့်အတွက် လက်ဘက်ရည်တကူးတကမဝယ်ထားပါနဲ့။ အိမ်မှာ ကော်ဖီ ချော်ရင် ကော်ဖီပေါ့။ လမ်းရောက်မှ ကျွန်တော်ဆိုင်မှာ ဝင်သောက်မယ်။ ရပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



ကိုကို့ကိုကြည့်ရတာ ညီညီနှင့် ထားမှိအဆင်မပြေမှာ စိုးရိမ်နေပုံပါ။ သုံးဦးတည်းရှိသော မိသားစုမို့ နားလည်မှုရှိရှိ နွေးထွေးခင်မင်စွာနှင့် အပြန်အလှန်လေးစားချစ်ခင်ကြလို့ တစ်စည်းတစ်လုံးတည်း ဖြစ်စေချင်တာ ကိုကို့ဆန္ဒမှန်း ညီညီသိပါသည်။

ညီညီကလည်း နွေးထွေးပြေလည်ချင်ပါသည်။ သို့ပေမယ့် ကိုယ့်ကိုအရေးမထားဘဲ ဆုံးဖြတ်ခဲ့ကြသည့်အတွက် ကိုကို့ စိတ်ကြိုက် လိုလိုလားလားတော့လက်မခံနိုင်ဘဲ အင်တင်တင်နှင့် အေးစက်စက်ရှိနေတာအမှန်။ မထားမှိ အပေါ် ဟက်ဟက်ပက်ပက် မဆက်ဆံချင်။ လှိုက်လှုက်လှဲလှဲ မကြိုဆိုချင်။ ဘယ်လိုပဲ ကြည့်ကြည့်ညီညီ့မျက်နှာက ခပ်ပျက်ပျက်နှင့် ဘဝင်မကျတာကို ဖုံးဖိဟန်ဆောင်မရ။

သူတို့က ညီညီစိတ်ပြေအောင် ပျာပျာသလဲဂရုစိုက်ပြ



နေလည်း ညီက ရန်မလှုပ်တော့ပါ။ ထုံပေပေနှင့် စိတ်ထိခိုက်တာ ဟန်မဆောင်နိုင်။

သူတို့က တဖက် ညီညီကတစ်ဖက်သပ်သပ်စီဖြစ်သွားသလို ခံစားရသည်။ ကိုကို လက်ထပ်လိုက်ခြင်းသည် ညီ့ဘဝတစ်ပိုင်း တပိုင်းပဲ့ထွက်သွားသလို ခံစားရသည်။ မထားမှိကို မမုန်းပေမယ့် မနှစ်သက်သလိုမလိုလား မနှစ်မြို့

သူတို့သားအဖက ညီညီတို့ ညီအစ်ကိုနှစ်ယောက်ကို စိတ်ဝမ်းကွဲစေသည်။ ကိုကိုက ညီညီစိတ်ဆိုးမှာ မကြောက် မရွံ့မသက်ထားမှိအပေါ် သက်လင်းသည်။

တူမှမတူဘဲပဲ တွေးမိသည်။

သိပ်ကလေးဆန်သောအတွေးပါလားဟု ချက်ချင်း ဖြေဖျောက်ပေမယ့် မကျေနပ်တာတော့ မကျေနပ်ပါဘဲ။

အမရင်းတစ်ယောက်လို ချစ်နိုင်ဖို့ နေနေသာသာ မရီးတစ်ယောက်လိုပင် အသိမှတ် မပြုနိုင်သေးပါ။

✧ ✧ ✧ ✧ ✧



www.burmeseclassic.com

www.burmeseclassic.com

" မင်းပြောတော့ လူပျိုကြီးလုပ်မှာဆို မိန်းမတွေကို ရှို့တယ်တဲ့ ဟား . . . ဟား တော်တော်ရယ်ရတယ် . . . ခုတော့ ချင်ချင်းကြီးမိန်းမရသွားပြီ"

သူရစကားက သူ့ကို အနေခက်စေသည်။ သက်ပြင်း တစ်ချက် မသိမသာရှိုက်မိ၏။

သူကတော့ ကိုကို့ကို အရမ်းအထင်ကြီးတာ။ သူ့ကို ရှာနွန်းပြည့်ချစ်သည်ဟု ယုံကြည်ထားခဲ့တာပါ။



www.burmeseclassic.com

www.burmeseclassic.com



" အင်းလေ . . . ကိုကို မိန်းမရသွားပြီဆိုတော့ မင်းပဲ ကျန်တော့တယ်။ ငါ့အစ်မငယ်ကို မင်းနဲ့သဘောတူတယ်။ ဘယ်လိုလဲ"

" သူရ . . . မင်းလျှောက်မဖွနဲ့ . . . သူများကြားပြီး အဟုတ်ထင်နေအုံးမယ် ငါလုံးဝ စိတ်မဝင်စားသေးဘူး အချစ်ရေး အိမ်ထောင်ရေး"

" ဟုတ်ရဲ့လား မင်းအစ်ကိုလို မလုပ်နဲ့နော်"

သူရက ရယ်စရာအဖြစ်နောက်ပြောင်နေ၍ သက်သက် သူ့ကာ အနေ၃ပေါ် တုတ်ကျခံရခက်လှတာ။

" မင်းကလည်းကွာ မျက်နှာကြီးရှုံ့မဲ့နေတာပဲ ဘယ်လို ဖြစ်တာလဲ ငါက စတာပါ။ ငါ့အစ်မက ဒီလောက်လည်း ရုပ်မဆိုးပါဘူး မင်းပုံစံကြီးက ခါးခါးသီးသီး"

" အဲ့ဒီလို မဟုတ်ပါဘူးကွာ "





" ဘာလဲ . . . မင်းကိုကို မိန်းမရသွားတာ မင်းခံစား နေရလား ဟုတ်လား"

ညီညီက ပြန်မဖြေဘဲ နှုတ်ဆိတ်နေ၏။

" ဒီနေ့ . . . နေ့လည် မင်းပြန်မှာပေါ့ဟုတ်လား"

" ခဏနေရင် ပြန်မှာ မင်းလည်း လိုက်ခဲ့လေ။ ပြောထားပြီးပြီ"

" ကောင်းတာပေါ့၊ လိုက်မယ်"

သူရက ကိုကို့အဲမျိုးသမီးကို မြင်ဖူးချင်စိတ်နှင့် အားတက်သရောဆို၏။

" ညီညီ . . . မင်း မရီးက ချောရဲ့လား"

ထိုမေးခွန်းက ဆန်းနေသည်။ နားထဲမှာ ထူးကဲနေ၏။ သူနှင့်မယဉ်ပါးသော စကားလုံးအသစ်တစ်ခု သူ့ဘဝထဲကို ထွင်းဖောက်ဝင်ရောက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



မရီးတဲ့

ကိုကို့မိန်းမဆိုတော့လည်း မရီးပေါ့။

"မေးနေတာဖြေလေ . . . ချောရဲ့လား"

"မင်းရောက်တော့ တွေ့မှာပဲ"

"ကြိုသိချင်လို့ပေါ့"

သူရကို သူခပ်တင်းတင်း ကြည့်ပစ်လိုက်၏။

သူစိတ်ဆိုးလျှင် ကြည့်တတ်သော အကြည့်မို့ သူရက ပါးစပ်ပိတ်သွား၏။

ညီညီ မကြိုက်မှန်း သည်ကောင်သိသွားပြီ။

"အေးပါကွာ ရောက်ရင် မြင်ရမှာပဲ"

✧ ✧ ✧ ✧ ✧



သူရက ညီညီ့ပခုံးကို လာတိုက်၏။

"မင်း မရီးက အရမ်းကျက်သရေရှိတယ်တဲ့"

သူ့ရစကားက သူ့ကို ကျေနပ်စေတာအမှန်။

"မင်းမရီး မျက်နှာလေးက ရေကြည်ကြည် [illegible]စ်ခွက်ကို ဖန်ခွက်ထဲထည့်ထားသလို အေးချမ်းတည်ငြိမ် [illegible]နေတယ်။ ကိုကိုကံကောင်းတယ်ကွနော် . . . မင်းဘယ်လို [illegible]င်လဲ ညီညီ"



www.burmeseclassic.com

www.burmeseclassic.com



သူရ ထင်ကြေးနှင့်မှတ်ချက်က မှန်ကန်လွန်းပါသည်။ ကိုကိုက ကံကောင်းစွာ မိန်းမရသွားပေမယ့် သူက ကံမကောင်းစွာ အရေးမပါသူတစ်ယောက်၊ ဘေးပုတ်ထုတ်ခံရသူတစ်ယောက် ဖြစ်ခဲ့ရသည်။

" မင်းကလည်း ကံကောင်းပါတယ် . . . မရီး ချောချောက အိမ်မှုကိစ္စလည်း နိုင်နင်းမယ့်ပုံပဲ။ အလုပ်က ပြန်လာရင် လက်ဆေး ထမင်းစားရုံပဲ။ အရမ်းအိုကေတယ် လက်ဘက်ရည်ဆိုင် စောစောသွားထိုင်လို့ရပြီ"

သူရက သူ့ရှုထောင့်နှင့် သူ ဟုတ်နေတော့သည်။

" ဟိုမှာ တွေ့လားရှပ်အကျီတွေ ပုဆိုးတွေလျှော်ပြီး လှမ်းထားတာ သန့်ပြန့်တောက်ပြောင်နေတာပဲ"

ညီညီက လှည့်မကြည့်ပါ. . . စောစောကတည်းက မြင်ခဲ့ပြီးသားပါ။ သူ့တာဝန်တွေကို မသက်ထားမိ





ပထမဦးဆုံးနေ့မှာပင် ပြောင်းလွဲယူခဲ့ပါသည်။

တစ်ခုဆိုတစ်ခုတည်းပါပဲ။ ကျန်တာအားလုံးကို သူကျေနပ်ပါသည်။ သူမကျေနပ်ချင်တာက သူ့ကိုကြိုတင် အသိပေးတိုင်ပင် ခဲ့ခြင်းမရှိတာကိုပါ။

သည်လိုနှင့်ပဲ တစ်ရက်ပြီးတစ်ရက်ကုန်ဆုံး သွားမှာလား။

သူ့စိတ်ထဲက ဖုထစ်နေတာတွေ ဘယ်တော့မှ ပြေလည်အေးချမ်းသွားမလဲ။



www.burmeseclassic.com

www.burmeseclassic.com

သူက မျက်နှာ ပျက်ပျက်နှင့် အိပ်ရာထဲက ထကာ အခန်းပြင်ကို ထွက်လာခဲ့၏။

ကိုကို့ကို မတွေ့ရဘဲ မသက်ထားမှီက မီးဖိုချောင်မှာ ဟင်းချက်ဖို့ ပြင်ဆင်နေပါသည်။

ခက်တာက ဟန်မဆောင်နိုင်အောင်ပင် ဗိုက်ထဲက ထိုးအောင့်နာကျင်နေ၏။

ကျွတ် . . . အား။





သွားတိုက်မျက်နှာသစ် ခင်း သူမျက်နှာရှုံ့မဲ့လာ၏။ မသက်ထားမှီနှင့်သူက စကားအပိုဆိုကြတာ မဟုတ်။ ဟက်ဟက်ပက်ပက် ဖော်ဖော်ရွေရွေလည်း ရှိတာ မဟုတ်။

ကိုကိုလည်း အလုပ်သွားနေပြီထင်။

သူဘယ်လိုလုပ်ရပါ့မလဲ။

သူနိုးလာတာမြင်တော့ မရီးချောက ထမင်းစားပွဲစီ လျှောက်သွားပြီ ထမင်းကြော် ပူမပူကြည့်သည်။ ကော်ဖီခါတ်ဘူး မကြည့်သည်။

မသက်ထားမှီ ရောက်လာပြီးကတည်းက သူ့အကျင့်ပျက်သွားခဲ့တာပါ။ နံနက်စောစောထပြီး ဘာမှ လုပ်စရာမလို နိုးလာလျှင် အိပ်ရာပေါ်က မဆင်းသေးဘဲ ဆက်လှဲနေတတ်သည်။

" အား "



www.burmeseclassic.com

www.burmeseclassic.com



ဒီ့ဘ်ထဲတ နာကျင်လွန်းတော့ သူလွှတ်ကနဲ ညည်းမိသည် နာကျင်မှုကို ကြိတ်ခံစားနေတော့ ချွေးစေး တွေပင်ပြန်ချင်၏။

" ညီညီ . . . ဘာဖြစ်လို့လဲ"

မသက်ထားမို့က သူ့ကိုကြည့်ကာမေးလာ၏။

" ဗိုက်အောင့်တယ် ဗိုက်ထဲက အရမ်းနာတယ် အား လုံးဝ မခံနိုင်တော့ဘူး"

" ဟင် "

သက်ထားမို့ မျက်လုံးဝိုင်းသွား၏ အိမ်မှာက ကိုကိုရှိမနေ အလုပ်ကိစ္စရှိသည်မို့ အစောကြီးကတည်းက ထွက်သွားခဲ့တာ။

ညီညီက မတ်တတ်ရပ်နေရာကနေ မဟန်နိုင်တော့ သလို ထိုင်ချ၏။ ထားမို့ပိုပြီး မျက်လုံးပြူးသွား၏။





" လေအောင့်တာလားဟင် ဝမ်းပျက်နေလား ဝမ်းလျှောလို့ အောင့်တာလား"

ထားမို့က စိတ်ပူစွာ မေး၏။

" မသိဘူး အရမ်းနာတယ် အား . . ."

သက်ထားမို့က ဟင်းအိုးကို မီးဖိုပိတ်လိုက်၏။ သည်အတိုင်းနေလို့မဖြစ်တော့ပါ။ တစ်ခုခုကို မြန်မြန်ဆန်ဆန် ဆုံးဖြတ်ရမည်။ ညီညီက နာကျင်မှုကို ဘယ်အချိန်ကတည်းက ကြိတ်မှိတ်ခံစားနေသည်မသိ။ ချွေးတွေပင်ရွှဲနေပြီ။

" သူရ ဒီအချိန်ဆို ရှိအုံးမယ် ထင်တယ်။ လာ . . . လာ ဒီမှာ ငြိမ်ငြိမ်ထိုင်နေအုံး။ သူရကို သွားခေါ်မယ်"

သူရက ညီညီနှင့် အလုပ်တူတူသွားတတ်တာ မထားမို့သိသည်။

" လမ်းထိပ်က လက်ဘက်ရည်ဆိုင်မှာ အရင်ဝင်ကြည့် အဲ့ဒီမှာစောင့်နေမယ် ပြောထားတာ"



www.burmeseclassic.com

www.burmeseclassic.com



" အင်း အင်း "

မသက်ထားမှီက လှစ်ကနဲ ပြေးဆင်းသွား၏။ ချက်ချင်းလိုပဲ ကြီးတော်ညို ရောက်လာ၏

" ဟဲ့ . . . ဘယ်လိုဖြစ်တာလဲ ညီညီ မထားမှီက လန့်ဖျန့်နေပုံပဲ။ ပိုက်အောင့်တာကလည်း ဆိုးဆိုးရွားရွား ပါလား။ ဆေးရုံသွားမှ ဖြစ်မယ်ထင်တယ်"

သိပ်မကြာဘဲ သူရရောက်လာ၏။

" မင်း မရီးချောတော့မင်းအစ်ကိုစီ ဖုန်းဆက်နေတယ်။ ဘယ်လိုဖြစ်တာလဲ မနေ့ညက အကောင်းကြီးပါကွာ"

သူရက ညီညီကို အံ့အားသင့်စွာကြည့်နေ၏

မသက်ထားမှီရောက်လာတော့ ညီညီကို ဆေးရုံသွားပြဖို့ပြင်၏။ သူရလည်း အနားမှာရှိနေသည်မို့ အဆင်ပြေပါသည်။





" ကိုကိုက အရေးကြီးတဲ့အမှုတစ်ခုစစ်ဖို့ ရုံးခန်းထဲ ရောက်နေတယ်တဲ့ မှာထားခဲ့တယ်။ လာလိမ့်မယ်။ ဆေးရုံမြန်မြန်သွား ရအောင်နော်"

မသက်ထားမှီက ဟိုဟာယူ သည်ဟာယူ ဟိုဟာသိမ်းသည်ဟာသိမ်းနှင့် တစ်ယောက်တည်း ရှုတ်ယှက်ခတ်သွား၏။ စိတ်အရမ်းပူကာ ပျာယာခတ်နေသည်။

" ဩော် မထားမှီရယ် ဒီလောက်လည်းစိတ်မပူပါနဲ့။ သူရ တက်စီသွားငှားနေပြီပဲ. ကဲ . . . ပြော ကြီးတော် ဘာလုပ်ပေး ရမလဲ"

" ရပါတယ်"

" ရပါတယ် မလုပ်နဲ့ ကိုယ်က ခုမှကိုယ်လေး လက်ဝန်ရှိစ ငြိမ်ငြိမ်အေးအေးနေရတယ်"

ကြီးတော်စကားကြောင့် ညီညီဆတ်ကနဲဖြစ်သွား၏ မသက်ထားမှီက မျက်နှာလေးလွှဲသွားပြီး လှစ်စရာရှိတာ



www.burmeseclassic.com

www.burmeseclassic.com



ဆက်လုပ်နေ၏။ ညီညီက တအံ့တသြနှင့် ရင်ထဲမှာ လှုပ်ရှားသွား၏။

ကိုကိုကတော့ လုပ်ပြန်ပြီ။

ကောင်းကိုမကောင်းတော့ပါ။

အပြင်လူတွေ အကုန်သိပြီးမှ သူက သိရမှာလား ညီညီ့ကို ဘာလို့ မပြောပြရတာလဲ။

ဗိုက်ထဲက နာကျင်မှုပင် အခိုက်အတန့် လျော့ပါးသွားသလိုပါ။ တူလေးလား တူမလေးလား။ သူ့အရမ်းဝမ်းသာသွား၏။ သူ့ကိုပြောမပြရကောင်းလားဟုပင် စိတ်မဆိုးနိုင်။

" ဟော . . တက်စီလာပြီ လာ . . . လာ . . . သွားကြရအောင် ကြီးတော် အိမ်ခဏကြည့်ပေးထားနော်"

" အေးပါ စိတ်ချသွား . . . "

သူရ မထားမှီနှင့်သူ အတူတူ ဆေးရုံရောက်ခဲ့ကြ၏။

✧ ✧ ✧ ✧ ✧



ညီညီ့ကိုဆရာဝန်က ချက်ချင်းခွဲစိတ်ခန်း ဝင်ဖို့ ပြင်ဆင်ရမည်ဆိုတော့ မထားမှီ မထိတ်လန့်ဘဲ နေမှာလား။

" အစာ စားထားလား"

ကံကောင်းတာက ညဘက်လက်ဘက်ရည်ဆိုင်က ပြန်လာပြီးကတည်းက သူဘာမှ စားမစားသေးပါ။

နံနက်စော ထမင်းကြော်နှင့် ကော်ဖီပင် မစားရသေး။

" စားထားရင် အစာစုတ်ထုတ်ရမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ညကတည်းက ဘာမှမစားရသေးဘူး"

"ဟာ ဒါဆို သိပ်ကောင်းတယ်"

မသက်ထားမှီက ညီညီ့ကို စိုးရိမ်စွာ ငေးကြည့်နေ၏။

"ကိုကိုလည်း မလာသေးဘူး"

သူရက ကိုကို့ကို မျှော်သည်။

"မထားမှီ"

ပထမဦးဆုံးအကြိမ် မရီးချော၏အမည်ကို ခေါ်မိသည်။

"စိတ်မပူပါနဲ့ ကျွန်တော်ဖြစ်ပါတယ်။ မထားမှီ စိတ်အေးအေးထားပါ။ သက်တောင့်သက်သာနေ။ ကျွန်တော်ဘာမှ မဖြစ်ပါဘူး"

ညီညီက မထားမှီကို အားပေးလိုက်၏။

မထားမှီက ဆတ်ကနဲ ခေါင်းညိမ့်သည်။ လူနာရှင်





နေရာမှာ လက်မှတ်ထိုးပေးသည်။

ညီညီ ခွဲစိပ်ခန်းထဲဝင်သွားချိန်အထိ ကိုကိုက ရောက်မလာသေးပါ။ မထားမှီက ဘုရားစာတွေ တတွတ်တွတ် ရွတ်ကာ ဆုတောင်းပေးနေ၏။

✧ ✧ ✧ ✧ ✧



www.burmeseclassic.com

www.burmeseclassic.com

သူ့အပေါ် မိခင်တစ်ဦးလို တစ်ချိန်လုံးအနားမှာ ပြုစုပေးသော မထားမှီကို သူအင်မတန်အားနာ သနားမိ၏။ မထားမှီ ခင်ဗျာ သူ့အဖေက တစ်ဖက် ကိုယ်ကတစ်ဖက်။ သည်ကြားထဲ အိမ်မှုကိစ္စတွေ ပြီးတော့ ကိုကို့ဝတ္တရား။ သူ့ မထားမှီ ကို ဂရုဏာသက်မဆုံးနှင့် အမေအရင်းတစ်ယောက်လို သံယောဇဉ်ပိုလာမိ၏။

" မထားမှီ ညနေ မလာနဲ့တော့လေ။ သူရလာရင် ထမင်းချိုင့်ထည့်ပေးလိုက်"





" ရပါတယ် ကိုကိုလာမှလာခဲ့မယ်လေ"

" မထားမှီ ပင်ပန်းပါတယ်"

" ဘာလဲ . . . ညီညီက မထားမှီကို အားနာလို့လား"

" ဟုတ်တယ်"

" မျက်စိနောက်နေတယ်ပေါ့"

" မဟုတ်ပါဘူး မထားမှီကလည်း မပေါ့မပါးနဲ့ဆိုတော့ တော်ကြာ ပင်ပန်းပြီး နေထိုင်မကောင်းဖြစ်မှာစိုးလို့ပါ"

" မဖြစ်ပါဘူး "

ညီညီဆက်မပြောတော့ပဲလက်ချော့ကာ ရပ်နေလိုက်၏။

သူနှင့် မထားမှီအရမ်းအဆင်ပြေသွား၏။

မတည့်တုန်းကလည်း သူပါပဲ။

ပြေလည်သွားတော့လည်း ညီညီက မရီးချောကို မထားမှီ။ မထားမှီနှင့် နှုတ်ဖျားက မချ။

www.burmeseclassic.com



ကိုကိုကတော့ အရမ်းဝမ်းသာနေသည်။

သည်အချိန်ကို ကိုကိုက မျှော်လင့်စောင့်စားနေခဲ့တာ။

ညီညီနှင့် မထားမှို၏ အဆင်ပြေသော ဆက်ဆံရေးကို ကိုကို ကျေနပ်မဆုံး သူရလည်း ညီညီ့ကို အံ့ဩဝမ်းသာစွာနှင့် . . . မရီးနဲ့ငြိမ်းချမ်းရေးရသွားပြီလားဟု မေးလာ၏။ ညီညီက ပြုံးတုံ့တုံ့နှင့်ပြန်မဖြေ။

သည်မျှ သဘောကောင်းသော ကြင်နာတတ်သော **မထားမှိုကို** သူဘာလို့ ခပ်တင်းတင်းဆက်ဆံမိပါလိမ့်ဟု **ပြန်တွေးပြီး** စိတ်မကောင်းဖြစ်ရသည်။

နောက်ဆိုအမအရင်းတစ်ယောက်လို ပြေလည်စွာ **နေထိုင်သွားမည်ဟု** ဆုံးဖြတ်လိုက်၏။

ပြီးတော့ မထားမှိုဖာ သူ့အတွက် တူတူမလေး တစ်ယောက်ကို မွေးတော့မည်။

✧ ✧ ✧ ✧ ✧



ကိုကိုရယ် မထားမှိုရယ် သူရယ် ပျော်ရွှင်အေးချမ်းစွာ နေသော မိသားစုဘဝလေးထဲကို ချစ်စရာကောင်းသော 'ယုယမှို' ဆိုသည့် တူမလေးတစ်ဦးရောက်လာခဲ့ပါသည်။

ထိုနေ့က ညီညီက ညနေပိုင်း လက်ဘက်ရည်ဆိုင်ကို သူရနှင့်အတူတူသွားထိုင်နေတုန်း သူ့ကို ကြီးတော်ညိုပဲ လာခေါ်ခဲ့တာပါ။



www.burmeseclassic.com

www.burmeseclassic.com



"ညီညီရေ မြန်မြန်လာအုံး . . မထားမို ဗိုက်နာနေပြီ မောင်ကိုကိုက မင်းကို ခေါ်ခိုင်းလိုက်တာ"

"ဟာ ဟုတ်လား"

သူ စိတ်လှုပ်ရှားစွာနှင့် အိမ်ပြန်လာခဲ့သည်။ အဲ့ဒီညမှာပဲ 'ယုယမို'ကလေး လူ့လောကထဲရောက်လာခဲ့တာ။ ကိုကို့လို မျက်လုံးဝိုင်းဝိုင်းကလေး တစ်စုံနှင့် အရမ်းချစ်စရာကောင်းသည်။ ကလေးလေးကို မချီတတ်ချီတတ်နှင့် သူချီထားမိသည်။

ကိုကိုနှင့်မထားမို၏ သမီးလေးကို သူဘယ်လို ချစ်မှန်းမသိပါ။ သည်လောက်ချစ်စရာကောင်းသော ကလေးလေးတစ်ယောက် သူတို့အိမ်ရောက်လာမည်မထင်ခဲ့။ အံ့ဩထူးဆန်းနေသည်။

ညနေပိုင်းဆို သူရလာခေါ်လျှင် လက်ဘက်ရည်ဆိုင် တော်တော်နှင့် မသွားနိုင်။ ကလေးလေးအနားမှာ





အချိန်ကုန်နေမိသည်။ ကလေးငိုသံကလေးနှင့် သူတို့အိမ်က သက်ဝင်စိုပြေလေသည်။

ယုယမိုသည်သူ့ကို လက်ဘက်ရည်ဆိုင် မသွားနိုင်အောင် ဖမ်းစားထား၏။

မထားမိုနှင့် ကိုကိုက အပြင်ခေါ်သွားခွင့်မပြု သေးလို့သာ အိမ်ထဲမှာပဲ အားပါးတရ ချီပိုးနမ်းရှုံ့နေရတာ။ ညီညီကဖြင့် အပြင်ခေါ်သွားချင်လှပြီ။

◇ ◇ ◇ ◇ ◇



www.burmeseclassic.com

www.burmeseclassic.com

" ဆွေမျိုးတော့ မတော်ပါဘူး သိရုံ ခင်ရုံပါပဲ"

မထားမှီက ကိုကို့ကို ရှင်းပြသည်။

" မထားမှီ သဘောပဲလေ"

ထားမှီသဘောတစ်ခုတည်းတော့ ဘယ်ဟုတ်ပါ့မလဲ။ အားလုံးသဘောတူမှ ကောင်းမယ်လေ"

" မထားမှီက အဲ့ဒီကောင်လေးကို မွေးစားချင်တယ် မဟုတ်လား။ ကျောင်းထားပေးချင်တယ် မဟုတ်လား ခေါ်လိုက်ပေါ့ ကောင်းသားပဲ"

www.burmeseclassic.com

www.burmeseclassic.com



ညီညီက စိတ်မရှည်ဘဲ ဖင်ဆုံးဖြတ်ပေးလိုက်၏။

" ကိုကို့ သဘောကရော"

" ရပါတယ်ကွာ ထားမှိုနဲ့ ညီနဲ့ ကျေနပ်ရင်ပြီးတာပဲ။ ကိုကိုက ထားမှိုတို့ ဆန္ဒကို ဘယ်တော့မှ မကန့်ကွက်ဘူး ညီနဲ့ တိုင်ပင်ပြီးလုပ်"

" မဟုတ်သေးဘူးလေ ကိုကိုက အိမ်ထောင်ဦးစီး ထားမှိုတို့က ဘာမဆို အသိပေးရမယ် ကိုကိုဆုံးဖြတ်တာကို လက်ခံရမှာပေါ့"

ကိုကိုကဝမ်းသာအားရပြုံး၏။

သည်လိုနှင့်ပဲ လေးနှစ်ကျော်ငါးနှစ်နီးပါးအသက် အရွယ်ရှိသော "လူခန့်" ဆိုသည့် ကောင်လေးတစ်ယောက် သူတို့ အိမ်ရောက်လာခဲ့။

မထားမှိုက စိတ်သဘောထား နူးညံ့ပြီး သူ့အပေါ် ဖြစ်ဖြစ်ကောင်း၏။





ညီညီတို့ကလည်း မကန့်ကွက်ပါ။ အားပေးသည် ယုယမှုလေးအတွက်အကိုတစ်ယောက်တိုးသည်။

မောင်လူခန့်ကလေးက လိမ္မာရေးခြားရှိပါသည်။ ပြောစကားနားထောင်သည်။ စာကျက်ဖို့ဆို လူကြီးတွေက တိုက်တွန်းစရာပင် မလို။ သူငယ်တန်းဖတ်စာအုပ်ကို တစ်အုပ်လုံး အလွတ်ရနေခဲ့ပြီ။

သူ့ရကတော့ သူ့ကို မခံချင်အောင် စတတ်၏။

" မောင်လူခန့်အဖေ" ဟုခေါ်ဝေါ်နောက်ပြောင် တတ်ပါသည်။

" မင်းကွာ . . . ခုထက်ထိ ရည်းစားတောင် မရှိသေးဘူး"ဟုလည်း ပြစ်တင်ရှုံ့ချဝေဖန်တတ်ပါသည်။

" အောင်မလေးကွာ မင်းရည်းစားရရင် ငါဘယ်မြေး ပွန်းရမလဲ မသိဘူး အတူတူချင်းကို နှိပ်ကွပ်နေလိုက်တာ။



www.burmeseclassic.com

www.burmeseclassic.com



မင်းသာ လူပျိုကြီးရုပ်ပေါက်လာတာ ငါက အေးအေး ဆေးဆေးပဲ"

" ဘာကွာ "

"မှန်ထဲလည်းကြည့်အုံး ဗိုက်ရွှဲပြီး ထိပ်ပြောင်လာပြီ"

သူရက သူ့ကို ဘုကြည့်ကြည့်၏ အင်မတန်ခံရခက် ဖြစ်သွားပုံနှင့် . . .

" စောင့်ကြည့်ပေါ့ကွာ" ဟု ပြန်ပြောသည်။

ညီညီက ရယ်နေသည်။

'သူ့ဘဝလေးက အခုလည်းပြည့်စုံအေးချမ်း စိုပြေနေတာပါဘဲ ကိုကိုရယ်၊ မထားမှီရယ်၊ ယုယမှီ ကလေးရယ် မောင်လူခန့်ရယ် ပျော်ပျော်ပါးပါး ချစ်ချစ် ခင်ခင်နှင့်။

✧ ✧ ✧ ✧ ✧



တစ်ခါတစ်လေမှာ မမျှော်လင့်သော မုန်တိုင်းလည်း တိုက်ခတ်တတ်သေးသည်။

လုံးဝမထင်မှတ်သော အဖြစ်အပျက်တစ်ခု ပြုန်းစားကြီးရင်ဆိုင်လာရသည်။

ညီညီအတွက် . . . မထားမှီအတွက် ကြေကွဲ တုန်လှုပ်စရာ အစားထိုးမရနိုင်သော ဆုံးရှုံးမှုတစ်ခု.



www.burmeseclassic.com

www.burmeseclassic.com



သူတို့ဘဝထဲကနေ ကိုကို အရင်ဦးဆုံး စောစီး ထွက်ခွာသွားဖို့ ဖြစ်လာ၏။

ကုမရနိုင်သော ရောဂါတစ်ခုဟုကြားလိုက်ရစဉ် မထားမှီက မူးလဲသွားပြီး သူကအသက်ကင်းမဲ့သူလို အရုပ်ကြိုးပြတ် ဖြစ်ခဲ့ရသည်။

သူတို့ဘဝ၏ ပူလောင်သောရက်စွဲများ ဖြစ်ပါသည်။ ကိုကို့အတွက် အကြီးအကျယ်စိတ်ထိခိုက် နာကျင်ရသည် ဖြေလို့မရ။

ကိုကိုက မထားမှီနှင့် ယုယမှီတလေးကို သူ့ထံ ယုံကြည်စွာအပ်သည်။ သူအော်ဟစ်ငိုချင်မိသည်အထိ ယူကျုံးမရဖြစ်ရသည်။

မရီးနှင့်တူမလေးကို စောင့်ရှောက်ဖို့ သူကတိ အထပ်ထပ်ပေးခဲ့၏။





မထားမှီကိုလည်း အားပေးရသည်။ ထားမှီ သိသိ သာသာစကားနည်းသွားပြီး ငေးငိုင်တတ်၏။

ညီညီလည်း အဆမတန်သနားမိသည်။

သူ့တတ်စွမ်းနိုင်တာဆို မထားမှီပျော်အောင်လုပ်ပေး လိုက်ချင်ပါသည်။

ခုတော့ . . .။

✧ ✧ ✧ ✧ ✧



www.burmeseclassic.com

www.burmeseclassic.com

ကိုကို မရှိသည့် နောက်မှာ သူတို့အတွက် စိတ်ရှုတ်စရာ တစ်ခုက ထပ်မံပေါ်ပေါက်လာ၏။

ပတ်ဝန်းကျင်အသိုင်းအဝိုင်းအားလုံးက ညီညီကို မထားမှိုနှင့် ထင်ကြေးပေးလာကြသည်။ ဖြစ်စေချင်ကြသည်။ သူက မထားမှိုအပေါ် ရိုးသားသည်။ မထားမှိုက သူ့အပေါ်ရိုးသားသည်။

www.burmeseclassic.com

www.burmeseclassic.com



သည်လို မဟုတ်မဟတ်ထင်ကြေးသည့် သူတို့အတွက်တော့ စိတ်အနှောင့်အယှက်တစ်ခုပါ။

မထားမှီကို သူ့ကအမေလို အစ်မလိုချစ်သည်။ တစ်သက်လုံး ဖြူစင်သန့်ရှင်းစွာ စောင့်ရှောက်ပေးနိုင်သည်။ သို့ပေမယ့် ဇနီးအဖြစ် သူလုံးဝ လက်မထပ်နိုင်ပါ။

သူ့လိုပဲ မထားမှီကလည်း မောင်အရင်းလေးလို သူ့အပေါ် ချစ်ခင်ငဲ့ညှာသည်။

" ကြီးတော်စေတနာကို နားလည်ပါတယ်။ ဒါမျိုးတွေမပြောပါနဲ့ မတိုက်တွန်းပါနဲ့နော်၊ ညီညီက ထားမှီမောင်လေးပါ။ ထားမှီတို့သားအမိ ညီညီအိမ်ထောင်ပြုသွားရင် စောင့်ရှောက်မယ့် သူမရှိမှာမပူပါဘူး။ ထားမှီမောင်လေးကို အဲ့ဒီလို မတွေးရက်ပါဘူး။ ကိုကိုနဲ့ လက်ထပ်ကတည်းက ညီညီကို မောင်အရင်းလေးလို ချစ်ခင်ပါ့မယ်ဆိုတာ ကတိပေးပြီးသား"





မထားမှီ၏ စကားတွေက သူ့ကိုတုန်လှုပ်ဝမ်းသာစေပါသည်။ လေးစားစိတ်ပိုစေသည်။

" မထားမှီနောက်ထပ်အိမ်ထောင်ပြုရင်တောင် အဲ့ဒီလူဟာ ညီညီဘယ်တော့မှ မဟုတ်ဘူး ညီညီက ထားမှီအတွက် တစ်သက်လုံး မောင်လေးပါပဲ"

မထားမှီက စကားကုန်ပြောသည်။ ညီညီနှင့် သဘောတူသည်။ မထားမှီကို ညီညီကအမေရင်းလို ရှိသေလေးစားသည်။ စိတ်နှင့်ပင် မပစ်မှားမိပါ။

ပတ်ဝန်းကျင်က ပြောသံဆိုသံတွေကြောင့်လား မသိပါ။ မထားမှီက သူ့ကို ညီညီဟုပင် မခေါ်တော့ဘဲ "မောင်လေး " "မောင်လေး" ဟု ပြောင်းခေါ်သည်။

ညီညီလည်း ကျေနပ်သည်။ ကိုကိုမရှိတော့ ပေမယ့် ကိုကိုရှိစဉ်ကလိုပဲ အရာရာမပြောင်းလဲ။



www.burmeseclassic.com

www.burmeseclassic.com



သူတို့ရင်ထဲမှာ ကိုကိုရှိနေသေးသည်။

မထားမှီအားမငယ်ရအောင်သူက ခါတိုင်းထက်ပိုပြီး ဂရုစိုက်၏။ အသွားအလာအနေအထိုင်ကအစ။

ယုယမှီလေးသည် ညီညီ့ဘဝ၏အသဲကျော်ပါ။ မောင်လူခန့်ကိုလည်း တစ်ရက်ပြီးတစ်ရက်သံယောဇဉ် ဖြစ်လာမိတာပါပဲ။

" ကျွန်တော်အိမ်ထောင်ကျသွားလည်း ဒီမှာပဲအတူတူ နေကြမယ်လေ။ မထားမှီအတွက်သင့်တော်တဲ့ သူတွေလာ ရင်လည်း ပြောပေါ့။ မောင်နှမအရင်းတွေလို ပွင့်ပွင့် လင်းလင်းနေသွားရအောင်"

" အင်း"

သူ့စကားကို မထားမှီကလက်ခံသည်။

" ဖေဖေဆေးရုံကဆင်းပြီးကတည်းကရိပ်သာ ဝင်နေတော့လည်း ခက်တယ်။ ဖေဖေနဲ့ ပြန်သွား



နေတော့လည်း မောင်လေးကို ကြည့်ရှုစောင့်ရှောက်မယ် သူကမရှိ"

" ဟာ . . . ကျွန်တော် ယုယလေးကို မခွဲနိုင်ဘူး ညီညီက စကားပင်အစမခံ။

" မလုပ်ပါနဲ့ မထားမှီရယ် ယုယ မျက်လုံး တလေးကြည့်ကြည့်ပြီး ကိုကို့ကိုအလွမ်းပြေနေရတာ" ဆိုတော့ မထားမှီ မျက်ရည်ကျသည်။

" ဒီလိုနေတော့ သင့်တော်ရဲ့လား ဆိုတာအမြဲ တွေးတွေးနေရတယ် မောင်လေးရယ်"

" မတွေးပါနဲ့ ခေါင်းရှုတ်ပါတယ်။ ကျွန်တော်တို့ချင်း သိကြရင်းနားလည်ရင် ပြီးတာပါပဲ "

ညီညီကတော့ ဘေးစကားတွေကြောင့် သူတို့ မိသားစုလေး မပြိုကွဲချင်ပါ။ သိုက်သိုက်ဝန်းဝန်း စိုစိုပြေပြေပဲ

www.burmeseclassic.com

www.burmeseclassic.com




ရှိနေချင်ပါသည်။ သူများတွေပြောကြမှာကို သိပ်ဂရုမစိုက်ချင်
ကိုကို့ကြောင့် စိတ်ထိခိုက်လာသော ကြေကွဲမှုကို မနည်းကြိုး
ကြိုးစားထိန်းနေရတာပါ။

" မထားမို့ ကျွန်တော်တို့က မိသားစုပါ။ အေးပတ်
ဝန်းကျင်က အတိုက်အခိုက်ကို စည်းလုံးစွာခုခံကြရမှာပေါ့
သူတို့ထင်သလို မဟုတ်ဘူး သူတို့ပြောသလိုလည်းဖြစ်လာမှာ
မဟုတ်ဘူးဆိုတာ သက်သေပြရမယ်"


ညီညီ့စကားကို မထားမို့က ခေါင်းညိတ်သည်။

✧ ✧ ✧ ✧ ✧



www.burmeseclassic.com

www.burmeseclassic.com



မထားမှို၏ ဖေဖေက ညီညီ့ကိုလာတွေ့သည်။ ထမင်းစားချိန်မို့ သူရှုနှင့် ထမင်းစားပြီး ပြန်လာတော့ မထားမှို ဖေဖေ့ကို တွေ့လိုက်ရသည်။

ညီညီ အံ့ဩမိသည် လန့်သွားမိသည်။

" မင်းကိုတွေ့ချင်လို့လာတာ"

" ဗြော်"

www.burmeseclassic.com

www.burmeseclassic.com



မထားမို၏ ဖေဖေရှင်းပြမှ သူစိတ်အေးသွားသည်။

"လာလေ ဦးလေ ကျွန်တော်တို့လက်ဘက်ရည်ဆိုင်သွားရအောင်။

ညီညီက ကိုကို့ဆရာရင်း ဖြစ်ခဲ့ဖူးသော ကိုကို့ယောက္ခမလည်းဖြစ်သော မထားမို၏ ဖေဖေကို သူကရိုသေစွာ ဆက်ဆံရပါမည်။

လက်ဘက်ရည်နှင့် မုန့်မှာပေးကာ ဧည့်ခံ၏။

"သောက်လိုက်ပါအုံး ဦးလေး"

"အေး အေး"

မထားမို၏ ဖေဖေက စကားကိုနိဒါန်းပင် ရှင်းရှင်းစွင်းဘွင်းပြောချလာ၏။

" မင်းအတွက်တော့ နည်းနည်းမတော်ရာသလိုဖြစ်ချင်ဖြစ်လိမ့်ကွာ ဒါပေမယ့် ငါ့မြေးလေး ယုယမိုအတွက် ငါ့သမီး မထားမိုအတွက် . . ."





ညီညီက ခဏကြာမျှ ငိုင်တွေသွား၏။

"ကျွန်တော်က မထားမိုကို အမရင်း တစ်ယောက်လိုတစ်သက်လုံးစောင့်ရှောက်သွားမှာပါ . . ."

"မဖြစ်ပါဘူး မင်းမိန်းမရှာသွားရှင်ရော မင်းမိန်းမကရော ကြည်ဖြူပါ့မလား ပြီးတော့ မထားမိုကငယ်အရွယ်ရှိသေးတယ်"

ညီညီစကားကို ဦးတင့်ဆွေက လက်မခံ။

"မထားမိုကို အနားမှာနေပြီး စောင့်ရှောက်မယ့်သူမားမားမတ်မတ် မထားမိုဘေးမှာရပ်ပေးမယ့်သူလိုတယ်ကွာ။ ကလေးငယ်ငယ်ကလေးနဲ့ ငါလုံးဝ စိတ်မအေးရဘူး မင်းငါ့စကားကို နားမထောင်ရင် ငါတခြားလူတစ်ယောက်နဲ့စပ်ဟပေးစားရမှာပဲ"

ဦးတင့်ဆွေက စကားကုန်ပြော၏။



www.burmeseclassic.com

www.burmeseclassic.com



သူပြောတာတွေဟာ မှန်လည်း မှန်သည်။

" မထားမှီကို မေးကြည့်ပါဦးလေး။ သူက ကျွန်တော့်ကို မငြင်းရင် ကျွန်တော် ချက်ချင်းလက်ခံမှာပါ"


ညီညီ အဲ့ဒီလိုပဲ ရှောင်ထွက်လိုက်သည်။ သူတို့ သားအဖချင်းတိုင်ပင်ဆုံးဖြတ်ကြပါစေလေ။

မထားမှီ၏ သဘောထားကို ဦးတင့်ဆွေ သေသေချာချာမသိသေးပါ။ သိခဲ့ရင် သည်လိုလာပြောမှာကို မဟုတ်။ မထားမှီ ဘက်ကို သူလွှဲချလိုက်၏။ ခုမှပဲ သူထွက်ပေါက်ရသွားတော့သည်။

သက်ပြင်းတစ်ချက်ရှိုက်မိ၏။

မထားမှီရေ . . . မတတ်သာလွန်းလို့ပါ ကိုယ်တိုင် ဖြေရှင်းပြပေတော့။

✧ ✧ ✧ ✧ ✧



www.burmeseclassic.com

www.burmeseclassic.com



“ လုံးဝမဖြစ်နိုင်ဘူးဖေဖေ/မောင်လေး ညီညီက ဒီစကားမျိုးပြောတယ်ဆိုတာ သမီးမယုံဘူး”

မထားမို၏ ယတိပြတ်စကားကြောင့် ဦးတင့်ဆွေ စိတ်ပျက်သွားမိသည်။

“ သမီး ဘဝအတွက်ပြောနေတာပါ သမီးရယ်”

“ သိပါတယ် ဖေဖေ ဒါပေမယ့်”

သက်ထားမိုက ဖေဖေ့ကို စေ့စေ့ကြည့်ကာ ...

www.burmeseclassic.com

www.burmeseclassic.com



" ညီညီက သမီးမောင်အရင်းလေးလို သဘောထားပြီးချစ်ရတဲ့သူပါ။ သူဘယ်တော့မှ ထားမှီကို အဲ့ဒီလို စော်ကားတဲ့စကားမျိုး ပြောမှာမဟုတ်ဘူး။ မျက်နှာချင်းဆိုင်ရှင်းရအောင် ဖေဖေ။ မောင်လေးပြန်လာချိန်အထိစောင့်ပါ။ လာခါနီးပါပြီ"

ဖေဖေက မထားမှီစီရောက်လာပြီး "မောင်ညီညီက သမီးနဲ့ မြေးလေးကို စောင့်ရှောက်ခွင့်တောင်းတယ်။ သမီးကို သူလက်ထပ်မယ်"ဟု ပြောလာတော့ မထားမှီ မျက်လုံးပြူးသွား၏။ လုံးဝမဖြစ်နိုင်သောကိစ္စပါ။ သည်စကားကို ဖေဖေက စတင်ပြောတာ တိုက်တွန်းဖိအားပေးတာပဲ ဖြစ်ပါလိမ့်မည်။ ညီညီက သည်လိုလူစားမဟုတ်။ ထားမှီအပေါ် ရိုးသားသည်။ ပကတိ အဖြူရောင်။

" သမီး . . . ဖေဖေက သမီးအတွက် ပြောတာပါ"

ထားမှီကပင့်သက်ရှိုက်သည်။ ဖေဖေ့စေတနာမေတ္တာကိုထားမှီ





သိပါသည့် လက်ခံပါသည်။ သို့ပေမယ့် သည်ကိစ္စကို ခေါင်းညိမ့်လက်ခံဖို့မလွယ်ပါ။

" ဖေဖေ . . . တကယ်လို့ မောင်လေး အိမ်ထောင်ကျရင် သမီးတို့နဲ့ အဆင်မပြေဖြစ်ခဲ့ရင် သမီးတခြားလူ တစ်ယောက်ယောက်ကို စဉ်းစားရွေးချယ်မှာပါ။ စိတ်မပူပါနဲ့ ဖေဖေစိတ်ပူနေမယ်ဆိုတာလည်း သမီးသိတယ်။ ဒါပေမယ့် ညီညီနဲ့ သမီးက လုံးဝမဖြစ်နိုင်ပါ။ ဒီကိစ္စကို ဖေဖေ မပြောပါနဲ့တော့" ဟု ထားမှီက ပြတ်သားစွာ တားမြစ်ခဲ့၏။ မောင်လေးကို အားနာစရာ"

ရုပ်ရှင်ရုံရှေ့မှာ လူတွေစည်ကားများပြားနေတာကို ကြည့်ပြီး ညီညီက သူ့ဆုံးဖြတ်ချက်မှန်သွားကြောင်း ကိုယ့်ဘာသာ အတည်ပြုလက်ခံလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့တစ်နေ့ အလုပ်နှင့်အိမ် အိမ်နှင့်အလုပ် . . . အားလပ်ချိန်လက်ဖက်ရည်ဆိုင်လေးထိုင်လိုက်နှင့် ပြီးနေတာ. . .။

သူတောင်ပျင်းသလိုခံစားမိသေးတယ်ဆိုရင် မထားမှီနှင့် ကလေးနှစ်ယောက်လည်း အပြင်ထွက် လည်ပတ်ချင် ရှာမှာပေါ့. . .။

ညီညီသည် တူမချောလေး ယုယမှီကို မရောက်ဖူး သေးတဲ့ နေရာမှန်သမျှလိုက်ပို့ပေးချင်စိတ်ပြင်းပြ နေမိတာ အမှန်။

ကလေးဆိုတော့ အရာရာကို စူးစမ်းလေ့လာပြီး တွေ့သမျှမြင်သမျှ ဆန်းကြယ်သလိုဖြစ်ပြီး ပျော်ရွှင် ကျေနပ်နေတာ။





ယုယမှီရဲ့ မျက်လုံးဝိုင်းဝိုင်းလေးမှာ သဘောကျ ကြည်နူးရိပ်မြင်လျှင် ညီညီလည်း ဝမ်းသာပျော်ရွှင်ရတာ မဟုတ်လား။

လူခန့်လေးကတော့ လိမ်လိမ်မာမာနှင့် သိလိုသမျှ သူ့ကိုတတွတ်တွတ် မေးမြန်းတတ်ပြီ. . .။

ရုပ်ရှင်သွားကြည့်ရအောင်လို့ အိမ်အပြန်မှာ ကြိုတင်ကြေညာနိုင်အောင် လက်မှတ်ကို ကြိုတင်ဝယ်ဖို့ ရည်ရွယ်တာ . . .။

ညပွဲဆို အိပ်ရေးပျက်မလား . . .။

ကလေးနှစ်ယောက်က ညညဆို ပိုစီကာတော်တော်နှင့် မအိပ်တတ်။

ချစ်ဖို့ကောင်းစွာ စကားသံလေးတွေ တီတီတာတာ ပြောနေရတာ သူ့အဖို့ဆန်းကြယ်မက်မောဖွယ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ညီညီသည်ရှေ့က စုံတွဲလေးလက်ချင်း ဆုပ်ထားတာကိုပြုံးမိရင်း အကြည့်လွှဲသည်။

သူ့ရစကားကိုလည်း ဖျတ်ခနဲသတိရသည်မင်းကွာ ရည်းစားမရှိတော့ ပျင်းခြောက်ခြောက်ကပ်ကြီး မဟုတ်လား။

သူ့ဘဝဟာ စိုပြေမှုကင်းပြီးခြောက်သွေ့နေသလား။

ရည်းစားကတော့ မထားဖြစ်သေးတာအမှန်. . . ။

ညီညီသည် ထိုအချိန်ထိ သူ့နှလုံးသားတွေလှုပ်ရှားယိမ်းယိုင်သွားအောင် ပြုစားနိုင်မည့် မိန်းကလေးတစ်ယောက်ကို တွေ့ရတော့မည်ဆိုတာ မသိသေးပါ. . .။

ကော်လံကတုံး ရှပ်လက်ရှည်အဖြူနှင့် ယောပုဆိုးမှိုင်းလေးကိုဝတ်ကာ ရိုးသားသော လူရွယ်ကလေးသည် ခြေလှမ်းကျဲနှင့် ရုပ်ရှင်ရုံထဲဝင်လာသည်။

အပြင်မှာ ဈေးသည်တွေနှင့် ဆူညံရှုပ်ထွေးနေသည်။





အတွင်းမှာလည်း နေကြာ ကွာစေ့ စသဖြင့် မုန့်မျိုးစုံရောင်းတဲ့ ဆိုင်လေးတွေရှိတာပါပဲ။

ယုယတို့သာပါလာရင်တော့ မုန့်ဆိုင်နားပြေးဦးမှာ ညီညီက လက်မှတ်ရောင်းကောင်တာနားသို့ လျှောက်လာသည်။

ခုနှစ်ရာ ရှစ်ရာ တစ်ထောင်

အပေါ်ထပ်ဘယ်နေရာက ကောင်းမလဲ. . . ။

ရှေ့ရည်ရှိန်းလက်သည် သူ့ရှေ့မှောက်သို့ရောက်လာသော လူရွယ်လေးအား ခင်မင်စွာကြည့်မိသည်။

သူ့ပုံစံ သူ့မျက်လုံးအေးအေးတည်တည်လေးဟာ ရှိန်းလက်ကို နှစ်လိုစိတ်ဖြစ်စေသည်။

တခြားသော ကောင်ကလေးတွေနှင့် မတူသလို . . . သူ့ကမူယာက တည်ငြိမ်အဆင့်မြင့်သည်

ဘာရယ်လို့ သေချာမပြောတတ်ပေမယ့် လူ့ကိုမြင်ရကတည်းက လေးစားချစ်စရာရယ်လို့ အလိုလိုထင်မိတာပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



ဘာကြောင့်ရယ်မဆိုနိုင် . . .

" ဘယ်နှစ်စောင်ဖြတ်မှာလဲရှင်"

အသံချိုလေးကြောင့် လက်မှတ်ရောင်းကောင်တာက ကောင်မလေးကို ညီညီဖျတ်ခနဲစေ့စေ့ ကြည့်မိသွားသည်။

ပါးမို့မို့ မျက်လုံးဝိုင်းဝိုင်းနှင့်ကြည်လင်သော ကလေးရုပ်ကလေး

သူတို့နှစ်ဦးသား မျက်လုံးချင်းငြိစွယ်လျှက် ချက်ချင်းစကားမဆိုနိုင် . . .။

အထူးသဖြင့် ညီညီဆွံ့အငြိမ်သက်နေမိသည်။

ဒီလို ချစ်စဖွယ် မိန်းကလေးမျိုးလည်းရှိသေး တာပဲ။

သူရရဲ့ ရည်စားရှိသင့်တယ်ဆိုတဲ့ စကားကို ခုချက်ချင်း သူထောက်ခံချင်မိသည်။

ဟုတ်သည်။





ဒီလိုမိန်းကလေးတစ်ယောက်ကိုသာ ရည်စားဖြစ်ခွင့် ရရင်သူ့ရဲ့ချစ်သူလေးသာဖြစ်ခဲ့ရင် မမျှော်လင့်ဘဲ ညီညီ့ အတွေးထဲ အတင့်ရဲသွားမိ၏။

သူ့နှုတ်ခမ်းတွေလည်းအလိုလို ပြုံးနေမိတယ် ထင်တာပဲ။ ကောင်မလေးက တုန့်ပြန်ကာ ရှက်စနိုး မျက်လွှာချ သွားသည်။

လက်ထဲက ဘောပင်လေးနှင့် ထိုင်ခုံအကွက်ကျ ထားသော လျှောက်လွှာစာအုပ်ထဲအကြောင်းမဲ့ စွာ တတောက်တောက် ခေါက်မိသည်။

အို . . . ရင်ထဲဘယ်လိုလေးမှန်းမသိပါဘူး. . .

နူးညံ့တောက်ပသော သူ့ရဲ့အကြည့်လေးမှာ ရှုံးလက်ရင်ထဲ ပြောင်းဆန်သွားမိတာအမှန်။

ပွင့်လင်းတဲ့အကြည့် . . . နက်ရှိုင်းတဲ့ မျက်လုံး များဟာတမေ့တမောဆန်သည်။



www.burmeseclassic.com

www.burmeseclassic.com



" ဟို. . . လေးစောင် လေးစောင် ယူမယ်"

" ဟုတ်ကဲ့ ပွဲချိန်ကရော "

တိုးဖွဲ့သောအသံလေးကိုလည်း ညီညီသဘော ကျမိသည်။

ဒီနေရာက ခြေလှမ်းတောင်မရွှေ့ချင်တော့

ရွှန်းလက်ကလည်း သူ့ဆီက ရနေဟန်တူသော ခေါင်းလိမ်းဆီမွှေးရနံ့တစ်မျိုးကို ရှူရှိုက်နေတာ ရင်းနှီးနေသလိုလို . . .။

" မနက်ဖြန် ဆန်ဒေးဆိုတော့ မင်း ရပါတယ် ညပွဲလည်း ဖြစ်ပါတယ်"

ညီညီကစိတ်ထဲရှိသလိုပြောမိသည်။

မနက်ဖြန် သူမှ ကုမ္ပဏီမသွားရတာဘဲ . . . ဘာဖြစ်လဲလေ။

" နေရာရော . . . ရွေးဦးမလား"





" အလယ်က ပိုကောင်းမယ်ထင်တယ်ဗျ . . . နော်၊ အစွန်ကျတဲ့ထိုင်ခုံတွေ မဟုတ်ရင်ပြီးရောဗျာရပါတယ် . . ."

ရွှန်းလက်က ကြိုတင်လက်မှတ်လေးစောင်ကို ခပ်နွေးနွေးပဲ ဖြတ်ပေးလိုက်ပါသည်။

သိပ်မကျွမ်းကျင်တာကတစ်ကြောင်း . . . သူစိုက်ကြည့်နေတော့ ရင်ခုန်မိတာကတစ်ကြောင်းဆိုတော့ မယောင်မမှားအောင် မနည်းဂရုစိုက်ရပါသည်။

သူကောင်တာရှေ့မှာ လာရပ်နေသော ရွှန်းလက် အတွက် အားရှိစေသလို သူ့မျက်လုံးနွေးနွေး များကလည်း ရင်ဖိုစေရပါ. . ။

လက်မှတ်ဝယ်လို့က ပြီးပြီ. . . ။

ဘာဆက်ပြောရင်ကောင်းမလဲ။

ညီညီမကြံတတ်အောင်ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ခါတိုင်း စကားသွက်သောနှုတ်က ဒီတစ်ခါဘယ်လို ဖြစ်နေမှန်းမသိ. . .။

တစ်ထောင်တန်လေးရွက်ကို ပေးပြီးရင်ပြန်လှည့်ထွက်ရတော့မှာ . . .။

ထိုအချိန်မှာ နောက်ဖက်က လူတစ်အုပ်ထပ်ရောက်လာတော့ ပိုဆိုးသည်။

ကောင်တာရှေ့က ဖယ်ပေးရတော့မှာ

အမှန်တော့ လက်မှတ်ဝယ်ပြီးပြီမို့ လှည့်ထွက်ရုံပါ။

သူမမျက်နှာလေးကို ကြည့်မဝသေးလို့ လှည့်မပြန်နိုင်သေးတဲ့ ညီညီ့အမူအယာက သိပ်များသိသာနေပြီလား ။

ရှက်ရှက်နှင့် သူချွေးပြန်ချင်သည်။

" ကျေးဇူးတင်ပါတယ်"

ရွှန်းလက်က ထစ်ခွန်းဆိုသည်။





" ဟုတ်ကဲ့ . . . သွားပါဦးမယ် . . . "

ညီညီသည် မတတ်သာစွာ နှုတ်ဆက်လိုက်ရသည်။

သူမက ဆက်ပြီး လက်မှတ်ရောင်းပေးရဦးမှာ ပြီးတော့ ဘေးက ကောင်တာတွေမှာလည်း တခြားမိန်းကလေးဝန်ထမ်းတွေ ရှိနေသည်။

ပြီးတော့ ဒါဟာ သူမရဲ့ အလုပ်ချိန် . . . ပတ်ဝန်းကျင်လည်းရှိသေးသည်။

အကြာကြီးစကားရပ်ပြောလို့ ဘယ်ဖြစ်မလဲလေ။

ရွှန်းလက်ကို နှုတ်ဆက်ကြည့်လေးနှင့်တောက်ပစွာ ကြည့်သွားတာကို ရွှန်းလက်လည်းမမေ့. . .။

စိတ်လှုပ်ရှားစွာ ကျန်ခဲ့သည်။

ညီညီသည် ရုပ်ရှင်လက်မှတ်ကို အိတ်ကပ်ထဲ ထည့်ကာ ရုံအပြင်ထွက်လာရသော်လည်း စိတ်တွေက စောစောက ကောင်မလေးဆီ ကျန်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုဖြစ်မှန်းမသိ. . . ကောင်မလေးနားက မခွာချင်အောင်ဖြစ်တာ အံ့ဩစရာပါ။

ညီညီအရင်က ဒီလိုမဟုတ်ပါ. . .။

လည်ပြန်ထပ်ကြည့်မိသေးပေမယ့် လူတွေ ကွယ်နေတာကြောင့်ထိုကောင်တာသို့ မမြင်ရတော့ပါ။

ကံပါကွာ . . .

နောက်နေ့ပေါ့. . . နောက်ရက်ထပ် လာရုံပဲရှိတာပဲ။

ငါတော့ ဒီကားရုံကမဆင်းမချင်းနေ့တိုင်း လာဝင်ကြည့်ရတော့မလိုဖြစ်နေပြီ ဟား . . . ဟား . . .။

သူဘာဖြစ်သွားလည်း ညီညီပြုံးမိသည်။

ညီညီသည်ထိုကောင်မလေးကို လက်မှတ်ရောင်း ကောင်တာကဝန်ထမ်းမလေးလို့သာတွက်ခဲ့သည်။

လွယ်လွယ်လေးသာတွက်မိတာ . . .။





" မမရွှန်းလက် . . . ဖယ် သွယ်လာပြီ . . ."

" ဟေး ဟေး . . ."

" ဒီမှာ မမမှာတဲ့ အုန်းသီး ကူလ်ဖီး"

" ကျေးဇူးပဲ ညီမ"

သွယ်သွယ်က သူ့နေရာ သူ့ထိုင်ခုံမှာအမြန် ပြန်ဝင် ထိုင်သည်။

ရွှန်းလက်က သွယ်သွယ်ကို ကူလ်ဖီးဝယ်ခိုင်းလိုက်စဉ် အချိန်ခဏ အပျော်သဘောလက်မှတ်ရောင်းပေးကြည့်တာ ဖြစ်သည်။

အခုတော့ မမေ့နိုင်စရာ လူတစ်ယောက်နှင့် ဆုံခွင့် ရလိုက်သည်။

" မမ ပြန်ပြီလား . . ."

" အင်း . . ."



www.burmeseclassic.com

www.burmeseclassic.com



" နောက်လည်း လာလည်ဦးနော် . . . "

" အင်းပါ လာခဲ့မယ် "

ရွှန်းလက်မျက်နှာလေးက ထိုအချိန်မှာ ပြုံးချိုနေခဲ့၏။

သူမနှလုံးသားမှာကြည်နူးလန်းဆန်းနေခဲ့ရတာ အမှန်ပါ . . ။

ရှင်နဲ့ ပြန်ဆုံချင်ပါသေးတယ်ကွယ်။

✧ ✧ ✧ ✧ ✧

မထားမှီက ချည်သားနံ့သာရောင်ဝမ်းဆက်လေးကို အသင့်လဲထားပြီး ပိုက်ဆံအိတ်ထဲလည်း လိုလိုမယ်မယ်ပိုက်ဆံ ထပ်ထည့်ထားသည်။

အခန်းထဲဝင်ပြီး သမီးလေး နဖူးကိုနမ်းလိုက်။ ဧည့်ခန်း ပြန်ထွက်ပြီး နာရီကြည့်လိုက် . . . အပြင်ဝရံတာထွက်ပြီး မောင်လေးညီညီကို မျှော်လိုက်လုပ်နေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



သမီးလေး ယုယမှီမှာ မနက်ကတည်းက ကိုယ်နည်းနည်းနွေးနေပြီး နေ့လည်ကျတော့ အပြင်းဖျားလာတာ။

မထားမှီလည်း အိမ်မှာရှိတဲ့ ပါရာတစ်ခြမ်း ပေါလစ်ပူပူကိုတိုက် . . . အဖျားကျသော ရေခဲဖတ် အုပ်ပေးနှင့် ပြုစုသော်လည်း ညနေထိကို ပူရှိန်ကရှိနေတော့ စိတ်မအေး။

" မောင်လေးကလည်း ဒီနေ့မှ ကြာလိုက်တာ . . . "

နှုတ်မှ ထုတ်ညည်းမိတဲ့အထိ . . .။

" မေမေ . . . "

" ဟင် . . . "

" ညီမလေးကို ဆေးခန်းခေါ်သွားမှာလား "

လူခန့်လေးကလည်း ခေါက်တုန့် ခေါက်ပြန် လျှောက်နေသော မထားမှီကို ကြည့်ကာ စိတ်ဝင်တစား မေးလာသည်။





" အင်း "

" သားကိုဟိုတစ်ခါ ဆေးထိုးသလိုမျိုးအပ်အကြီးကြီးနဲ့ ထိုးမှာလား"

" ဆေးကတော့ ထိုးရမှာပေါ့ကွယ် . . . "

" ဒါဆို သားမလိုက်တော့ဘူး "

အရေးထဲလူခန့်က ဆေးထိုးခံရမှာ ကြောက်နေသေးသဖြင့် မထားမှီပြုံးမိသည်။

ခါတိုင်းဆိုအပြင်တစ်နေရာ သွားတိုင်းလိုက်ရမှလေ။

မောင်လေး လက်ဖက်ရည်ဆိုင်ထွက်ရင်တောင် တစ်ခါတစ်ခါ ဂျီကျပြီး လိုက်ရှုပ်တတ်သေးတာ။

အခုမှပဲ မလိုက်ဘူး ဖြစ်တာ. . .။

" ဒါဖြင့်လည်း သားအိမ်မှာ ကောင်းကောင်းနေနော် နောက်ခဏကြာလို့မှ ဦးညီမလာရင် မေမေပဲ ဆေးခန်း သွားလိုက်မယ် သိလား . . . "



www.burmeseclassic.com

www.burmeseclassic.com



" ဟုတ်ကဲ့ . . . "

မထားမှီတို့ ပြောဆိုနေခိုက်မှာပင် ညီညီအိမ်ထဲ လှမ်းဝင်လာသည်။

" မထားမှီရေ ကျွန်တော် မလေးရှားခေါက်ဆွဲကြော် ဝယ်လာတယ်ဗျ . . . ကြိုက်တယ်မဟုတ်လား . . . ယုယလေးရော သား လူခန်း လာကွာ စားပွဲပေါ် သွားထား . . . "

ညီညီက နှုတ်မှပြောရင်း မထားမှီကို သတိပြုမိစွာ

" ဟာ . . . မထားမှီက အပြင်သွားဖို့လား . . . "

" ဟုတ်တယ် မောင်လေးရေ . . . ထားမှီ မောင်လေးကိုစောင့်နေတာ သမီးလေး ဖျားနေလို့ . . . "

" ဗျာ ဟုတ်လား "

" အင်း . . . ကိုယ့်အရမ်းပူတယ် အန်လည်း အန်တယ် တော်ကြာ သွေးလွန်တုပ်ကွေးတွေ ဘာတွေ ဖြစ်နေမှာစိုးလို့ . . . စိတ်ပူနေတာ . . . "





" ဟာ . . . စိတ်မပူပါနဲ့ မဖြစ်နိုင်ပါဘူး ရိုးရိုးဖျားတာ နေမှာပါ အဖျားတိုင်းကြည့်လား ဘယ်လောက်ရှိလဲ . . . "

" ဟန်ဒရက်တစ်တူးရှိတယ် မောင်လေးရဲ့ . . "

" ဒါဆိုလည်း ဆေးခန်းသွားလိုက် တာပေါ့ . . . "

" အခုမှပြန်လာ . . . ချက်ချင်းပြန်ထွက်ရရင် မောင်လေး မောနေမှာပေါ့ . . . "

" ရပါတယ်ဗျာ ကျွန်တော့်အတွက်က အေးဆေးပါ"

ညီညီက ယုယမှီကို ပါးလေးစမ်းကာ နဖူးစမ်းကာနှင့် ထယုတယ စမ်းသပ်ပြီးမှ ချီပိုးခဲ့ပါသည်။

ထားမှီက ပိုက်ဆံအိတ်လေးဆွဲကာ ညီညီနောက်မှ ပါလာသည်။

မောင်လေးပြန်ရောက်လာတော့ အလိုလိုအားရှိ သွားတာပါပဲ။

ရိုးသားစွာ အားကိုးမိပါတယ် မောင်လေးရယ် . . . "



www.burmeseclassic.com

www.burmeseclassic.com



ကျေးဇူးလည်းတင်ပါတယ်။

ထားမှီစိတ်ထဲက ဆိုမိသည်။ တကယ်လည်း အိမ်ရဲ့ဘာကိစ္စပဲဖြစ်ဖြစ် ညီညီက ရှေ့ကဦးဆောင်ဖြေရှင်းပေးသည်မဟုတ်လား . . .”

အထူးသဖြင့် သူက ထူးဆန်းစွာပဲ လူလွတ်ဆိုပေမယ့် ကလေးတွေရဲ့ ကရိကထနှင့် အနွံ့အတာကို ခံနိုင်ရှာသည်။

ဘယ်တော့မှမညည်းညူတတ် . . .

ထားမှီကမှတစ်ခါတစ်ရံ စိတ်မရှည်ချင်မိတာရှိတတ်သေးသည်။

သူကတော့ အမြဲတမ်းစိတ်ရှည်သဘောကောင်းပေးတတ်သည်။

ညီညီသည် တူမလေးကို ချီလို့ကာ လမ်းထိပ်ဆေးခန်းရှိရာ ထွက်လာရသဖြင့် ဝယ်ထားသော ရုပ်ရှင်လက်မှတ်အကြောင်းကိုပင် မပြောဖြစ်သေးပါ . . . ။





“ မောင်လေး ပေးပေး . . . ထားမှီ တလှည့်ချီမယ်”

“ ရပါတယ်ဗျာ . . . နေစမ်းပါ”

ဆေးခန်းရောက်တော့လည်း လူနာတွေများနေတာမို့ ထိုင်စောင့်နေရသည်။

ယုယမှီလေးက နေမကောင်းတော့ တအီအီနှင့်မို့ အပြင်ထွက်လမ်းလျှောက်နေရပါသည်။ ညီညီ ယုယမှီအား ကျောလေး ပွတ်ကာ ခေါင်ကလေးပွတ်ချော့မြူလို့ ထိန်းထားပေးသည်။

ထားမှီက ဆေးစာအုပ်လေးလက်ထဲကိုင်ပြီး ထိုင်စောင့်နေရုံ . . . ။

အလှည့်ကျတော့မှဆရာဝန်နှင့် ဝင်ကြ

သွေးလွန်တုပ်ကွေး ဟုတ်မဟုတ် စစ်ဆေးပြီး မဟုတ်ဘူးဆိုမှ သက်ပြင်းချနိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



ညီညီလည်း စိတ်အေးသွားတယ်။

ဆေးခန်းကပြန်ရောက်တော့မှ အတူတူထမင်းဝိုင်းဖွဲ့စားဖြစ်သည်။

"ကျွန်တော်က မနက်ဖန်ရုပ်ရှင်သွားကြည့်မယ်လို့ စီစဉ်ထားတာဗျာ ဒီရောက်တော့ ယုယက နေမကောင်းဘူးဆိုတော့ မတတ်နိုင်ဘူး . . . နောက်တစ်ရက်မှပဲ သွားကြည့်ကြတာပေါ့ဗျာနော် . . ."

"အေးလေဟယ် . . . ယုယက အချိန်ကိုက်ဖျားတာကိုး . . ."

"မေမေ . . . အခုလား . . . သမီးလည်း ရုပ်ရှင်လိုက်မယ် . . ."

"အမယ် ကြည့်စမ်း . . . အခုမှ နည်းနည်းချွေးထွက်လာတယ်ဆို သူက ရုပ်ရှင်ကြည့်ဦးမတဲ့ . . ဟင်း . . ဟင်း"

ဆေးခန်းက ပြန်ရောက်တာနှင့် သိသိသာသာ





သက်သာသွားပြီ စကားသံလေးပါကြားရပြီမို့ ထားမိုရောညီညီပါ ပျော်သွားရသည်။

"အေးပါကွာ နေကောင်းတာနဲ့ ညီညီ လိုက်ပို့ပေးမယ်စိတ်ချ . . . ရုပ်ရှင်တင်မကဘူး တိရစ္ဆာန်ရုံပါလိုက်ပို့ပေးမယ် . . ဘယ်လိုလဲ"

"ဟေး . . . ဒါမှ ဦးညီကွ . . ."

"ဦးညီ . . . ဟက်ပီးဝေါရောနော် . . ."

"အေးအေး သွားချင်တဲ့နေရာတွေ စုံအောင်သာစဉ်းစားထားပေတော့ . . ."

သူ့ကိုနှစ်ယောက်သား ပူဆာတောင်းဆိုနေရတာကိုကြည့်ပြီး မထားမိုက ပြုံးနေ၏။

သူတို့ရဲ့ သံယောဇဉ်ကမ္ဘာလေးက သက်ဝင်စိုပြေလို့ချမ်းမြေ့သာယာနေသည်။

✧ ✧ ✧ ✧ ✧



www.burmeseclassic.com

www.burmeseclassic.com

ထိုဆန်းဒေးညနေမှာ ရွှန်းလက်သည် သူငယ်ချင်းဖြစ်သူ၏ ကင်္ဂမတ်တစ်ကုန်ပစ္စည်း ပရိုးမိုးရှင်းပွဲကို တက်ရောက်နေခဲ့ ရသည်။

သူငယ်ချင်းက လာဖိတ်သဖြင့် မော်ဒယ်က ပက်ရှင်ရှိုးမှာ ဧည့်ပရိုက်သတ်တစ်ဦးအဖြစ် ထိုင်ကာ ကြည့်ရှုနေခဲ့စဉ် ရွှန်းလက် စိတ်ထဲ ဒီအချိန် သူရှုပ်ရှင်လာကြည့်မှာလားဟု သတိရစိတ်ဖြစ်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



သူလက်မှတ်လေးစောင် ဝယ်ထားတာမှတ်မိသည်။

သူဝယ်ချင်းတွေနှင့် ကြည့်မှာမို့လား . . .

ဒါမှမဟုတ်တစ်ခြား မိသားစုတွေ ဘာညာအတွက် လာဝယ်ပေးတာလား . . .။

သူ့ပုံစံလေးက ရှင်းသန့်ရိုးသားတည်ကြည်စွာ ခင်မင်နှစ်လိုဖွယ်ကောင်းသည်။ သူ့အကြောင်းကိုဘာမှမသိဘဲ၊ သူဘယ်လို လူစားမျိုးလည်း မသိဘဲ ဒီအတိုင်း နှစ်သက်မိခြင်း သက်သက်မို့ ရွှန်းလက်ကထိုခံစားချက်ကလေးကိုပင် မြတ်နိုးမိပါသေးသည်။

တပ်မက်မှုတွေကင်းတဲ့ ပကတိအဖြူရောင် ဆန္ဒမှုလေး မဟုတ်လား . . .။

" ရွှန်းလက် "

" ဟင် "





" အဖြူလေးလျှောက်တာလှတယ်နော် သူ့ပဲ ဖတ်စိစ်စွဲမယ်ထင်တယ် "

" အင်း . . . "

အခုမှ အဖြူရောင်ဂါဝန်နှင့် မော်ဒယ်လေးကိုကြည့်မိတော့သည်။

ကိုယ့်အတွေးကိုယ်လည်းပြုံးမိပါသည်။

အမှတ်တမဲ့ ဆုံဖူးတဲ့ လူထစ်ယောက်ကိုသတိရနေမိတာ . . .။

" နောက်ဆန်းဒေးမှာ ဆုပေးပွဲလုပ်ဦးမှာ အဲဒီကျရင်လည်း လာအားပေးရမယ်နော် "

" လာဖြစ်မယ်ထင်ပါတယ် . . . "

" မရပါဘူး . . . ထင်ပါတယ် မလုပ်နဲ့ ရွှန်းလက် မလာလို့မရဘူး . . . ဒါပဲ . . . "



www.burmeseclassic.com

www.burmeseclassic.com



" ကတိမပေးဘူးဆိုတာက ဖေဖေကုမ္ပဏီက ရှေ့တပတ်ထဲ ခရီးထွက်ရင်ထွက်ကြမှာ . . . အဲဒါကြောင့်"

" မသက်ဖုန်းဆက်နေမှာပဲဥစ္စာ"

" အင်းပါ ရန်ကုန်မှာရှိရင် လာခဲ့ပါ့မယ်"

" ရွှန်းလက်အဖေကတော့ အရမ်းအလုပ်လုပ်တယ်နော် ကုမ္ပဏီတွေရော မွေးမြူရေးလုပ်ငန်းတွေရော . . . ရုပ်ရှင်ရုံတွေလည်း ပိုင်သေးတယ် . . ."

" ဟင်း ဟင်း . . . ရွှန်းလက်ကတော့ စီးပွားရေးဒီလောက်မရဘူး . . . အဖေခြေရာကတော့ တော်တော်နင်းမယ် . . ."

" ရွှန်းလက်တို့က ဘာရောလုပ်စရာလိုမှာလည်းနော် ရေကန်အသင့်ကြာအသင့်ပဲဥစ္စာ . . ."





" အဲလိုတော့လည်း မဟုတ်ပါဘူး ရွှန်းလက်လည်း ကိုယ်ဝါသနာပါတာလေးတော့ လုပ်ချင်ပါတယ် ဖေဖေတို့လို ဘာက်စုံတော့ မရဘူး "

" ဒါဆိုလည်း မသက်တို့နဲ့ ရှယ်ယာလုပ်ပါလား" ကော့စမတ်တစ်ပစ္စည်းအသစ်တွေ သွင်းလာပေါ့ မိန်းကလေးဆိုတော့ အလှပြင်ပစ္စည်း အကြောင်းလည်း နားလည်ပြီးသား . . .။

" နေပါရစေဦး ခပ်အေးအေး . . စီးပွားရေး လောကထဲဝင်မိပြီဆို အရမ်းအလုပ်ရှုပ်မှာ ဖေဖေပဲကြည့် နားကိုမနားရဘူး သူ့မှာ ရွှန်းလက်ကဘာလုပ်ရမလဲ လေ့လာနေတုန်းပဲလေ ဟင်း ဟင်း"

ရွှန်းလက်တို့စကားဆိုနေတုန်း မြူးကြွသော တေးသံနှင့်အတူအကအဖွဲ့ဖျော်ဖြေမှုကိုတင်ဆက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးတွေ လှလိုက်ကြတာ . . .။ ကကြ ခုန်ကြတာများလဲ အဆင့်မြင့်ကကွက်တွေနှင့် အသက်ရှူမှားလောက်အောင် မြန်ဆန်တက်ကြွသည်။

ပရိတ်သတ်ကလည်း လက်ခုပ်ဖြောင်းဖြောင်းတီးကာ အားပေးကြသည်။

" ဟဲ့ . . . တော်ကြသားပဲ ဒါဘယ်မော်ဒယ် အေးဂျင်စီကလဲဟင် . . ."

ဘေးနားက အဒေါ်ကြီးတစ်ယောက်က စပ်စုနေကြသည်။

ကြည့်ရတာ သူနှင့်နီးစပ်သူတွေကို သင်တန်းတက်ဖို့ အပ်နှံပေးတော့မလားမသိပါ။

ရွှန်းလက်တို့ တစ်ယောက်နှင့်တစ်ယောက် မျက်ခုံးပင့်ကာ ကြည့်မိကြသည်။





" ရွှန်းလက်ရေ . . . ကြည့်တဲ့လူတောင် ကချင်လာပြီထင်တယ် . ."

အင်း . . . လူဆိုတာကလည်း ကိုယ့်ဝါသနာနှင့်တိုယ်ကို . . ."

ရွှန်းလက်လည်း အိမ်မှာတော့ အခွေဖွင့်ပြီးကတဲ့အခါတပါသည်။ ကျန်းမာရေးအတွက်လုံလောက်ရုံလောက်ပါပဲ ။ အားကစားသဘောမျိုး . . ."

ဘေးကနေကောင်လေးတစ်ယောက် ဖြတ်လျှောက်သွားရာ သူနှင့်ဆင်တူသလိုထင်မိကာ လိုက်ကြည့်မိသည်။

သူရော . . . ရွှန်းလက်အကြောင်း ပြန်စဉ်းစားမိမလား . . .

သိချင်လိုက်တာနော်

ပရိုမိုးရှင်းပွဲပြီးတော့ ကော်ဖီဆိုင်မှာ ဆိုင်ကြသေးသည်။ ဆိုင်မှာဖွင့်ထားတဲ့ သီချင်းလေးကချစ်စရာ



www.burmeseclassic.com

www.burmeseclassic.com



R ဇာနည်နဲ့ ဆုန်သင်းပါရ်ရဲ့ အသံ . . . ။

ချစ်လား . . . ပြောဖို့ မဝံ့မရဲ ဖြစ်နေတယ် . . .

ချစ်လားလို့မမေးနဲ့ . . . ရင်နင့်အောင်ကွယ် . . .

အတွေးများစွာရယ် . . . ထိန်းချုပ်သူပဲ . . .

အချိန်တိုင်းပဲကွယ် . . . တမ်းတရသူ အချစ်လေးရယ်။

ချစ်လား . . . ချစ်လား . . . ချစ်လား။

ချစ်လား . . . စကားတစ်ခွန်းလောက်

ဖြေကြားစေချင်တယ် . . .

ချစ်လား . . . ကိုယ့်အသည်းများ ကြေမွပြီကွယ် .

အလှအပတွေရယ် နှိုင်းဆမမှီပဲ . . .

စံထားလောက်အောင်ကွယ် . . . စွဲမက်ရသူ အချစ်လေးရယ် . . . ။

ချစ်လား . . . ချစ်လား . . . ချစ်လား . . . ။

✧ ✧ ✧ ✧ ✧



ညီညီသည် လက်ဖက်ရည်ခွက်ကိုပြန်ချထားလိုက်ကာ ဆိုင်တွင်းမှာ ဖွင့်ထားတဲ့တီဗွီဆီမော့ကြည့်မိသည်။

ဒါတိုင်းဆို လက်ဖက်ရည်ဆိုင်လာထိုင်အပြင်စားပွဲမှာ ထိုင်ပြီး သူရနှင့်စကားပြောချင်ပြော စီးကရက် သောက်ရင်သောက်နှင့် ဆိုင်တွင်းမှာဖွင့်ထားတဲ့ တီဗွီဖန်သား ပြင်ဆီအာရုံမရောက်ပါ။

ဒီညတော့ ဖွင့်ထားတဲ့ ဗွီစီဒီသီချင်းလေးကို သဘောကျမိလို့ပါ။



www.burmeseclassic.com

www.burmeseclassic.com



အခုတလော ထွက်တဲ့အခွေလေး . . .

R ဇာနည်နှင့် ဆုန်သင်းပါရ် . . .

ဖွင့်ဟမပြောချင်သေးလည်း အားတင်းပေမယ့်

ချစ်တဲ့ စိတ်တွေ . . . နှလုံးသားက . . .

ပြည့်နှက်နေတယ် . . .

ရှန်းထွက်မရအောင် ဖမ်းစားတဲ့ . . .

အလှအပတွေကြောင့် . . .

ချစ်လား . . .

ဆိုဖာပေါ်မှာ အတူထိုင်ကာ ဆုန်သင်းပါရ်က R ဇာနည်ဖက်ရွှေ့ကာရွှေ့ကာပိုနီးကပ်အောင်တိုးသွားပုံကြောင့် သူပြုံးမိသည်။

ရိုက်ကူးထားပုံလေးက ချစ်စရာ . .

အသံလေးတွေလည်း တော်တော်ကောင်းသည်





ထိုသီချင်းလေးက ဘာကြောင့်မှန်းမသိ ညီညီ့နှလုံးသားတွေကို နူးညံ့ပျော့ပျောင်းလာစေသည်။

ညီညီ့မျက်နှာပြုံးလာရသည်။

" ညီညီ . . . "

သူရအံ့နားကပ်ခေါ်တာကိုပင် သူမကြား . . .

" ဟေ့ကောင် "

" ဟင် "

" ငါပြောတာကြားရဲ့လား"

" ဘာကိုလဲ"

" မြင့်မိုးတို့ မနေ့ညက ရန်ဖြစ်ကြတယ်တဲ့ . . . "

" ဟုတ်လား "

" မင်းကစကားပြောတာ ငါ့ကိုမကြည့်ဘဲ ဘယ်ကို လျှောက်ကြည့်နေတာလဲကွာ . . . "



www.burmeseclassic.com

www.burmeseclassic.com



" သီချင်းလေးကောင်းလို့ပါ"

" အရေးထဲကွာ . . ."

သူရက ကျွတ်ခနဲရေရွတ်သည်။

ခုတလော ဒီကောင် ညီညီ ဘာဖြစ်နေလဲမသိ။

လက်ဖက်ရည်ဆိုင်ထိုင်ပြီး ဗွီစီဒီဖွင့်ထားတာလည်း စိတ်ဝင်စားလို့ဝင်စား . . .။

လမ်းထဲက ဂစ်တာတီးတဲ့ ကောင်လေးတွေနှင့် အတူရောပါပြီး သီချင်းဟစ်လို့ဟစ်နှင့် . . .

အတော်ထူးခြားနေသည်။

" မင်း ဘာဖြစ်နေတာလဲ "

" သူရကွာ . . . ငါသီချင်းကောင်းကောင်းမကြည့်ရဘူး"

" မင်း ဘာသာ ဘာဖီလင်တွေဝင်နေမှန်းမှမသိတာ"

သူရပြောစကားကြောင့် ညီညီရယ်မိသည်။





" ဟိုတစ်ရက်ကလည်း ရုပ်ရှင်လက်မှတ်ဝယ်ပြီးမှ ယုယလေးနေမကောင်းလို့ မကြည့်လိုက်ရဘူး . . ."

" ဟ . . . အဲဒါမင်းပြောတာ ဆယ့်ခြောက်ခါပြည့်ပြီ။ နောက်ရက်ပြန်ကြည့်ပြီးပြီမို့လား . . . ဒီရုပ်ရှင်အကြောင်းပဲ ပြောလို့မဆုံးဘူး . . . ဘယ်နှစ်ခါရှိနေပြီလဲ . . ."

" ငါသွားထပ်ကြည့်မလို့ . . . မနက်ဖန် မင်းလိုက်ခဲ့ . . ."

" ဟာ . . . ရုပ်ရှင်မကြိုက်ပါဘူး . . . ဘာလုပ်မှာလဲ"

" မကြိုက်လည်း ကြည့်ကွာ . . ."

" ညီညီ . . . မင်းလည်းမလွယ်ဘူး ကလေးတွေနဲ့ ပေါင်းပြီး ကြီးပေါကြီးဖြစ်နေပြီ ရုပ်ရှင်တွေ ကစားကွင်းတွေက ကလေးတွေ သွားတာကွ . . . ငါတို့နဲ့ ဘာဆိုင်လဲ"

" မဆိုင်လဲ သွားရင်ရတာပဲ . . . လိုက်ခဲ့ပါဆို မင်းက ဘာဖြစ်နေတာလဲ သူရ ရုပ်ရှင်က ငါပြမှာပါ . . ."

www.burmeseclassic.com

www.burmeseclassic.com



"မင်းအလကားပြောလည်း ငါအချိန်ကုန်တယ် ... ပျင်းတယ်"

"နေကွာ ... ပြီးတာပဲ"

ညီညီမျက်နှာတင်းသွားတာကြောင့် သူရ အနည်းငယ် ပြန်လျှော့ပြီး ...

"ဘာကားမို့လို့ ဒီလောက်ကြည့်ချင်ရတာလဲ ... ပြောစမ်းပါဦး ..."

"ဘာကားဆိုတာက အရေးမကြီးဘူး .. ငါ့အဲဒီ ရုံမှာပဲ သွားကြည့်ချင်တာ ..."

သူရမျက်ခုံးပင့်သွားကာ ညီညီ့စကားခပ်ဆန်းဆန်းကို သတိပြုလာမိသည်။

"ဘာကြောင့်လဲ"

ညီညီကဆံပင်တွေတစ်ချက်ဖွကုတ်ပစ်လိုက်သည်။ သူရကို ပြောပြရင်ကောင်းမလား ..။





သူငယ်ချင်းရင်းရင်းနှီးနှီးတိုင်ပင် စရာကလည်းသူရပဲ ရှိတာ။

"မြူစိစိလုပ်မနေနဲ့ ... ရှင်းရှင်းပြော ..."

ညီညီက အရှက်ပြေတချက်ရယ်လိုက်မိ၏။

သူရက သူ့ကိုအကဲခတ်နေသည်။

"လက်မှတ်ရောင်းတဲ့ ကောင်တာမှာ ထိုင်တာကွာ ... ကောင်မလေးတစ်ယောက် ..."

သူ့စကားကြောင့် သူရက မျက်ခုံးစုံပင့်ကာ မျက်နှာက ပြုံးစိစိဖြစ်လာသည်။

"အခုတော့ မင်းလည်း အသက်ရှည်ဆေးအကြောင်း သိပြီပေါ့ ... ငါ့အစ်မတုန်းကတော့ ဘာဖြစ်တယ် ညာဖြစ်တယ်နဲ့ သိက္ခာတော်ရုပ္ပကိုလ်လုပ်နေတယ် ... အခုမှ"

"သူက ချစ်စရာလေးကွ ..."



www.burmeseclassic.com

www.burmeseclassic.com



" ရှပ်ရှင်ရုံကဝန်ထမ်းပေါ့ . . . ငါတို့ကလည်း ကုမ္ပဏီဝန်ထမ်း . . . အိုကေသားပဲ . . ဘဝချင်းတူပဲ . . . မင်းနဲ့ အခြေအနေဘယ်လိုရှိလဲ . . . "

" အဲဒါ ပြောမလို့ကွ ငါစိတ်ညစ်နေတာ . . . "

" မင်းက ရုပ်ဝေးရုံပဲလား အဲဒီမှာတစ်နေတာလား"

" မဟုတ်ဘူး သူ့ကိုထပ်ကိုမတွေ့သေးတာ . . . နေရာမှာ တခြားကောင်မလေးတစ်ယောက်က ထိုင်တယ်ကွာ . . . ငါစုံစမ်းကြည့်တော့လည်း ဝန်ထမ်းက အဲဒီကောင်မလေးတွေ အကုန်ပဲတဲ့ . . . "

" သူအလုပ်ထွက်သွားတာလား "

" အလုပ်ထွက်တဲ့သူလည်း မရှိဘူးတဲ့ကွ . . . အဲဒါ ငါဘယ်လိုလုပ်ရမှန်းမသိဖြစ်နေတယ် . . . ဆက်မေးရင်လည်း ကောင်မလေးတွေငါ့ကိုရယ်တော့မှာ . . . "





" မင်းဥစ္စာကမဟုတ်သေးပါဘူး သူ့နာမည်ရောမသိဘူးလား"

" မသိလို့ပေါ့ကွ . . . ငါက နောက်နေ့လည်း သူရှိနေမှာပဲလို့ လွယ်လွယ်တွက်လိုက်တာ . . . အခု ငါးခေါက်ရောက်ပြီ . . . သူ့ကိုမတွေ့ဘူးဖြစ်နေတယ် . . . ခွင့်ယူထားတာများလား . . . ဘာလား . . . ငါလည်းစဉ်းစားတာပဲ . . . ဒါပေမယ့်လည်း မသေချာဘူးကွာ"

" မင်းက ဘယ်လိုသွားမေးနေလဲမှ မသိတာ . . . "

ညီညီ့မျက်နှာ ရှုံ့မဲ့နေသည်။

တိုင်ပင်ကာမှ ဒီကောင်သူရကာ အပြစ်တင်နေသည်။

" မင်းကြိုက်တာသေချာမှဖြင့် တစ်ခါတည်းဘာလို့ မကြိုးစားခဲ့တာလဲ . . . နာမည်လေး လိပ်စာလေးမှ မသိတာတော့ မင်းဥစ္စာ မဟုတ်သေးပါဘူး . . . "



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုဖြစ်မယ်လို့ ဘယ်ထင်မလဲကွာ တွေ့တွေ့ချင်း တုန်းက ငါလည်း သတ္တိမရှိဘူး ဒါမျိုး တစ်ခါမှလည်း အတွေ့အကြုံမှမရှိ တာဘဲ. . . ”

“ အဲဒါ မင်းဆိုးတာပေါ့ တေုံးရ. . . အစကတည်းက မင်းကို ရည်းစားလေးဘာလေး ရှာရအောင်လို့ငါပြောသားပဲ . . . ရုံးက ကောင်မလေးတွေ ဒီလောက်အရေးပေးတာကို မင်းကလေ . . . ရေခဲတုံးကြီးဖင်ခုထိုင်နေတယ်။ အခု ကြိုက်တာလေးလည်းတွေ့ရော . . . ပါးစပ်ကြီးက ပိတ်နေတော့ ခက်တော့တာပေါ့ကွာ . . . ”

“အေးပါ . . . လုပ်စမ်းပါ ဆရာကြီးရာ . . . မင်းလိုက်စုံစမ်းပါ . . . ငါသူ့ကိုတွေ့ချင်တယ်ကွာ . . . စိတ်ထဲမှ သူ့ကိုပဲစွဲနေတယ် . . . အိပ်မက်တောက် မက်တယ်ကွာ. . . ခုအိပ်မက်ထဲမှာတော့ ငါတို့နှစ်ယောက် ပြန်တွေ့တာချည်းပဲ . . . ”





ညီညီ စိတ်ပါလက်ပါ ရှိနေတာ သိရတော့လည်း သူရက အပြစ်မတင်တော့ပါ . . .။

နေ့တစ်ဝက်ရုံးကလစ်ကာ ညီညီနှင့် ရုပ်ရှင်အဖော် လိုက်ကြည့်ဖို့ သူရဆုံးဖြတ်လိုက်သည်။

ညီညီဒီလို အရူးအမူး စိတ်ဝင်စားတာဘယ်လို မိန်းကလေးလည်းဆိုတာ သူလည်း သိချင်ပါသေးသည်။

✧ ✧ ✧ ✧ ✧



www.burmeseclassic.com

www.burmeseclassic.com

သူ့ရဲ့ဝိုင်းဝန်းစုံစမ်းပေးသဖြင့် ရုပ်ရှင်ရုံတစ်ရုံလုံးက ဝန်ထမ်းစာရင်း အသစ်အဟောင်း အကုန်သိရပေမယ့် သူ့မကိုဖြင့် လုံးဝမတွေ့ရပါ . . .။ အပေါ်ထပ်က ရုံးခန်းမှာ ထိုင်တာကျတော့ ကလေးအမေတဲ့ . . .။

ဒီလိုမှဖြင့် အဲဒီနေ့က ညီညီတွေ့လိုက်ရတဲ့ မိန်းကလေးက ဘယ်ရောက်သွားပြီလဲ . . .



www.burmeseclassic.com

www.burmeseclassic.com



သေချာတာကတော့ ဒီရုပ်ရှင်ရုံကပါပဲ ။မမှားနိုင်

ချစ်စဖွယ်ဟန်ပန်နှင့် ချိုသောစကားသံလေးကို

ကြားနေမိဆဲပါ . . . ။

ကျွန်တော်မေ့လို့မရဘူး . . .

တွေ့ခွင့်မရတော့ဘူးဆိုမှ ပိုပြီးတွေ့ချင်လာတယ်ဗျာ။

ကျွန်တော်တို့နှစ်ဦးရောက်ရှိတယ်ဆိုရင်

ပြန်ဆုံချိန်လေးရှိလာဦးမှာပါ . . . ။

ကျွန်တော် ယုံနေမိတယ်ဗျာ . . . ။

✧ ✧ ✧ ✧ ✧



ချစ်လား ပြောဖို့ မဝံ့မရဲ ဖြစ်နေတယ် . . .

ချစ်လားလို့ မမေးနဲ့ . . . ရင်နင့်အောင်ကွယ် . . .

အတွေးများစွာရယ် . . . ထိန်းချုပ်သူပဲ . . .

အချိန်တိုင်းပဲကွယ် . . . တမ်းတရသူ

အချစ်လေးရယ် . . . ။

စေ့ထားသောဝင်းတံခါးဘေးက တံခါးပေါက်

သေးသေးကနေ ခပ်တည်တည်ဝင်လာခဲ့ပြီး တိုက်ရှေ့သံပန်း

တံခါးနားရောက်မှ ညီညီ မျက်နှာလေး တမျိုးဖြစ်သွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



ညည့်ခန်းဆီမှ ကြားလိုက်ရသောသီချင်းသံကြောင့် အလိုလိုနေရင်း သူရင်ခုန်မြန်သွားမိသည်။

တစ်ခုခုကစေ့စပ်လိုက်သလို သူ့အာရုံထဲမှာ ခံစားမှုတစ်မျိုး ဖြစ်ပေါ်လာသည်။

တံခါးဘောင်းက ဘဲလ်ဖုဖြူဖြူလေးကို မနှိပ်သေးဘဲခဏ ရပ်နေမိ၏။

ရွှေရည်ရွှန်းလက်က ဂါဝန်အဖြူလက်ပြတ်လေးနှင့် နှစ်ယောက်ထိုင်ဆိုဖာပေါ်လှဲကာ ဗွီစီဒီ ဖွင့်ကာ ကြည့်နေသည်။

ခုတလော ဒီသီချင်းလေးကို ကြိုက်နေမိလို့ပါ . . .။

ညည့်ခန်းသို့ ထွက်လာသော ဆံပင်တိုကပ်ကပ် အသားညိုညိုပိန်ညှပ်ညှပ် ကလေးမလေးတစ်ယောက်က ညီညီ့ကို မြင်တော့ "ဘာကိစ္စရှိပါသလဲရှင်" ဟု ရိုသေ ယဉ်ကျေးစွာလာမေးသည်။





" လူကြီးရှိရင် ခေါ်လိုက်၊ အန်ကယ်စော လွှတ်လိုက်တယ်ပြော . . ."

" နီမ . . . ညည့်သည်လား . . ."

ရွှန်းလက်က အသာထထိုင်ရင်း လှမ်းမေးသည်။

"အန်ကယ်စောလွှတ်လိုက်တာတဲ့ . . ."

" ဟင် ဟုတ်လား . . . မြန်သားပဲ ဒါကဖေဖေကြီး ဖုန်းဆက်ထားပေမယ့် ဒီလောက်မြန်မြန်ရောက်လာမယ်လို့ ခေါ်လိုက်လေ . . . တံခါးသော့ဖွင့်ပေးလိုက် . . ."

ဒီတော့မှ နီမက သော့ပြေးယူကာဖွင့်ရင်း . . .

" အထဲကိုကြွပါရှင် မမလေးရှိပါတယ် . . .

ရယ်တော့ ရယ်ရသား . . .

ပြုံးနေသော ညီညီ့မျက်နှာသည် သူ့ကိုလှမ်းကြည့် လိုက်သောမိန်းကလေးတစ်ဦးကို မြင်လျှက်ခြေလှမ်းတွန့် အံ့အားသင့် သွားမိသည်။



www.burmeseclassic.com

www.burmeseclassic.com



အန်ကယ်စော ကုမ္ပဏီက ဝန်ထမ်းဆိုပေမယ့် သူ့ဒီကိုတစ်ခါမှ မရောက်ဘူးပါ . . .။

ခုတော့ ဒီအိမ်မှာ သူကလေးကိုဆိုက်ဆိုက်မြိုက်မြိုက် တွေ့ရပြီ . . .

ထို့အတူ ရွှန်းလက်လည်း မျက်လုံးလေးဝိုင်းကာ ငေးနေမိသည်။

နှစ်ဦးသား ချက်ချင်းစကားမဆိုနိုင် . . . .။

" ချစ်လား " သီချင်းလေးကလည်း ဧည့်ခန်းမှာ တိုးငြိမ့်စွာ မျှလွင့်နေသည်။

ပြီးမှ ရွှန်းလက်က အပြုံးလေးနှင့်

" ကိုဖြိုးမင်းဦး ဆိုတာ "

" ဟုတ်ပါတယ် "

" ထိုင်ပါဦး "





ညီညီက နီးရာဆိုဖာခုံမှာထိုင်လိုက်သည်။

ခန့်နားထည်ဝါသောတိုက်အိမ်လှလှလေးထဲက လှပသော ဧည့်ခန်းမှာ ဆုံခွင့်ရတာ . . . သူမဟာ ဒီအိမ်က မင်းသမီးလေးတပါးလား . . .။

ညီညီ နည်းနည်းတော့ မျက်နှာပျက်ရပါသည်။

" ရှင်က ဖေဖေ့ကုမ္ပဏီကကိုး . . . ဖိုင်နဲ့ပိုက်ဆံ နှစ်သိန်းနဲ့ပေးလိုက်ပါလို့ ဖေဖေ ဖုန်းဆက်ထားပါတယ်။ ခဏလေးနော် . . . ကျွန်မသွားယူပေးမယ် . . . နီမရေ ဧည့်သည်ဖို့ အအေးယူလာ . . . "

" နေပါစေ . . . ကျွန်တော်မသောက်ဘူး . . . "

" အို မဟုတ်တာဘဲ နေပူကြီးထဲလာရတာ၊ ခဏတော့ ထိုင်ပါဦး . . . "



www.burmeseclassic.com

www.burmeseclassic.com



ရွှန်းလက်က အပေါ်မတက်သေးဘဲ သူ့ဖိုအအေးပူကို ရေခဲသေတ္တာထဲက ကိုယ်တိုင်ဘဲ သွားဆွဲထုတ်လာကာ အသင့်ဖောက်ပြီးဖန်ခွက်ထဲ ထည့်လိုက်သည်။

သူတို့နှစ်ဦးရဲ့ ဒုတိယအကြိမ်ဆုံဆည်းမှုကို ညီညီမှင်သက်စွာ ငေးနေမိကာ သူမလှုပ်ရှားမှုလေးတွေကို မျက်တောင်မခတ် စိုက်ကြည့်နေမိသည်။

ရှာနေတုန်းက မတွေ့ဘဲ ခုမှမမျှော်လင့်ပဲတွေ့ရတာ

တောက်ပသော အသားအရေ ဝင်းဝင်းပပနှင့် သွယ်လျသော ခန္ဓာကိုယ်လေးမှာ ချစ်စဖွယ်မျက်နှာ ဖူးဖူးလေးနှင့်ဆိုတော့ သူမက မိန်းမချောလေးပါပဲ။

သူမ ကိုယ့်ကိုမှတ်မိသလား . . . မမှတ်မိဘူးလား ။

ညီညီ သိချင်လာသည်။

" ကျွန်မက ရွှေရည်ရွှန်းလက်ပါ . . . "





" တစ်ခုမေးချင်တယ်ဗျာ ဖြေမလား "

" မေးလေ . . . "

" ကျွန်တော့်ကို မှတ်မိလား . . . "

ရွှန်းလက်သည် လက်နှောင်းလေးကို ကိုက်ကာ ရှက်စနိုးဖြစ်သွားမိသည်။ သို့သော် ညာလည်းမညာချင်။ ထို့ကြောင့် ခေါင်းညိတ်သည်။

" မှတ်မိတယ် . . ဟုတ်လား . . . "

ညီညီရင်ထဲဝမ်းသာအားရဖြစ်သွားရသည်

" သူဌေးသမီးက ဘာလို့ ရုပ်ရှင်ရုံမှာ လက်မှတ်ရောင်းပေးတာလဲ"

" အဲဒါ ဖေဖေပိုင်တဲ့ ရုပ်ရှင်ရုံပါ . . . ရှင်မသိဘူးထင်တယ်"

" ဟုတ်လား ဩော် . . . "

www.burmeseclassic.com

www.burmeseclassic.com



" ရွှန်းလက်က အပေါ်ထပ်ရုံးခန်းကိုလာလည်ရင်း ခဏဝင်ထိုင်ပေးတာပါ. . . "

ဒါကြောင့်ကိုး . . ။

လက်စသပ်တော့ သူကရုံပိုင်ရှင်သမီးနှင့်မှ ဆုံခဲ့တာကိုး . . . ဘယ်လိုရှာတွေ့ပါ့မလဲ။

အန်ကယ်စောမှာ စီးပွားရေးလုပ်ငန်းတွေ မျိုးစုံအောင်ရှိတာ သိပေမယ့် ရုပ်ရှင်ရုံပိုင်မှန်းတော့ သူမသိပါ။

အရင်တုန်းကတော့ ကိုယ့်အလုပ်ရှင် သူဌေးတစ်ယောက်အဖြစ်ထက်ပိုပြီး ဘာမှ စိတ်မဝင်စားခဲ့ဘူးလေ။

မိသားစုအကြောင်းကို ကြားဖူးပေမယ့် ကိုယ်နှင့် ဘာမှမသက်ဆိုင်တော့လည်း မစပ်စုခဲ့မိပါ။

" ရှင်ကရိုးသားလို့ ဖေဖေက ယုံကြည်စိတ်ချတာဖြစ်မယ်"





ညီညီပြုံးမိသည်။

အခုတော့ မရိုးသားနိုင်တော့ပါ . . . သူဌေးရဲ့တစ်ဦးတည်းသော သမီးကိုမှ ကိုယ်က စိတ်ဝင်စားမိပြီကိုး . . . ။

သို့ပေမယ့် ညီညီကိုယ့်လိပ်ပြာကိုယ်လုံသည်။

သူကလေးကို သာမန်ကောင်မလေးတစ်ယောက်အဖြစ်နှင့်ပဲ ရင်ခုန်စိတ်လှုပ်ရှားမိတာ။

အန်ကယ်စောရဲ့ သမီးတစ်ယောက်ဖြစ်နေလို့မှ မဟုတ်ပါ။

ကိုယ့်အချစ်ကို တန်ဖိုးလည်းထားသည်။

သူမက ကိုယ့်ကိုမှတ်မိကြောင်း ဝန်ခံတော့ ပိုလို့ပင် ကြည်နူးမိသည်။ မျှော်လင့်ချက်လေးကလည်း ပို၍ရှင်သန်နိုးထလာသည်။

" ခဏနေဦးနော် ရွှန်းလက် ဖိုင်လေးသွားယူလိုက်ဦးမယ် . . . "

www.burmeseclassic.com



သူမလှေကားပေါ်တက်သွားတော့ အနားက အမြူရောင်မင်းသမီးလေးပျောက်ကွယ်သွားသလိုလစ်ဟာမိသည်။

ညီညီ . . . မင်းတော့မလွယ်တော့ဘူး . . .

ဒီကောင်မလေးအနားကနေ ဘယ်မှမသွားချင်တော့ပါလား . . . ။

ရွှန်းလက်ကိုလည်းသူ့အနားက ဆံချည်တမျှင် မပေးစေချင် . . . ။

တအောင့်လောက်ကြာလျှင် ရွှန်းလက်ပြန်ဆင်းလာသည်။

ဂါဝန်ရှည်လေးကို လက်နှင့်မ,ကာပြေးဆင်းလာပုံလေးက ကလေးငယ်တစ်ဦးလို လွတ်လပ်သောဟန်ပန်။

“ကိုဖြိုးမင်းဦး ပလာဇာရုံမှာလား မြို့ထဲကရုံမှာလား”

“နှစ်နေရာစလုံးပဲ . . . အန်ကယ်စော လွတ်တဲ့နေရာပြေးရတာပဲဗျ . . . ”





“ဖေဖေက သဘောကောင်းပါတယ်နော်”

“ရွှန်းလက်ကရော . . . ”

“ရှင်ဘယ်လိုထင်လဲ . . . ”

ညီညီက အဓိပ္ပါယ်ပါပါလေးပြုံးကာ . . .

“စ,တွေ့ကတည်းက ထင်တာတစ်ခု . . . ”

“ဘာများလဲ ”

“ရွှန်းလက်က အရမ်းချစ်စရာကောင်းတယ်ထင်လို့ပါ”

“ရှင်နော် ”

“ကျွန်တော် စ,တာမဟုတ်ဘူး . . . တကယ်ပြောတာပါ စိတ်မဆိုးပါနဲ့ ဒါပေမယ့် အခု ရွှန်းလက်က သူဌေးသမီး ဖြစ်နေတော့ . . . ”

“ဘာဖြစ်လဲ . . . ပြောပါဦး . . . ”

ညီညီက စကားမဆက်ဘဲရပ်ထားသဖြင့် ရွှန်းလက် ခပ်လောလောထောက်ပေးမိသည်။



www.burmeseclassic.com

www.burmeseclassic.com



" ကျွန်တော့်ကို ခင်ချင်ပါ့မလားလို့ စိတ်ပူမိတယ်ဗျာ"

" ဟင်း . . . ဘာမှလည်းမဆိုင်ဘူး . . . ဖေဖေ့သမီး ဖြစ်တာနဲ့ပဲ ရွှန်းလက်ဈာ ဘဝင်မြင့်နေရမလား . . . အဲလိုသံသယကြီး မထားပါနဲ့ . . . ရှင့်ကို ရွှန်းလက်က ခင်ပြီးသားပါ . . . "

" တကယ်လား . . . "

" အိုး . . . တကယ်ပေါ့"

" ဒါဆိုရင် ကျွန်တော် ပျော်သွားပြီ . . . တစ်ခါ တစ်လေ ဖုန်းဆက်ရင်ရော ရမလား . . . "

ညီညီမရဲတရဲမေးလိုက်သည်။

ရင်ထဲမှာ အခိုင်အမာရှိနှင့်ပြီးသားမို့ သူ့ဖက်က ရှေ့ဆက်ပတ်သက်ဖို့ပဲလိုလားသည်။

ရွှန်းလက်က ပြုံးရယ်နှုတ်ခမ်းကိုက်ရင်း . . . ခေါင်းလေးညိတ်ကာ . . .





" ရွှန်းလက်လည်း တစ်နေရာရာသွားဖို့အဖော်လိုရင် ရှင့်ကို ဖုန်းဆက်လိုက်မှာနော် . . . ရှင်ရုံးလစ်မနေနဲ့ဦး . . . "

" စိတ်ချပါ . . . ရွှန်းလက်အတွက်ဆို ကျွန်တော့်ဖက်က အချိန်မရွေးပါ . . . ဘာမဆို လုပ်ပေးချင်ပါတယ်"

" ရှင့်စကားတည်ရမယ်နော် . . . "

အိမ်အပြင်ထိလိုက်ပို့ရင်း ရွှန်းလက်ကတမှာမှာ။

သူတို့နှစ်ဦးသားမှာ ဟိုးအရင်ကတည်းက ရင်းနှီးကျွမ်းဝင်ရှိခဲ့ကြသူတွေလို နွေးထွေးလှိုက်လှဲနေသည်။

နှစ်ယောက်စလုံးက အိုက်တင်မခံ ဟန်မဆောင်တော့ ခဏလေးနှင့် ပွင့်လင်းနားလည်မှုရသည်။

သူလမ်းထိပ်ထွက်ပြီး လိုင်းကားစီးမှာကို ရွှန်းလက်က ဘာကြောင့်မှန်းမသိလိုက်ပို့ချင်မိသည်။

တစ်ယောက်နားက တစ်ယောက်မခွဲချင်သလိုဖြစ်မိတော့တာ ဆန်းကြယ်သည်။



www.burmeseclassic.com

www.burmeseclassic.com



" ကျွန်တော်သွားမယ် စကားပြောချင်သေးတယ်ဗျာ ကြာရင် အန်ကယ်စောဆူနေမှာစိုးလို့ . . . "

" အလုပ်ကိစ္စဆိုတော့လည်း အရေးကြီးရင်ကြီးသလို လုပ်ပေးရတာပေါ့နော် . . . ရွှန်းလက်တို့ တွေ့ဦးမှာပါ. . ."

" ဟုတ်ပါတယ်ဗျာ . . . တွေ့ဦးမှာပါ . . . ကျွန်တော် ကော်ဖီသောက်ဖို့ ဖိတ်ရင်မငြင်းရဘူးနော် . . . အခုအတိုင်းပဲနော် . . . စိတ်မပြောင်းရဘူး . . . "

" ဩော် . . . ရှင်ကလည်းနော် ဘာတွေစိုးရိမ်နေတာလဲ"

" ဟုတ်တယ် ရွှန်းလက်ရယ် . . . ကျွန်တော် နည်းနည်းအဖြစ်သည်းနေမိပြီထင်တယ် . . . ဆောရီးပဲဗျာ . . . ရွှန်းလက်ကို မယုံလို့မဟုတ်ပါဘူး . . . ကဲ . . . ဒီတစ်ခါတော့ ပြန်ပြီဗျို့ . . . ဒီညပဲ ကျွန်တော် ဖုန်းဆက်လိုက်မယ် . . . "





" အင်း . . . ကောင်းပါပြီ . . . "

သူက လှည့်ကြည့်လှည့်ကြည့်နှင့် မျက်နှာက ပြုံးရွှင်စွာ။ သူ့ကို ရွှန်းလက်ကလည်း ပျော်စေချင်တာအမှန်ပါ။

✧ ✧ ✧ ✧ ✧



www.burmeseclassic.com

www.burmeseclassic.com

ထိုညကစလို့ ညီညီနှင့် ရွှန်းလက်ဖုန်းပြော ဖြစ်ကြသည်။

တစ်ဦးရင်ထဲက မေတ္တာကိုတစ်ဦးက အလိုလို နားလည်သဘောပေါက်မိသောအခါ သံယောဇဉ်က ပိုလို့ တိုးလို့လာသည်။

" ညီ ... မြရိုပ်ညိုပွဲကိုသွားရအောင်၊ လက်မှတ် ရထားပြီးသား ... အဆိုတော်တွေတော်တော်စုံတယ်သိလား ... အများကြီးပဲတန်းစီရေးထားတာ ... "



www.burmeseclassic.com

www.burmeseclassic.com



" ရွှန်းလက်ကြိုက်ရင်ပြီးရော . . . "

" ညဥ့်နက်မှာဆိုတော့ ညီလိုက်ပို့ပေးရမယ် . . . ဒါပဲ "

ရွှန်းလက်ဖက်က ထိုကဲ့သို့ရှိသလိုညီညီ့ဖက်ကလည်း

" ညီ့သူငယ်ချင်း သူရနဲ့မိတ်ဆက်ပေးချင်တယ် သူက ညီနဲ့ရွှန်းလက်ဒီလိုအခြေအနေတိုးတက်လာတာကို မယုံဘူး ဆိုလို့ပါ . . . ဒီညနေအင်းလျားကန်ဘောင်မှာ လမ်းလျှောက်ရအောင်ကွာ . . . နော် . . . "

အဲဒါမျိုးလေးတွေနှင့် ဟိုဒီသွားဖို့ ပူဆာတောင်းဆိုတတ်သည်။

ချစ်စရာကောင်မလေးနှင့် တွဲသွားတွဲလာရတာ ညီညီကလည်း ဂုဏ်ယူချင်သေးသည်လေ။

တစ်ခါတစ်ခါတော့ ရွှန်းလက်ကို သူ့အကြွင်နာလို နေမိတာ. . . အန်ကယ်စောရိပ်မိသွားမှာစိုးရိမ်သည်။





ခုထက်ထိကတော့ ဝိပိရိရိပါပဲ. . .။

တစ်ရက်မှာ မိုးလေလည်း တစိမ့်စိမ့်ရွာနေ . . . ပိတ်ရက်လည်းဖြစ်နေတော့ ညီက ရုပ်ရှင်ကြည့်ရအောင်ဟု ဖုန်းဆက်ချိန်း လိုက်သည်။

ရွှန်းလက်ကို သတိရတမ်းတစိတ်နှင့် ပြင်းပြစွာ လွမ်းဆွတ်နေမိတာမို့ ဖွင့်ပြောဖို့ညီဆုံးဖြတ်လိုက်ပြီလေ။

ထိုနေ့က ရုပ်ရှင်ရုံရှေ့သို့ ရွှန်းလက်က ကားလေးကိုယ်တိုင်မောင်းကာရောက်လာတော့ သူဘယ်မျှဝမ်းသာရသလဲ မပြောတတ်။

သူမှ ထီးကပါမလာ . . .။

ဆံပင်တွေက အနည်းငယ်စိုစွတ်နေသည်။

" ညီ . . . "

ရွှန်းလက်က ကားထဲက ထီးကိုဆွဲယူဖွင့်ကာသူ့ကို ချက်ချင်းလာမိုးပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



" ဖိုးမင်းသားကျနေတာပဲ . . . ဖျားဦးမယ် . . . "

" ရပါတယ်ကွာ . . . ညီကပျော်လို့ပါ . . . "

" အင်း . . . ပျော်နေ . . . "

" ညီတို့ နောက်ကျနေပြီထင်တယ် . . . ရုပ်ရှင်ပြနေလောက်ပြီ. . . "

" ဒီကားက ကောင်းလို့လား . . . အက်ရှင်လား"

" ကောင်းပါတယ်. . . "

" ညီဘယ်လိုသိသလဲ"

" ကောင်းမှာပါကွာ . . . ဝင်ကြည့်ရအောင်နော်"

" ညီသဘောပဲ . . . "

ရုပ်ရှင်က လူပါးပြီး စုံတွဲတွေသာများနေသည်မို့ မှောင်မှောင်လေးထဲစမ်းတဝါးလျှောက်ရင်း ရွှန်းလက်က ဂေါင်းကိုင့်ထား ခိုက်မှာပဲ ညီညီက ရွှန်းလက်ရဲ့ လက်ကလေး





တစ်ဖက်ကို ပိုင်စိုးပိုင်နက်ဆုပ်ကိုင်လိုက်တာဖြစ်သည်။

ထိုင်ခုံဆီရောက်တော့လည်း သူကပြန်မလွှတ်။

နွေးထွေးကျယ်ပြန့်သော သူ့လက်ဖဝါးထဲ ရွှန်းလက်ရဲ့လက်သွယ်သွယ်လေးက နစ်မြုပ်နေရသည်။

တစ်ကိုယ်လုံးကိုအင်အားတွေဝင်ရောက်သလို ရွှန်းလက်နှလုံးသားမှာ လှိုက်ဖိုနွေးနေရ၏။

သူမသည် ယခင်က ရုပ်ရှင်ဝါသနာမပါလို့ သိပ်မကြည့်ဖြစ်ခဲ့ပါ. . .။

ယခုလည်း ပိတ်ကားပေါ်မှာ လင်းလိုက် မှောင်လိုက်နှင့် ဘာတွေပြနေသလဲ မကြည့်မိ . . .

ညီညီ့မျက်လုံးတွေရဲ့ အရောင်တောက်ပမှုကိုပဲ ရွှန်းလက်ခံစားမိသည်။

" ရွှန်းလက် "



www.burmeseclassic.com

www.burmeseclassic.com



" ရှင် "

သူကနားနားကပ်ကာ ဖွဖွလေးခေါ်သည်။

" ရွှန်းလက်ကို ညီအရမ်းချစ်တယ် . . . သိလား . . . ရွှန်းလက်ရော ညီ့ကိုချစ်လား . . . "

ရွှန်းလက်က မျက်နှာလေးငုံ့ကာမဖြေ။

ညီညီက ရွှန်းလက်မျက်နှာလေးကို ဆွဲယူကာ သူ့ပါးနှင့်ကပ်ထားလိုက်သည်။

" ဖြေလေကွာ . . . ချစ်လား "

" အင်း . . . "

" သေချာဖြေ . . . မကြားရဘူးကွာ . . . "

" ညီ့ကို ချစ်ပါတယ် "

" ထပ်ပြော . . . "

" ပြောပြီးပြီပဲ"





" ဒီတစ်ခါထဲ . . "

" ချစ်ပါတယ်ဆိုမှ . . . "

" ဟား . . . ဟား . . . ဟား "

" အို . . . ဘာလို့ရယ်တာလဲ သူများတွေ သည့်ကြည့်အောင် ညီသိပ်ဆိုးပါလား . . . "

" ပျော်လွန်းလို့ပါဗျာ . . . "

ညီညီက ရွှန်းလက်လက်ဖဝါးလေးကို သူ့ရင်ဘတ်မှာ ကပ်ကာ ရင်ခုန်သံကို စမ်းသပ်စေသည်။

ထို့နောက် ချစ်သူနှစ်ဦးသည် ပုခုံးလေးဖက်ကာ နီးနီးကပ်ကပ်ကြင်နာယုယနေတော့၏။

သူတို့ရဲ့ ချစ်ခရီးလမ်းလေးက ရှပ်ရှင် ဇာတ်လမ်းထက် ပိုမိုကာ လှပနူးညံ့နေပါသည်။

✧ ✧ ✧ ✧ ✧



www.burmeseclassic.com

www.burmeseclassic.com

ရွှေရည်ရွှန်းလက်က ချစ်စရာ ကောင်းသောအပြုံးကလေးနှင့် မျက်နှာလေးရှုံ့မဲ့ပြောင်ပြသည်။

သူကပဲ သည်းသည်းလှုပ်လှုပ်ချစ်မိလို့လား ဒါမှမဟုတ် ရွှေရည်ရွှန်းလက်၏ အမူရာကလေးတွေကပဲ ချစ်စရာကောင်းလွန်း တာလား ခွဲခြားမရ။ သူ ရွှေရည်ရွှန်းလက်ကို အသည်းယားပြီး အံကြိတ်မိ၏။

သူကလေး၏ ဟန်ပန်မူရာလေးတွေက အသည်းခိုက်စေသည်။ ရင်ကိုလှုးလွန့်လှုပ်ရှားစေသည်။ မျက်လုံးကလေး



www.burmeseclassic.com

www.burmeseclassic.com



ပြုံးပြတာ သွားလေးထုတ်ပြတာ နှာခေါင်းလေးရှုံ့ပြတာ မျက်စောင်းကလေးရွယ်တာနှုတ်ခမ်းကလေးစူတာ စိတ်ဆိုးပြီး အော်လိုက်လည်း အသံစူးစူးကလေးက ချစ်စရာကောင်းသည်။

နူးညံ့ဖြူစင်သော ဟန်ပန်မူရာကလေးတွေသည် သူ့ကလေး၏ စိတ်ထားကို ဖော်ပြနေသလိုပါ။

" ရွှန်းလက်ကို ညီနဲ့ သဘောမတူဘူးဆိုရင်ရော"

မပွင့်တပွင့်မေးပုံလေးက ကလေးလေး တစ်ယောက်လို အပြစ်ကင်းသည်။ ရွှေရည်ရွှန်းလက်က သူ့ကိုအရမ်းချွဲသည်။ သူ . . . ရွှေရည်ရွှန်းလက်က သူ့ကိုအရမ်းချွဲသည်။ သူ . . . ရွှေရည်ရွှန်းလက်ကို အရမ်းချစ်မိသည်။

" မထားမှီက အဲ့ဒီလိုဘယ်တော့မှ မပြောဘူး"

ညီညီက ယုံကြည်မှုအပြည့်နှင့်ပြန်ဖြေ၏။





" ရွှန်းလက်ကို မြင်ရင်အဲရမ်းချစ်မှာ ၊ ရွှန်းလက်ကို ချက်ချင်း အိမ်ခေါ်ထားချင်မှာပါ"

" အမယ် . . . မယ်၊ အကြံစည်က ကြောက်စရာကြီးပါလားနော် . . . မလိုက်ရဲတော့ဘူး"

ပုခုံးလေးတွန့်ကာ လက်ကလေးကာပြငြင်း၏။

" ရွှန်းလက် . . . ညီအသည်းယားအောင်မလုပ်နဲ့ . . . တစ်ခါတည်းခိုးပြေးသွားမိလိမ့်မယ်။ ပြန်မပို့တော့ဘူး"

" အဟင်း . . . ဖေဖေ့ကိုမကြောက်ဘူးလား"

သူ့စိတ်ထဲခိုးလိုးခုလု ဖြစ်အောင်အရမ်း လုပ်လွန်းသော တစ်နေ့ထက်တစ်နေ့ ပိုပိုချစ်လာမိသည်။ ထားစရာနေရာမရှိအောင် ချစ်မိတာပါ။

" ဖေဖေစိတ်ဆိုးပြီး ညီ့ကိုအပြတ်ပြောရင် ညီက ရွှန်းလက်ကို မုန်းသွားမှာလားဟင်။ အဆက်အသွယ်ဖြတ်ပြီး ထားခဲ့မှာလား"



www.burmeseclassic.com

www.burmeseclassic.com



ရွှေရည်ရွှန်းလက်က စိုးထိတ်စွာမေးလာ၏။

" ဘာလို့ထွားသွားရမှာလဲ တစ်ပါတည်းခေါ်သွားမယ် ဘယ်တော့မှ မမေ့နိုင်ဘူး"

" အဟင်း . . . ဖေဖေက မထည့်ရင်ရော"

" ရအောင်ခေါ်မှာပေါ့ ရွှန်းလက်က ညီနဲ့ လိုက်ခဲ့မှာ မဟုတ်လား မနေခဲ့ဘူးမဟုတ်လား ကလေးလေးမဟုတ်ဘဲ ရွှန်းလက် သဘောဘဲဟာ."

ညီညီက ရွှေရည်ရွှန်းလက်၏ လက်ဖျား ကလေးကိုဆွဲယူဖျစ်ညှစ်ပြီး အားမလိုအားမရပြော၏။

" ရွှန်းလက်က ညီနဲ့ မခွဲနိုင်လို့လား"

သူမေးတာကို မဖြေဘဲ နှုတ်ခမ်းလေးစေ့ကာနေ၏။ သူစိတ်မရှည်အောင်လုပ်တာလား။

" ပြောလေကွာ"





ညီညီက သည်းမခံနိုင်ပဲ မြန်မြန်မေးသည်။

" ညီနဲ့ ဖဝါးထပ်မျှလိုက်မယ်၊ သိရဲ့လား။

သူ့ရှပ်အင်္ကျီက ကြယ်သီးလေးကို ထိကာတို့ကာ ကစားရင်း တိုးတိုးကလေးဖြေ၏။

" သေချာတယ်နော်"

" အင်း "

" ဒါဆိုပြီးရော"

ညီညီ အကျေနပ်ကြီး ကျေနပ်သွားသည်။

" ဘာကြောင့်မှ ဘယ်တော့မှ လက်တွဲမဖြုတ် ကြေးနော် ညီက ရွှန်းလက်တို့လောက် မချမ်းသာတော့ စိတ်ပူ ရတာပေါ့ကွာ။ ညီ့ကို ရွှန်းလက် စိတ်ပျက်နောက်ဆုတ် သွားမလားဆိုပြီး"

" အဓိပ္ပါယ်မရှိတာနော်"

www.burmeseclassic.com

www.burmeseclassic.com



ရွှေရည်ရှန်းလက်က နှုတ်ခမ်းကလေးဖိကိုက်ပြီး . . .

" ရှန်းလက်တို့က တစ်ယောက်ဆိုတစ်ယောက်ပဲ။ သိရဲ့လား ဘယ်တော့မှ မပြောင်းလဲဘူး "

ညီညီက ရှန်းလက် နှာဖျားလေးကို ဖွဖွကလေး ဖျစ်ညှစ်မိ၏။ ရင်ထဲမှာ ကိုကို့ကို သတိရသည်။

ကိုကိုသာရှိနေလျှင် သူချက်ချင်းပြေးပြောမိတော့မှာ သေချာ၏။

ကိုကို ကျွန်တော့်ကောင်မလေးက သိပ်ချစ်စရာကောင်းတယ်ဗျာ ကိုကို ညီမလေးတစ်ယောက်ရပြီ သိလားလို့ပါ ။

ကိုကိုသာရှိလျှင် ညီ့အတွက် ဘယ်လောက် ဝမ်းသာမလဲ အစစအရာရာလည်း စီမံပေးမှာမလွဲမသွေ။

" ညီ "





" ဟင် "

" ကြည့် . . ဘာတွေငေးငိုင်နေတာလဲ"

" ကိုကို့ကို သတိရသွားလို့ပါ"

" မထားမှီရဲ့ ခင်းပွန်းကိုပြောတာလား"

" သြော် . . . ဟုတ်တယ် "

ညီညီက ကမန်းကတန်းခေါင်းညိမ့်လိုက်၏။

ရွှေရည်ရှန်းလက်က မထားမှီကို ညီ့အစ်မအရင်းလို့ ထင်ထားခဲ့တာမဟုတ်လား။ သူကလည်း မရှီးဆိုတာပြောမပြခဲ့ပါ။

အမလို့ထင်ထားတာသိထားတာသူ့အတွက် ကောင်းသည်။

ညီ့စိတ်ထဲမှာ မထားမှီက အမအရင်းတစ်ယောက်ပဲ မဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



မရီးဆိုတာသိလျှင် သူ့အပေါ်အကဲခတ် သလို ကြည့်ချင်ကြည့်မှာ။ သံသယဝင်မှာ ညီကမလိုလား။ ရွှန်းလက်ကိုဘယ်လို သောကရိပ်မှ မစွန်းထင်းစေချင်ပါ။

" ညီရယ် . . . မမထားမှီရှိသားပဲ။ ရွှန်းလက်တို့ ကိစ္စကို သူလိုက်ပြောပေးမှာပေါ့ ပြီးတော့ စောပါသေးတယ်"

ရွှေရည်ရွှန်းလက်စကားကို ညီက ခေါင်းညိတ်သည်။

" မမထားမှီက ညီ့ကိုချစ်ရဲ့လားဟင်"

" အင်း "

" ညီ့ကို မိန်းမယူမှာသဘောကျပါ့မလား"

" ဘာလို့လဲ"

" သူ့မောင်လေးကို မိန်းမယူသွားမှာနှမြောနေရင်ရော"

" မဟုတ်တာကွာ . . . ဒါနှမြောစရာလား"

ရွှေရည်ရွှန်းလက်စကားကို သူအော်ရယ်မိပါသည်။





" ညီဘာသိလို့လဲ . . . အမေတို့ အစ်မတို့ဆိုတာ မျိုးက ကိုယ့်သားကိုယ့်မောင်မိန်းမယူသွားမှာကို နှမြော တတ်ကျတာ ချည်းပဲ. . . သိရဲ့လား"

" မဖြစ်နိုင်တာကွာ"

" ဟုတ်ပါတယ်ဆို "

" တခြားသူတွေတော့ မသိဘူး ကိုယ့်အမေကတော့ အဲဒီလို မဟုတ်ဘူးလုံးဝသေချာတယ်"

" ရွှန်းလက်ကို ခေါ်လာမှာ ပြောပြီးသားလား"

" ဒီညပြန်သွားမှ ပြောမှာပေါ့"

" ရွှန်းလက်လည်းဖေဖေ့ကို မပြောရသေးဘူး"

ရွှေရည်ရွှန်းလက်က မျက်လုံးကလေး မှိတ်ကာ . . .

" ရှက်လိုက်တာနော် . . . ဖေဖေရေ သမီးမှာ ချစ်သူရှိနေပြီလို့ ပြောရမှာ ခက်လိုက်တာ" ဟု ရေရွတ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာကို လက်ဖဝါးလေးဖြန့်ကာ အုပ်ထား၏။

" ရှက်နေတဲ့ မျက်နှာကို ညီကြည့်အုံးမယ်"

ရွှေရည်ရွှန်းလက်၏ လက်ကလေးနှစ်ဖက်ကို လက်ကောက်ဝတ်မှ ဆုပ်ကိုင်လျှက် မျက်နှာရှေ့က ဖယ်စေသောအခါ ရွှန်းလက်က သူ့ရင်ခွင်ထဲ မျက်နှာ ကလေးဖွက်ထား၏။ ပျော့ပျောင်းနူးညံ့အိထွေးသော ရွှန်းလက်၏ ကိုယ်လုံးလေးကို ညီညီတင်းကြပ်စွာ ဖက်ထား မိ၏။ ရင်ခုန်သံက တဒိန်းဒိန်းနှင့် ကျယ်လောင်လာတော့သည်။

ချစ်လိုက်ရတာ ရွှန်းလက်ရယ်။

ဘာလို့ အဲ့ဒီလောက်အထိ ချစ်မိသလဲကွာ ..။

ပြုစားတတ်တဲ့ မှော်ဆရာမလေးလို သူ့စိတ် သူ့နှလုံးသားကို ဖမ်းဆုပ်ထားတော့သည်။

" လွှတ်တော့ ၊ သူများတွေ မြင်ကုန်ရင် ရှင်စရာ





" မြင် ... မြင်ကွာ ... ချစ်သူချင်းပဲ"

" ရွှန်းလက်ရှက်တယ် "

ရယ်သံခိုးခိုးခစ်ခစ်ကလေးနှင့် သူ့ကိုဖွဖွတွန်းနေ၏။ ထိုရယ်သံကလေးကို အိပ်မက်ထဲမှာပင် သူကြားယောင် မိသည်။ ဘယ်မျှအထိ စွဲလန်းနေရာယူထားသလဲဆိုတာ။ အစတုန်းကတော့ "အရူးအမူးပဲ ကလေးရေ" ဆိုသော သီချင်းကို အသံကျယ်နှင့်သာ အော်ညည်းတတ်တာ။ အဓိပ္ပါယ်ကိုလေးနက်စွာ နားမလည်။

အခုတော့ သူကိုယ်တိုင်ရွှန်းလက်ကို အရူးအမူး ချစ်ခဲ့မိပြီ။

" ပြန်ကြရအောင်နော်"

" အင်း "

ရွှန်းလက်က ကားပေါ်တက်ပြီး ကားစက်နှိုးသည်။

www.burmeseclassic.com

www.burmeseclassic.com



" လာလေ . . . ဘာကြည့်နေတာလဲ တက်လေ"

" မခွဲချင်ဘူးကွာ "

ညီညီက နေရာမရွေ့ရပ်နေပြီး ပြောလိုက်၏။

" ဟာ . . . ဘာတွေလျှောက်ပြောနေသလဲ။ ခဏလေးအိမ်ပြန်ရတာကို မနက်ဖန်တွေ့ကြမယ်လေ။ ဘယ်မှာခွဲရလို့လဲ"

ရွှေရည်ရွှန်းလက်က သူ့စကားကိုပယ်ချ၏။

" လာပါ . . . ကားပေါ်တက်တော့ "

ရွှန်းလက်ဘေးမှာ သူဝင်ထိုင်မိ၏။

တစ်ခါတစ်လေတော့လည်း ညီညီစိုးရိမ်မိတာ အမှန်။

ရွှန်းလက်က ငယ်ရွယ်နုနယ်သော သူဌေးသမီးလေးပါ။ ရွှန်းလက်ဘဝက ပြည့်စုံလှပလွန်း၏။ ညီတကယ်ပဲ ရွှန်းလက်ကို ပိုင်ဆိုင်ခွင့်ရမှာလား မယုံမရဲနှင့် စိတ်ပူမိသည်။





တကြောင်းကြောင်းကြောင့် ဝေးသွားရင် သူခံနိုင်ရည်ရှိမှာ မဟုတ်ပါ။

" တိတ်နေပါလား ဘာတွေအကြံထုတ်နေတာလဲလား . . . ပြော"

ရွှေရည်ရွှန်းလက်က မျက်လုံးကလေးရွှေ့ကြည့်ကာ မေးလာတော့ သူလျှပ်တပြက် ရွှန်းလက်ပါးဖောင်းဖောင်း လေးကို မွှေးရှိုက်လိုက်၏။

" ကြည့်စမ်း . . . ထင်တော့ ထင်သားပဲ။ တစ်ခုခုကြံစည်နေတယ်ဆိုတာ . . ."

ရွှန်းလက်က မျက်နှာကလေးရဲကာ နှုတ်ခမ်းစူ၏။ ဘားကို ညင်သာစွာထွက်လာပြီး သူ့ကိုတခွန်းချင်းပြောသည်။

" အကြွေးတင်သွားပြီ . . . မှတ်ထားမယ်" တဲ့

" ဒီလိုအကြွေးကို ညီ ပြန်ဆပ်ချင်လွန်းလို့ကွာ . . . အချိန်မရွေးပြော"

www.burmeseclassic.com

www.burmeseclassic.com



" လူလည် "

" ဟာ . . . ဘယ်လိုပြောလိုက်တာလဲ "

ရွှန်းလက်က တခစ်ခစ်ရယ်၏။ သူနှင့်တွေ့ချိန်တိုင်း ရယ်သံလေးတွေလွှမ်းနေတတ်တာ ရွှန်းလဲ့ပါပဲ။

သူက ရွှန်းလက်ကို အမြဲပျော်အောင် ထားချင်သလို စိတ်ရွှတ်အောင်ဘယ်တော့မှ မလုပ်ခဲ့ပါ။

" ညို့ မမကိုပြောရင် သူကြည်ဖြူအောင်ပြောနော် သိလား။ တစ်ခါတစ်လေ ညီက စကားကို နားဝင်ဆိုးအောင်ပြောတတ် တာပါ"

" ဟုတ်လား "

မီးပွိုင့်မှာ ကားရပ်ထားတော့ အဘွားအိုတစ်ဦးက စံပယ်ပန်းရွှေပန်းနှင့် ငွေပန်းတွေကားဘေးနားကပ်ကာ လာရောင်း၏။



အဖွား . . . ဟိုးအရှေ့ကို လျှောက်လာခဲ့နော်"

ရွှေရည်ရွှန်းလက်က ပန်းလာရောင်းသော အဘွားအိုကို ပြန်ပြောပြီး ကားကို မီးပွိုင့်လွန်ပြီး ခပ်ဝေးဝေးမှာ လမ်းချိုးထဲကွေ့ကာ ဘေးကပ်ရပ်၏။

" ဘာလုပ်မလို့လဲ"

" ပန်းဝယ်မလို့"

အဖွားအိုအနားရောက်လာတော့ ရွှေရည်ရွှန်းလက်က တစ်ချက်ကြည့်ကာ . . .

" အစောကြီး ဒီပန်းတွေအားလုံးဘယ်လောက်ဟု မေးကာ အပြတ်အကုန်ဝယ်လိုက်၏။

ညီညီက ရွှေရည်ရွှန်းလက်ကို ဘာမှမပြောပဲကြည့်၏။

ကားထွက်လာတော့ ရွှေရည်ရွှန်းလက်က သူဘာမှ မမေးပဲတရှည်တလျှားရှင်းပြသည်။

www.burmeseclassic.com

www.burmeseclassic.com



" အသက်ကြီးတဲ့ မိဘအရွယ်ဆိုတော့ အကုန်လုံး ရောင်းလိုက်ရတော့ သူဆက်ပြီးရောင်းနေစရာမလိုဖူးပေါ့။ ဒီတစ်နေ့စာ ပြီးသွားတာပေါ့။ ရွှန်းလက်ကို ဘယ်လိုတွေးတွေး ဘယ်လိုထင်ထင် . . . ကိစ္စမရှိပါဘူး၊ ပိုက်ဆံရှိသား သမီးပဲ ဖြုန်းလိုက်တာလို့ ထင်ရင်လည်းထင်မယ်။ ငွေတန်ဖိုး နားမလည်ဘူးလို့ထင်ရင်လည်း ထင်လိမ့်မယ်"

ညီညီက ဖွဖွပြုံး၏ ရွှေရည်ရွှန်းလက်မှာ သူများတွေနှင့် သိပ်မတူသော အတွေးအခေါ်မျိုးရှိသည်လေ။ သူကတော့ အမြဲတမ်းနားလည်ပေးမယ့်သူပါ။ အချစ်စိတ်တွေ လျှံနေတော့ အပြစ်ကိုမမြင်။

" တစ်ခါတလေ ပိုက်ဆံလာတောင်းလည်း ရွှန်းလက်က တစ်ထောင်တန်ပေးရင်ပေးလိုက်တယ်။ သူတို့ ပျော်သွားတာပေါ့ အံ့ဩဝမ်းသာသွားတယ်။ မထင်မှတ် ထားဖူးမဟုတ်လား အမြဲတော့ မဟုတ်ပါဘူး တစ်ခါတစ်လေ ရက်ရက်ရောရောကပေးချင်စိတ် ပေါက်လာရင်ပေါ့"

" အင်း "

" အဲ့ဒါ ဖေဖေနဲ့ တူတာ သိလား ဖေဖေလည်း အဲ့ဒီလိုပဲ အရမ်းအလှူအတန်းရက်ရောတယ်"

" ဟုတ်လား "

" ဟင် . . . ဖေဖေသဘောကောင်းတာ ညီမသိဘူးလား "

" သိပါတယ် "

ရွှေရည်ရွှန်းလက်က သူ့အဖေကို အင်မတန် ချစ်ပုံရသည် ညီနှင့် သူ့ဖေဖေက သဘောတူဖို့မလား။ ညီခေါင်းထဲမှာ ဒါပဲတွေးပြီး ပူလောင်နေတော့သည်။

✧ ✧ ✧ ✧ ✧





www.burmeseclassic.com

www.burmeseclassic.com

" ဘယ်လို "

မထားမှိုက အကျီတွေ မီးပူတိုက်နေရာမှ အံ့အား သင့်သွားပြီး မီးပူပလပ်ကို ဖြုတ်ကာ သူ့စီလျှောက်လာ၏။ သူက ယုယ မှိုကလေးကို ပွေ့ချီထားတာမို့ မထားမှိုစီ လက်ပြောင်းပေးမိသည်။

" ယုယမှိုလေးအိပ်သွားပြီ"

" ပေး . . . ပေး "



www.burmeseclassic.com

www.burmeseclassic.com



မထားမှီက ယုယမှီလေးကို အိပ်ခန်းထဲ သွားသိပ်ထားလိုက်ပြီးမှ ကပျာကယာ ပြန်ထွက်လာသည်။

" မောင်လေး . . . ဆက်ပြောအုံးလေ ဘယ်နေ့ခေါ်လာမှာလဲ။ သူတို့ဘက်ကရော သဘောတူလား "

အလောတကြီးမေးလာတော့ ညီညီက ခေါင်းရမ်း၏။

" သူတို့ဘက်က မသိသေးဘူး"

" ဟုတ်လား "

" မထားမှီစီ အရင်ဦးဆုံးခေါ်လာမှာ"

" အင်း ဘယ်နေ့လဲ"

" မနက်ဖန်"

သူ့စကားကို မထားမှီက ဝမ်းသာအားရလိုရေရွတ်၏။

" ကောင်းဟာပေါ့"





" ဒီမှာ ထမင်းစားမှာနော်"

" အင်း စိတ်ချ၊ ဖွယ်ဖွယ်ရာရာလေးချက်ထားပေးမယ် . . . နေအုံး . . . အဲ့ဒီကောင်မလေးက ဘာဟင်းတွေကြိုက်တာလဲ ပြော"

" ရပါတယ်။ မထားမှီအဆင်ပြေတာ ချက်ပါ"

" ဘယ်ဟုတ်ပါ့မလဲ သူစားလို့ကောင်းဖို့လိုတယ်လေ . . . ချောလားဟင်"

အရမ်းစိတ်ဝင်စားပြီးမေးလာ၏။

" ချောပါတယ်"

" ဒါဆို မောင်လေးနဲ့ လိုက်မှာပေါ့။ ရွှေနဲ့မြ နေနဲ့လ အိုအောင်မင်းအောင် ပေါင်းရပါစေကွယ်"

" ပေးတဲ့ဆုနဲ့ ပြည့်ပါစေ "

ရွှန်းလက်ကို ခေါ်လာခဲ့မယ်ဆိုတော့ မထားမှီ စိတ်လှုပ်ရှားသွားပုံရပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ဩော် . . . မောင်လေး ညီညီတောင်အရွယ် ရောက်လာပြီပဲ။ ချစ်သူရှိနေခဲ့ပြီ။

စိတ်ထဲမှာ ကိုကို့ကို ရုတ်တရက်သတိရသည်။ ကိုကိုနှင့်ချစ်ခရီးအစကို ပြန်လည်တမ်းတ လွမ်းဆွတ်မိသည်။ ကိုကိုသာ ရှိရင် ဘယ်လောက်ဝမ်းသာပျော်ရွှင်နေမလဲ။ ဘယ်လောက်တက်တက်ကြွကြွ စီစဉ်ပေးမလဲ။ ထားမှီ ကိုကို့ကို အရမ်းသတိရလိုက်မိ၏။

စိတ်ချပါ ကိုကိုရယ်

မောင်လေး ညီညီ့ကို ကိုကို့နေရာကနေ အားလုံး စီစဉ်ပေးမှာပါ။ ထားမှီ ကတိပေးပါတယ်။

စိတ်ထဲက ကတိအထပ်ထပ်ပြုမိသည်။

" မထားမှီ"

" ဟင် "





" ဘာဖြစ်လို့လဲ . . မထားမှီ ဘာတွေတွေးနေတာလဲ စိတ်ပူနေလို့လား"

" မဟုတ်တာကွယ်။ မထားမှီက မောင်လေးအကို့ကို သတိရမိလို့ပါ"

" ဩော် . . . ကျွန်တော်က မထားမှီဘာတွေများ လျှောက်တွေးပြီး စိုးရိမ်နေသလဲလို့။ ရွှန်းလက်က အရမ်းချစ်စရာကောင်းတယ် အရမ်းသဘောကောင်းတယ်။ မထားမှီနဲ့ ခင်သွားမှာပါ။ စိတ်မပူပါနဲ့ "

" အင်းပါ။ မထားမှီနဲ့ မတည့်မှာမပူပါဘူး မထားမှီက အတ္တမကြီးပါဘူး စိတ်ချမောင်လေးရဲ့ ကောင်မလေးနဲ့ တည့်အောင် နေမှာပါ"

" မထားမှီကို ယုံပါတယ်ဗျာ"

ညီညီက ပြုံး၏။ ကျေနပ်မှုပါသော အပြုံးဆို မထားမှီက သဘောထားမှာပါနော်"

www.burmeseclassic.com

www.burmeseclassic.com



" အရမ်းကောင်းတာပေါ့"

စိတ်ချမ်းမြေ့စွာနှင့် သူမထားမှိုကို ကျေးဇူးတင်မိပါသည်။ သူ့ဘဝမှာ နေရာတိုင်းလိုက်ပါစီမံပေးပြီး လိုအပ်တာမှန်သမျှ ဖြည့်စွမ်းပေးတတ်သော အစ်ကိုမရှိတော့ပေမယ့် ကြင်နာတတ်သော နားလည်မှုရှိသော အစ်မ တစ်ယောက်တော့ ကိုကိုက ချန်ထားပေးခဲ့သည်။

မထားမှိုက အစ်မကြီးတစ်ယောက်လို သူ့အတွက် ပူပန်တတ်သည် စဉ်းစားပေးသည်။ သူနှင့်မထားမှိုကြားမှာ ရှိနေသော သံယောဇဉ်နားလည်မှု ကြိုးတစ်ချောင်းသည် ရာသက်ပန်ဖြူဖြူစင်စင်မြဲနေတော့မည်။

✧ ✧ ✧ ✧ ✧

" လာ ...လာ ...မောင်လေး ...ကြာလိုက်တာ ...မထားမှိုက စောင့်နေတာကြာပြီ ညီမလေးက ချစ်စရာကောင်းလိုက်တာနော် ...တကယ်ပါပဲ"

ညီညီတို့ရောက်လာတော့ မထားမှိုက လိုလားနွေးထွေးစွာကြိုသည်။



www.burmeseclassic.com

www.burmeseclassic.com



ညီညီကောင်မလေးက သူဌေးသမီးလေးမို့လားမသိ ပန်းနုရောင်ပြေးသော အသားအရည်နှင့် တောက်ပသော အလှကို ပိုင်ဆိုင်သည်။

မထားမှီ ငေးကြည့်ကာ ဝမ်းသာမဆုံး။ ညီညီအတွက် ဂုဏ်ယူကျေနပ်မိသည်။

တကယ်ပါပဲ ညီညီရယ်။

ရှာတတ်လိုက်တာ မဟုတ်သေးပါဘူး သူတို့ချင်း ဆုံကြဖို့ကံကိုပါတာနေမှာ။

လိုက်ဖက်တင့်တယ်လိုက်ပုံများ ကိုကိုမြင်စေ ချင်လှပါသည်။ မထားမှီက ငေးကြည့်ပြီး မျက်ရည်ပင် လည်ချင်၏။

" မထားမှီ ညီတို့က ဗိုက်ဆာပြီဗျ"

" ဟုတ်သားပဲ ခဏလေးနော် စကားပြောနှင့်ကြအုံး မထားမှီ ထမင်းပွဲ ပြင်အုံးမယ်"





" အဲ့ဒီလောက်ကြည့်တော့ ရွှန်းလက်ရှက်နေပြီ မထားမှီရ"

" အင်း . . . အင်း . . . အားနာလိုက်တာ မထားမှီက ချစ်စရာကောင်းလို့ ငေးမိတာပါ"

" ရပါတယ် မမ "

ရွှေရည်ရွှန်းလက်က အသံကလေးလည်း နူး ညက်သောသည်။ တကယ်ကို ဘာမှမလို။

ညီ့ကိုရော သူတို့အသိုင်းအဝိုင်းကလက်ခံ သဘော ပါ့မလား။ သည်တစ်ချက်တော့ မထားမှီအရမ်း နေမိသည်။ ညီက ရွှန်းလက်ကို သည်းသည်းလှုပ်လှုပ်ထား နေရာမရှိအောင် ချစ်ရှာတာ။ တစ်ခုခုဆို ညီခံနိုင်ရည် မဟုတ်။ အရမ်း စိတ်ဆင်းရဲ သွားလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



" မထားမှိုက သဘောကောင်းလိုက်တာနော်"

ရွှန်းလက်က မှတ်ချက်ပေး၏။

" ညီ မပြောဘူးလား "

" ပြောတော့ ပြောတာပေါ့ ဒါပေမယ့် အခုလက်တွေ့ မြင်လိုက်ရတော့ အရမ်းအံ့ဩတာပဲ။ ညီ့အစ်မက တကယ် သဘောကောင်းတာပါ။ ညီ့ကိုလည်း အရမ်းချစ်ပုံပဲ။

ရွှေရည်ရွှန်းလက်က တစ်စုံတစ်ခုကို စဉ်းစားမိ သလိုနှင့် ငြိမ်သွား၏။

" စကားပြောအုံးလေ "

" ရွှန်းလက်တို့ အိမ်ဘက်က အဲ့ဒီလောက် လိုက်လိုက်လဲ့လဲ့မရှိခဲ့ရင် ညီ့ကို အားနာစရာဖြစ်တော့မယ်"

" ရွှန်းလက်က ကြံဖန်စိုးရိမ်နေတာကိုး "





" စိုးရိမ်ရတာပေါ့ညီရဲ့"

" ရွှန်းလက်ရာ . . . အဖေနဲ့ အစ်မတူမလား အဖေဆိုတာ သမီးလက်ထပ်မယ့်ကိစ္စကို နည်းနည်းပေါ့ တမျိုးဖြစ်မှာပဲလေ"

ညီပြောတာကျိုးကြောင်းခိုင်လုံသည်။ အဖေ ဆိုတော့လည်း မျက်နှာပူမှာ အနေခက်မှာ အမှန်ပါပဲ။

" ရွှန်းလက်ကတော့ ဖေဖေ့ကို နားလည်ပေးနိုင် ပါတယ်နော် ညီသာ နားမလည်နိုင်မှာ စိုးတာ"

" အဟား . . . အခုကတည်းက ကြိုတင်ကတိ တောင်းနေပါရောလား စိတ်ချပါကွာ။ ညီက ရွှန်းလက် ဖေဖေ့ကို ကိုယ့်ဖေဖေလိုသဘောထားပါ့မယ်ဗျာ . . . ကျေနပ်ပြီလား စိတ်အေးတော့ကွာ "

" အင်း "



www.burmeseclassic.com

www.burmeseclassic.com



ရွှန်းလက်က ကျေနပ်စွာ ခေါင်းညိတ်မိသည်။

" မထားမိုရေ . . . မထားမို"

" ရှင်" ဟု မထားမိုးက မီးဖိုချောင်ကနေထူး၏။ ဒေါ်ကြီးညိုက လက်ထဲမှာ ပလပ်စတစ်နှင့် သေသေသပ်သပ် ထုတ်ပိုး ထားသော ရှပ်အင်္ကျီတွေကို ကိုင်ထားရင်း အိမ်ထဲ ဝင်လာ၏။

" ကြီးတော်",

" ဟော . . . ညီညီ . . . ပြန်ရောက်နေပြီလား"

" ဟုတ်ကဲ့ . . . "

ရွှေရည်ရွှန်းလက်ကို တစ်ချက်ကြည့်ကာ

" ဟဲ့ သူလေးက ဘယ်သူတုန်း " ဟုမေး၏။

" သူလား . . . သူက ရွှန်းလက်တဲ့ ကျွန်တော့် ချစ်သူလေ ရွှန်းလက် ဒါက ကြီးတော်ညို။ ဒီလမ်းထဲ လမ်းဆွေမျိုးရင်း အမေလို အဒေါ်လိုဖြစ်နေတာ"





ရွှန်းလက်က အပြုံးကလေးနှင့် ခေါင်းညိတ်မိသည်

" ဘယ်မှာလဲ မထားမို"

" ရှိပါတယ် လာပါလိမ့်မယ် "

" ညီညီ့အတွက်ဆိုပြီး မထားမိုက မှာထားလို့ လာပြတာကွဲ့။ ရှပ်အင်္ကျီအကွက်ကလေးတွေက အရမ်း လှတယ်။ မထားမို မှာနေတာလေးငါးရက်ရှိပြီ"

" ဟာ ကျွန်တော့်မှာ မဝတ်ရသေးတာတွေအများကြီး။ ဝယ်သေးပါဘူးဗျာ။ မထားမိုက ပုံမှန်ဝယ်ပေးနေတော့ ခက်တယ်" ဟု ညီညီက ညည်းသည်။

မထားမိုက ပြေးထွက်လာပြီး. . .

" လာပြီ လာပြီ . . : မရမ်းရောင်အကွက် အဝါနုနု ကွက်ပါရဲ့လား ညီ့မှာ မရှိသေးတဲ့ အရောင်"

" ပါပါတယ်တော် ရွှေး ရွှေး "



www.burmeseclassic.com

www.burmeseclassic.com



ညီညီက မထားမှီကို ဘာမှမပြောဘဲ အိမ်ထဲဝင်သွားသည်။ ရွှန်းလက်က ပြုံးပြုံးကလေးငေးကြည့်နေ၏။

" ရွှန်းလက် ညီမလေး . . . လာ ဝိုင်းရွေးပေးအုံးလေ"

မထားမှီက တရင်းတနှီးခေါ်ပါသည်။ ရွှန်းလက်က မထားမှီတို့ ရှိရာ လျှောက်သွားလိုက်၏။

" မောင်လေး ညီညီက သူ့အကိုလိုပဲ အရောင်နုနုလေးတွေ ကြိုက်တတ်ကယ်။ သူတို့ ညီအစ်ကိုက ရှပ်အင်္ကျီအကြိုက် အစားအသောက်အကြိုက်တူတယ် "

ရွှေရည်ရွှန်းလက်က မထားမှီစကားတွေကို အံ့အားသင့်စွာ နားထောင်ကာနေမိပါသည်။

သူတို့ညီအစ်ကိုတဲ့လား ဘာလို့များ ညီညီမပြောတာနှင့် ကွဲပြားနေပါလိမ့်။ မထားမှီစကားကို နားမရှင်း။





" မထားမှီရယ် မတ်ကလေးအတွက်ပဲ ဝယ်ပေးမနေနဲ့ ကိုယ့်အတွက်လည်း ကိုယ်ဝယ်ပါအုံး။ တကယ်ပါ အစ်မ ရင်းတောင် ဒီလောက်ကောင်းမယ်မထင်ဘူး။ ဒေါ်ကြီးညို့ ဝင်ပြောလိုက်သော စကားက ပိုရှင်းသည်။

ညီညီပြောပြထားသလို မထားမှီကလည်း အစ်မ မဟုတ်ဘဲ မရီးဖြစ်နေပါသည်။ ဘာလို့ ညီညီက သည်လို လိမ်ညာပြောတာပါ လိမ့်နော်။

ရွှန်းလက်က ငြိမ်သက်စဉ်းစားရင်း ရှပ်အင်္ကျီရွေးနေသော မထားမှီကို အကဲခတ်မိသည်။

ညီညီ ရွှန်းလက်ကို ခေါ်လာတာ ရွှန်းလက်နှင့် တွဲနေတာ မထားမှီစိတ်ထဲက တကယ်ပဲနှစ်သက် ကျေနပ်လက်ခံပါရဲ့လား။

ညီညီနှင့် မထားမှီကိုမြင်ရတာ သူတို့ ဆက်ဆံရေးကို ကြည့်ရတာ မိသားစုရင်းတွေလို ရွှန်းလက်မှာ အလိုလိုနေရင်း



www.burmeseclassic.com

www.burmeseclassic.com



းရောက်သွားသလိုခံစားရပါသည်။ သည်အကြောင်း ကို ရွှန်းလက်လုံးဝ မသိခဲ့ပါ။ မထားမှိုကို ညီညီ့အစ်မလို ထားခဲ့ တာမဟုတ်လား။

" ညီမလေး . . . ဒီအရောင်လေးလှတယ်နော် ကလက်ရောင်လေး "

" အင်း လှတယ် "

မထားမှိုမေးတာကို ခေါင်းညိတ်ဖြေရင်း လူနှင့် မကပ်ဘဲ ကင်းကွာနေသည်။

ခေါင်းထဲမှာ တွေးစရာတွေအရမ်းများသွားသည်။ ခုမှခုလို ရှုပ်ထွေးသောကိစ္စမျိုးကို မကြုံဘူးတာမို့ ရွှန်းလက် နှာ ကလေးက မရယ်နိုင်မပြုံးနိုင်လောက်အောင် ပျက်ယွင်းကာ မှဲ့။

ညီညီ ညှော်ခန်းပြန်ရောက်လာတော့ "ရွှန်းလက် ခေါင်းမူးတယ် ပြန်ချင်ပြီညီ" ဟု တောင်းဆိုမိတော့သည်။





" ဟာ . . . ခဏနေအုံးလေ ထမင်းစားရအောင် ထမင်းစားပြီးမှ ပြန်ပေါ့ . . . မထားမှိုက ရွှန်းလက်အတွက် တကူးတက ချက်ပြုတ်ထားတာ"

ညီညီ့စကားကြောင့် ထားမှိုချက်ထားသော ထမင်းဝိုင်းမှာ လက်ဆုံစားဖြစ်ပေမယ့် စားမဝင်မျိုမကျ ရင်ထဲမှာ ဝေဒနာတ 'ခု' နေသည်။

မသိမသာ မထားမှိုနှင့်ညီကို အကဲခတ်ရင်းရွှန်းလက် ရင်ထဲမှာ ပူလောင်ရှုတ်ထွေးမှုတွေနှင့် မွန်းကြပ် လာတော့သည်။

မထားမှိုက ယဉ်ယဉ်ကလေးလှတဲ့သူ။ ပြီးတော့ အကြင်နာအေးအေးကို လွှမ်းခြုံပေးထားသည်။ တစ်အိမ်ထဲမှာ အတူတူ အေးအတူပူအမျှ နေထိုင်ကြသော သံယောဇဉ် ညီ ဒါတွေကို ရုန်းထွက်နိုင်သတဲ့လား။

www.burmeseclassic.com

www.burmeseclassic.com



ညီ မထားမှီကို အရမ်းအလေးနက်ထားတာ သိပြီးသားပါ။ အမရင်းဆိုပြီး သံသရမဝင်တာ သဝန်မတိုတာ မနာလိုမဖြစ်မိတာ။

"ပြန်လိုက်အုံးမယ်"

"အေးပါညီမလေးရယ် နောက်လည်းအိမ်ကို လာလည်နော်။ ပြီးတော့ မောင်လေး ညီညီနဲ့ ကိစ္စကို မမ အားလုံး စီစဉ်ပေးမှာပေါ့။ ညီမလေး စိတ်မပူနဲ့။

"ဟုတ်ကဲ့"

ဟန်ဆောင်ပြုံးရင်းနှုတ်ဆက်ရပါသည်။

ကြေကွဲမိတာက ဖြောင့်ဖြူးသောချစ်ခရီး လမ်းကလေးမှာ မထင်မှတ်လဲ ရုတ်တရက်ကြီး ပြဿနာ တစ်ခုနှင့် တည့်တည့်တိုးရတာကိုပါပဲ။

ညီ့ကို မေးသင့်ရဲ့လား ... မေးလို့ ဖြစ်ပါ့မလား။

ညီညီက မထားမှီအပေါ် ဆို အကဲပါပါ။





ရှွန်းလက် နောက်ဆုတ်သင့်သလား။

တုန်လှုပ်စွာနှင့် တွေးမိလာ၏။

သူတို့ချင်း သည်မျှ ပြေလည် ငြိမ်းချမ်းသော ဘဝထဲ ရှွန်းလက်မွှေနှောက်ဝင်ရောင်လို့ ထင်ပါ့မလား။

ညီရယ်

အစောကြီးကတည်းက ပွင့်လင်းခဲ့ပါလား။

ညီ လိမ်ညာဖုံးကွယ်ခဲ့တာကို ရှွန်းလက်ပိုပြီး မယုံနိုင်အောင် ဖြစ်ရတယ်။

မရိုးဆိုလည်း မရိုးပေါ့ ညီက အမှန်တိုင်းမပြောခဲ့ဘူး အမှန်တိုင်း မပြောခဲ့တာ ဘာကြောင့်လဲ။ ညီဘာကြောင့် သည်လို ညာတာလဲ။ အဲ့ဒါကို အသိချင်ဆုံးပါပဲ။ ရှွန်းလက်ကတော့ ဘာတစ်ခုမှ ညီ့အပေါ် မညာခဲ့ပါ။ ပကတိ ရိုးသားခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



" ရွှန်းလက် "

" ဟင် "

" ဘာဖြစ်လို့လဲ ခေါင်းမူးတာ မသက်သာဘူးလား"

" သက်သာပါတယ်"

မထားမှီပေးခဲ့သော ရှူဆေးဗူးလေးကို ညီ့ထံပြန်ပေးလိုက်၏။

" သက်သာသွားပါပြီ "

ရွှေရည်ရွှန်းလက်က ညီ့ကိုမကြည့်ပဲ မျက်နှာလွှဲနေသည်။

" ရှာတယ်ညီ လက်မပို့နဲ့တော့"

" ဟာ . . . မဟုတ်တာ ရွှန်းလက် တစ်ယောက်တည်း ကားမောင်းမှာ ညီစိတ်မချဘူး လိုက်ခဲ့မယ်"

" ညီ ပြန်တော့ရော"

" ရပါတယ် ရွှန်းလက်တို့လမ်းထိပ်ရောက်မှ ဆင်းပြီး ဘတ်(စ်)ကား စီးမှာပေါ့။





" အင်းလေ . . . ပြီးရော "

ရွှန်းလက်က ညီ့ရှေ့မှာ တတ်နိုင်သမျှ ဟန်ဆောင်နေမိပါသည်။ ရင်ထဲမှာ မှန်တိုင်းတစ်ခု နှလုံးသားကို ဗဟိုပြုပြီး တိုက်ခတ်နေပြီဆိုတာ ညီမသိသေးပါ။

ညီ့ကို ရွှန်းလက်အရမ်းစိတ်ပျက်မိပါသည်။

မထားမှီဘဝထဲကနေ ညီ့ကိုဆွဲထုတ်ဖို့ ရွှန်းလက် တုန့်ဆုတ်နေမိတာလည်းအမှန်။

တကယ်ပဲ ညီက မထားမှီ အရိပ်အောက်က ရုန်းထွက်နိုင်ပါ့မလားလည်း မသိ။

ရွှန်းလက်မယုံရဲပါ။

သူတို့နှစ်ယောက်ရှေ့မှာ ရွှန်းလက်ကို ရွှန်းလက် အပြင်လူ သူစိမ်းတစ်ယောက်လို ခံစားအားငယ်မိတာ အင်မတန် ဆိုးရွားသော ဝေဒနာ။



www.burmeseclassic.com

www.burmeseclassic.com



ညီ့ကိုလည်း ရွှန်းလက် ဆုံးရှုံးမခံနိုင်။

အရမ်းချစ်နေမိပါသည်။

✧ ✧ ✧ ✧ ✧





" ကောင်မလေးက သူဌေးသမီးလေး ...

ညီညီ့ကိုတော့ ချစ်ပုံရပါတယ်။ ညီညီကကောင်းတာပေါ့" ဟု မထားမှီက မှတ်ချက်ပေး၏။

"လှလိုက်တာ ရွှေရုပ်ကလေးကျနေတာပဲ ဝင်းဝင်းပပ ကလေး နှာမည်လေးနဲ့ သိပ်လိုက်တာပဲ။ မောင်လေး ညီညီတော့ အရှုံးအမူး ဖြစ်နေမှာပဲ"

" ဟုတ်တယ် "



www.burmeseclassic.com

www.burmeseclassic.com



ညီညီက ဝန်ခံမိသည်။ မထားမှီကို ရှက်စရာလည်း မလို။ အစ်မရင်းလို သဘောထားတာ။

" ညီ မထားမှီကို အစ်မလို့ပဲ ပြောထားတာ။ မရီးတော်မှန်း မသိဘူး "

" ဟယ်တော့ "

ညီညီ့စကားကို မထားမှီက အံ့သြကာမျက်နှာပျက်သွားတော့သည်။ သွားပါပြီ။ စကားတွေ ကျွံကုန်ပြီ။ ရွှန်းလက်အဲဒါကြောင့် ငိုမဲ့မဲ့ ဖြစ်သွားတာများလား မထားမှီ စိတ်ပူမိတော့သည်။

" မောင်လေး ညီညီရယ် မရီးက မရီးပေါ့ ဘာညာ ပြောစရာလိုလဲ ညာမယ်ဆိုလည်း ပိပိရိရိပေါ့။ မထားမှီပို ကြိုတိုင်ပင် ထားမှပေါ့။ ဒါလည်း အနှေးနဲ့အမြန်သိမှာပဲ။ တစ်သက်လုံးညာလို့ရမလား"





မထားမှီက ညီညီ့ကို ဆူသည်။ အကျိုးအကြောင်း ရှင်းပြသည်။ မထားမှီစကားထဲ အစ်မရင်းမဟုတ်တာပါသွား ခဲ့ပြီဖြစ်ကြောင်း ပြောပြသည်။

" တမင်ညာတာ မဟုတ်ပါဘူး မထားမှီရ"

ညီညီခုမှ မျက်နှာပျက် တုန်လှုပ်တော့သည်။

" မောင်လေး ညီညီက အဲ့ဒီလို ညာလိုက်တော့ သူ့အတွက် စဉ်းစားစရာဖြစ်သွားမယ် မောင်လေးက ရှင်းလင်းစေချင်လို့ ညာတာ ဒါပေမယ့် ပိုပြီး ခေါင်းရှုတ်စရာ ဖြစ်သွားပြီ"

မထားမှီက မိန်းမချင်းမို့ စာနာနားလည် ပေးနိုင်ပါသည်။ ပြီးတော့ မထားမှီက ညီညီ့ကို မောင်လေး တစ်ယောက် အဖြစ်သာ သဘောထားခဲ့တော့ ဂရုဏာဒေါသ ဖြစ်ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



" ရှင်းနေတာကို ရှုပ်အောင်လုပ်တယ်"

" မဟုတ်ဘူး မထားမှီ၊ ကျွန်တော်က ပတ်ဝန်းကျင်က စကားတွေကြောင့် သူတစ်မျိုးဖြစ်မလားဆိုပြီး ကြိုတင်ကာကွယ် မိတာပါဗျာ "

ညီညီ နောင်တရနေတာ မြင်ရတော့လည်း စိတ်မကောင်း ။ မောင်လေးကို ဘယ်လိုဝေဒနာမှ မခံစားရစေချင်ပါ။ ရွှန်းလက်ကိုလည်း သည်လိုပါပဲ ထားမှီကြောင့် စိတ်သောက မရောက်စေချင်။

" မထားမှီကတော့ အထင်လွဲမခံနိုင်ဘူး ရွှန်းလက်နဲ့ မပြေလည်တာမျိုးလည်းမဖြစ်ချင်ဘူး"

ညီညီ့ကို ပြတ်ပြတ်ပြောသည်။

" နေပါအုံး မထားမှီရယ် ... ရွှန်းလက်ကို ညီညီ မေးကြည့်ပါအုံးမယ် "





" ပြောထားပြီးသား၊ ရွှန်းလက် ကျေနပ်အောင် ဘာမဆိုလုပ်ပေးမယ် ညီညီပြောမရရင် မထားမှီသွားပြောမယ် ဒါပဲ"

မထားမှီက ညီညီ့ထက်ပိုပြတ်သားနေ၏

ရွှန်းလက်ရယ်

သံသရ ဖြစ်ရင်လည်း ဖွင့်ဟမေးပါလား။

ညီက အဲ့ဒီလိုလူစားလား ရွှန်းလက်ချစ်သူက အဲ့ဒီလို လူစားမျိုးလား သေချာတွေးပေးပါအုံး

ချစ်လို့ သဝန်တိုတယ်ဆိုရင်တောင် သည်လူနဲ့ သည်လူ ဒါမျိုးမြင်သင့်ရဲ့လား စဉ်းစားပါအုံး။

ညီညီ သက်ပြင်းတရှိုက်နှင့် မရွှင်မပျ ဖြစ်ကာနေတော့သည်။

ရွှန်းလက် ယုံကြည်အောင် ဘယ်လိုများ ရှင်းပြရမလဲ။

✧ ✧ ✧ ✧ ✧



www.burmeseclassic.com

www.burmeseclassic.com

ဖုန်းဆက်တော့လည်း ဖုန်းမကိုင်။

သွားတွေ့တော့လည်း ရှောင်နေပြန်သည်။

ရှန်းလက်ဖေဖေကလည်း သူနှင့်ရှန်းလက်အကြောင်းကိုသိသေးတာ မဟုတ်။

ညီညီ ဘာလုပ်ရမှန်း မသိဘဲ နေမထိ ထိုင်မသာ တနုံ့နုံ့နှင့် ဘာခံရခက်ကာ စားမဝင်အိပ်မပျော်။

www.burmeseclassic.com

www.burmeseclassic.com



ရွှေရည်ရွှန်းလက်နှင့် ဝေးသွားမှာလည်းအရမ်းကြောက်သည်။ မထားမှီလည်း သူ့ကိုအရိပ်တကြည့်ကြည့်နှင့် "တွေ့လား၊ ဘာပြောသေးလဲ" ဟု ပြန်လာတိုင်းမေးရတာ အမော။

" အတွေ့ကိုမခံတာ"

သူစိတ်ထိခိုက်စွာရေရွတ်မိသည်။

ရွှန်းလက်ရယ် . . . တစ်ဖက်သတ်တစ်ယောက်တည်းတော့ မဆုံးဖြတ်သင့်ပါဘူးကွာ။

ညီညီ လူးလှိမ့်နေအောင် ခံစားရသည် ။ ရွှန်းလက်တို့ အရမ်းသတိရသည်။ မျက်နှာချင်းဆိုင်ဖြေရှင်းခွင့်ရချင်သည်။

နောက်ဆုံးတော့ မနေနိုင်ဘဲ သူဆုံးဖြတ်လိုက်၏။ ရွှန်းလက်တို့ အိမ်အထိ လိုက်သွားမိတော့သည်။

✧ ✧ ✧ ✧ ✧



" ကျွန်တော် ရွှေရည်ရွှန်းလက်ရဲ့ ချစ်သူပါ ကျွန်တော် ရွှန်းလက်နဲ့ တွေ့ပါရစေ " ဆိုတော့ ရွှန်းလက်၏ ဖေဖေက တအံ့တသြကြည့်နေပြီးမှ

" အေး အေး ထိုင်ကွာ " ဟု ဆို၏။

သူ့ဝန်ထမ်းတစ်ဦးက သမီး၏ ချစ်သူဟု ပေါ်ပေါ်တင်တင်ခွင့်တောင်းလာတော့ စိတ်ထဲမှာ တစ်မျိုးကြီးတော့ ဖြစ်ရသည်။ သမီးလေးက ကြိုကြိုတင်တင် ပြောပြထားသင့်သည် မဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



သမီးအခန်းရှိရာတက်လာခဲ့ပြီး တံခါးခေါက်သည်။

" ရွှန်းလက် သမီးချစ်သူကောင်လေး ရောက်နေတယ်" ဟု ဆိုသောအခါ "ဟင် ညီလား " ဟု အံ့အားသင့်သံကလေးထွက် လာ၏။

ဖြိုးလင်းဦးကို အားလုံးက ညီညီပဲ ခေါ်ကြတာမဟုတ်လား။ သည်တော့ သမီးချစ်သူဆိုတာ မှန်သွားပြီ။ အစကတည်းကလည်း သဘောပေါက်ပြီးသားပါ။ ဘယ်သူက အဖေ့ရှေ့လာပြီး မဟုတ်ဘဲပြောရပ်ါမလဲ။

သမီးက သူ့ရှေ့မှ လှစ်ကနဲ ထွက်သွား၏။ ဘာမှပင် မေးချိန်မရလိုက်ပါ။ ကိုယ်က ဖခင်ဆိုတော့လည်း သမီးက ဖွင့်ဟပြော လာချိန်အထိ မသိသလိုနေကာစောင့်ရပေမည်။

✧ ✧ ✧ ✧ ✧



" ရွှန်းလက်"

ညီညီက ရွှန်းလက်ကို စူးစူးစိုက်စိုက်ကြည့်ကာခေါ်၏။ ရင်ထဲမှာ ဝမ်းနည်းသည်။ နေနိုင်ရက်တာကို စိတ်ဆိုးသည် ရွှန်းလက်သူ့ကို တကယ်မှ ချစ်ရဲ့လား။

" ထိုင်လေ ညီ"

ရွှန်းလက်က သူ့မျက်လုံးတွေနှင့် ကြာကြာအဆုံမခံပဲ မျက်လွှာချသွားပြီး ဆို၏။



www.burmeseclassic.com

www.burmeseclassic.com



" ဘာဖြစ်နေတာလဲ ဘာမကျေနပ်တာလဲ ရွှန်းလက်ရှင်းရှင်းပြောစမ်းပါ။

မာမာဆတ်ဆတ်ပဲ မေးမိတော့သည်။

" နည်းနည်းသွေးအေးသွားမှ ဖုန်းဆက်ပြောမလားလို့ နေတာပါညီ . . ."

" ဘာကိုသွေးအေးရမှာလဲ"

ရွှန်းလက်က သူ့ကို ဖျတ်ကနဲမော့ကြည့်လာ၏။

" ညီ "

တိုးညှက်စွာခေါ်ပြီး လေးနက်သောစကားတစ်ခွန်းကိုဆိုလာ၏။

" မထားမှီနဲ့ ညီနဲ့ ဘဝထဲကို ရွှန်းလက် ဝင်မလာရဲဘူး . . . မထားမှီစီကနေ ညီ့ကို ရွှန်းလက်မလုယူချင်ပါဘူး "

ညီညီက ရွှန်းလက်ကို အေးစက်စွာကြည့်၏။



" မထားမှီနဲ့ ညီက ဘာဖြစ်နေလို့လဲ"

ရွှန်းလက်က မျက်နှာလွှဲသည်။

" ရွှန်းလက် နောက်ဆုတ်ချင်တယ် ညီ။ ရှင်းရှင်းလင်းလင်းဘဝမျိုးကိုပဲ သဘောကျတယ်"

" လုံးဝ အဓိပ္ပါယ်မရှိဘူး မင်းတဖက်သပ်စွပ်စွဲနေတာကွ မင်းထင်သလိုလုံးဝ မဟုတ်ဘူး"

ညီညီက ရွှန်းလက်ကို အရမ်းဒေါသဖြစ်သွား၏။

" မင်းစကားတွေက ငါ့ကို စော်ကားတယ်၊ မထားမှီကိုလည်းစော်ကားတယ်။ ပြီးရော . . . ရတယ် မင်းသဘောပါပဲ။ ဒီကိစ္စနဲ့ ပတ်သက်ပြီး မင်းကို ငါဘာမှဖြေရှင်းစရာမရှိဘူး"

ရွှန်းလက်က မျက်နှာကလေးမဲ့သွားပြီး . . .

" သိပါတယ် ရွှန်းလက်ကဘေးလူဆိုတာ "ဟု နာကြည်းစွာရေရွတ်၏။

www.burmeseclassic.com

www.burmeseclassic.com



ညီက မထားမှီနဲ့ ပတ်သက်ရင် လုံးဝသည်းမခံနိုင်ဘူးဆိုတာ ရွှန်းလက်သိပြီးသားပါ။

" မင်း မဟုတ်တာတွေ လျှောက်မပြောနဲ့"

ညီညီက ရွှန်းလက်ကိုအော်သည်။

ရွှန်းလက်က နှုတ်ခမ်းလေးစူပြီး ငြိမ်နေ၏။

" မင်းသံသရဝင်မှာ ဆိုးလို့အစ်မပါလို့ ပြောထားခဲ့တာ တစ်ခုက လွဲရင် အားလုံး ငါဘာတစ်ခုမှမုသားမသုံးခဲ့ဘူး။ အဲ့ဒါကလည်း အခုလို ဖြစ်လာမှာဆိုးလို့"

သူ ရွှန်းလက်ကို ရှင်းပြမိပါသည်။

" မထားမှီက ငါ့အစ်မ ဒါတစ်သက်လုံးဘယ်တော့မှ မပြောင်းလဲဘူး မင်းသိထားပါ"

ရွှန်းလက်က ညီညီကို ဘာမှ ပြန်မပြော။





" နောက်ဆုတ်ချင်ရင်လည်း မင်းသဘောပဲ။ မင်းဘက်က ပြတ်နိုင်တယ်ဆိုမှတော့ ငါကလည်း မေ့ပစ်နိုင်အောင် ကြိုးစားပေးမယ် "

ညီညီ ချာကနဲ လှည့်ထွက်သွား၏။

ရွှေရည်ရွှန်းလက်က ညီ့နောက်ကျောကို ငေးကြည့်ကာ ကျန်ရစ်ခဲ့သည်။

ညီရယ်

ဒီလိုလွယ်လွယ်ကလေး လမ်းခွဲရမယ်လို့ မထင်ခဲ့မိဘူး။

ညီရက်စက်လွန်းတယ်

ပြေရာပြေကြောင်းမကြိုးစားဘူး။

ရွှန်းလက် ရင်ထဲမှာ ဘယ်လိုခံစားနေရမလဲဆိုတာ မေးကြည့်စမ်းပါအုံး။



www.burmeseclassic.com

www.burmeseclassic.com



တကယ်ဆို ညီ့ဘက်က ချောချောမောမောရှင်းပြသင့်ပါတယ်နော်။

✧ ✧ ✧ ✧ ✧



" မောင်လေး ညီညီ"

" ဗျာ "

မထားမှီက စာအုပ်ဖတ်နေသော ညီညီ့အနီးမှာ သွားထိုင်လိုက်ပြီး ညီညီ့မျက်နှာကို အကဲခတ်၏။

" ညီမလေး ရွှန်းလက်နဲ့ တွေ့ခဲ့ပြီလား "

" အင်း "



www.burmeseclassic.com

www.burmeseclassic.com



အဆင်မပြေခဲ့ဘူးဆိုတာ ညီညီ့မျက်နှာမှာ ဖတ်လို့ရပါသည်။ မေးနေစရာမလို။

မောင်လေးရယ်

မထားမှီဘယ်လိုများ ကူညီပေးရမလဲ

သိပ်လိုက်ဖက်ပြီး သိပ်ချစ်စရာကောင်းသောဖြူဖြူစင်စင်စုံတွဲကလေးကို မထားမှီကြောင့် မကွေကွင်းစေချင်ပါ။ မဝေးစေချင်ပါ။

ပြဿနာက မထားမှီကြောင့် စခဲ့တာပါ။

" မထားမှီ"

" ဟင် "

" စိတ်မကောင်းမဖြစ်ပါနဲ့ . . . ယုယကလေးရော အိပ်ပျော်နေပြီလား "

" အင်း အိပ်ပျော်သွားပြီ "



ညီညီက မထားမှီ စိတ်ထိခိုက်မှာမလိုလားပါ။ ဟန်ဆောင်ကာပြုံးထားရသည်။

ရင်ထဲက ဝေဒနာကို ဘယ်သူမှ မမြင်စေချင်။

ရွှန်းလက်ကို သူဘယ်လိုမှ မေ့လို့ရမှာ မဟုတ်။

တကယ်တမ်းဝေးရလျှင် သူအသည်းကွဲ ရပါလိမ့်မည်။ မချိမဆန့်ခံစားရပါလိမ့်မည်။

မထားမှီ၏ ဂရုဏာမျက်လုံးများကို သူမသိသလိုနေမိပါသည်။

ယောကျ်ားမာန၊ မခံချင်စိတ်နှင့် ပြတ်ပြတ်သားသားပြောခဲ့ပြီးမှ ရွှန်းလက်ကို လက်လွှတ်ဆုံးရှုံးရမှာ အရမ်းကြောက်လာသည်။

" မောင်လေး . . . သူ မောင်လေးကို အရမ်းချစ်လို့ အခုလိုဖြစ်ရတာပါ။ သူ့ကို ရအောင် ပြန်ချော့နော်။

မြားနတ်မောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



သူကျေနပ်အောင် တောင်းပန်။ သူစိတ်တိုင်းကျဖြစ်အောင် ဘာမဆို လိုက်လျှောမယ်လို့ ပြောလိုက်"

မထားမှီစကားက သူ့ကိုနာကျင်စေပါသည်။

ချစ်လို့ဖြစ်ရတာတဲ့လား ရွှန်းလက်ရယ်. ...

နားလည်မှုမရှိတာ အချစ်လား

" မောင်လေး စဉ်းစားကြည့် သူမောင်လေးကို စွဲနစ်နေအောင်ချစ်လို့ ဒီလို တုန်လှုပ်ရှာတာပေါ့"

မထားမှီက သူ့ကိုဖြောင်းဖျနှစ်သိမ့်၏။

" ကျေနပ်အောင် ချော့လိုက်ပါ မောင်လေးက မှားခဲ့တာပဲ။ 'သူ့ကို ညာခဲ့တယ်ရေ"

ဒါတောင်မထားမှီက သူခပ်မာမာပြောခဲ့တာတွေ မသိသေးလို့ပါ။





မထားမှီပြောသလို သူမှားနေသလား သူ့ဘက်က လွန်နေပြီလား။ ရွှန်းလက်ရော သူ့ကိုသတိရနေမလား။

ညီညီ သက်ပြင်းရှိုက်မိ၏။

✧ ✧ ✧ ✧ ✧



www.burmeseclassic.com

www.burmeseclassic.com

" သမီးရေ ရွှန်းလက် "

ဖေဖေ့ ခေါ်သံကြားရပြီး တံခါးခေါက်သံဖွဖွကြားရ၏။

" အောက်မှာ ညွှန့်သည်ရောက်နေတယ်"

ရွှေရည်ရွှန်းလက်က အိပ်ရာပေါ်ကနေ ဆင်းလိုက်၏။

အခန်းတံခါးဖွင့်လိုက်ပြီး " ဘယ်သူလဲ ဖေဖေ" ဟု မေးမိပါသည်။

www.burmeseclassic.com

www.burmeseclassic.com



" ဖေဖေလည်း မသိဘူး မထားမှီလိုဘဲ ပြောတာပဲ"

" ရှင် "

ဆံပင်လေးတွေ ထပ်တင်ရင်းက ရွှန်းလက် မျက်လုံးဝိုင်းသွား၏။ လုံးဝ မထင်ထားခဲ့ပါ။ မထားမှီလာလိမ့်မည်ဟု ရွှန်းလက် မထင်။

ဧည့်ခန်းကို ချက်ချင်းဆင်းလာခဲ့၏။

ဟင်

တကယ်ပဲ မထားမှီပါလား

ရွှန်းလက်အားတုံ့အားနာနှင့် ဘယ်လိုစကားဆိုရမှန်း မသိတော့ပါ။

" မထားမှီ "

" ညီမလေး အိပ်ပျော်နေတာလား အားနာလိုက်တာ"

" ရပါတယ် . . . နိုးနေပါပြီ။"



ရွှန်းလက်က မထားမှီအတွက် ကော်ဖီနှင့်မုန့်ပြင်ဆင်ခိုင်း၏။

" မမ . . . ကိစ္စတစ်ခုခုရှိလို့လားဟင်"

" ညီမလေးနဲ့ စကားပြောချင်လို့ "

" ဪ "

ရွှေရည်ရွှန်းလက်က ခေါင်းကလေးညှိမ့်သည်။

" ခဏနေဦး မမ။ ရွှန်းလက် မျက်နှာမသစ်ရသေးဘူး။ ကော်ဖီလည်းသောက်ပါအုံး"

မထားမှီကို ထားခဲ့ပြီး ရွှန်းလက် မျက်နှာ လက်ခြေဆေးသည်။ ခုလိုတကူးတကလာရောက်ပြီး ရှင်းပြဖို့ ကြိုးစားတော့လည်း ကိုယ့်စကားကို ကိုယ်အားနာမိပါသည်။

ရွှန်းလက်ပြောလိုက်တာ မှားသွားပြီလား

ညီညီက စိတ်ဆိုးပြီး မဆက်သွယ်တော့ပါ။

www.burmeseclassic.com

www.burmeseclassic.com



ရွှန်းလက်ညို့ကို အရမ်းလွမ်းသည်။ ညို့ရင်ငွေ့ကို ခဏလေးခိုလှုံခွင့်ရလျှင် မွန်းကြပ်နေသမျှ ပြေပျောက်သွားလိမ့်မည်ထင်ပါသည်။

မျက်နှာသုတ်ပဝါနုနုလေးနှင့် မျက်နှာသုတ်ရင်း မထားမှီနှင့် ညို့အကြောင်းကိုပြန်ပြီးစဉ်းစားလာမိ၏။

မထားမှီက ညိုနှင့်ရွှန်းလက်ကို မဝေးစေချင်။ ညိုတို့ကွဲသွားမှာမလိုလား။ တကယ်ဆိုအဆင်မပြေတာကို ဝမ်းသာနေရမှာလေ။

" အားနာလိုက်တာ စောင့်နေရတယ် "

" ရပါတယ် ညီမရယ်"

မထားမှီနှင့်အတူ ကော်ဖီသောက်သည်။ ပြီးတော့ ခြံထဲဆင်းလျှောက်ကာ စကားပြောဖြစ်၏။

" မိုးရွာမလား မသိဘူးနော် လေတွေအရမ်းတိုက်တယ်"





" ဟုတ်တယ် မမ မုန်တိုင်းရှိတယ်ပြောတာပဲ မမပြန်ရင် ရွှန်းလက် လိုက်ပို့ပေးမှာပေါ့"

" ရပါတယ် ကလေးက ကြီးကြီးညိုနဲ့ထားခဲ့ရတာဆိုတော့ ငိုများနေမလားတွေးမိတယ်။ ကလေးအမေဆိုတော့ ဒီလိုပဲ ကလေးအတွက်အမြဲတွေးပူနေတတ်တယ်။ ဟိုကလေးကလည်း ကျောင်းမှာ ထီးမပါသွားဘူး။ အကြီးကောင်က ထီးယူဖို့ပျင်းတယ်"

ရွှန်းလက်က မထားမှီစကားတွေကို ပြုံးပြုံးကလေးနားထောင်နေမိသည်။

သဘောဖြူပြီးစိတ်ကောင်းရှိတာ သိထားပြီးသားပါ။ စကားပြောကြည့်တော့ပိုပြီး သိသာပါသည်။

" ညီညီ့မျက်နှာက ပြုံးပြုံးရွှင်ရွှင်မရှိဘူး သူ့အရမ်းစိတ်ထိခိုက်နေပုံပဲ။ မထားမှီလည်း ဘာလုပ်ပေး ရမှန်း

www.burmeseclassic.com

www.burmeseclassic.com



မသိတာနဲ့ ရွှန်းလက်စီ လာခဲ့တာ။ မောင်လေးဆိုပေမယ့် သူ့ကိုလည်း သားတစ်ယောက်လိုပဲ ပူရတယ် ညီမလေးရယ်" ဟု စကားစလာ၏။

ရွှန်းလက်က မျက်လွှာလေးချကာ ငြိမ်သက်နားထောင်နေ၏။ မထားမှီကို မျက်နှာပူအားနာသည်။

"မထားမှီကြောင့်တော့ ဘယ်သူ့ကိုမှ မထိခိုက်စေချင်ဘူး။ ဖေဖေ့အိမ်မှာ ပြန်နေဖို့ ဆုံးဖြတ်ထားတယ်။ ညီညီက ယုယလေးကို မခွဲနိုင်ဘူးဆိုပြီး တားနေလို့သာ . . ."

ရွှန်းလက်ကျေနပ်အောင်ဘာမဆို လိုက်လျောပေးမည့်သဘောမျိုးပြောနေတော့ အနေရခက်သည်။

နေသားကျနေသော သူတို့မိသားစုလေးကိုယ့်ကြောင့် ဂယက်မထစေချင်ပါ။





ရွှန်းလက်စိတ်မှာမထားပြီး နောက်ဆုတ်ချင်တာကလည်း မထားမှီတို့အတွက် ရွှန်းလက်က အနှောင့်အယှက်တစ်ခု ဖြစ်နေတာ ကြောင့်ပါ။

ညီ့ဘဝထဲမှာ ရွှန်းလက်ဝင်လာဖို့ နေရာတစ်ခုမရှိပါလားဆိုတာကို မထားမှီကို မြင်လိုက်ရတော့ နားလည်သွားမိပါသည်။

" ရွှန်းလက်"

" ရှင် "

" မထားမှီနဲ့ ညီနဲ့ တကယ်မောင်နှမ အရင်းလို သံယောဇဉ်တွယ်နေမိကြတာပါ။ တခြားသူတွေဘယ်လိုထင်ထင် အရေးမကြီးပေမယ့် ညီမလေး သံသရဝင်လို့တော့ မရဘူး။ မထားမှီမောင်လေးဘဝကို မညှိုးစေချင်ဘူး မောင်လေးရင်ကွဲမှာကို မကြည့်ရက်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



" ရွှန်းလက်က . . . ဟိုလေ . . . "

ဘယ်လိုပြောရမှန်းတောင် မသိတော့ပါ

ခပ်ကြွမ်းကြွမ်းတိုက်သောလေကြောင့် ဆံပင်တွေကို စုစည်းကာ ချည်မိရင်း နှုတ်ခမ်းလေးကိုက်သည်။

" မောင်လေးကရွှန်းလက်ကို အရမ်းချစ်ရှာတာပါ"

မထားမှိုက ဌဲကြီးကြီးနှင့် ဖြန်ဖြေဖို့ ဆုံးဖြတ်ခဲ့ပုံ ရလေ၏။ ရွှန်းလက်နှုတ်ဆိတ်နေသည်။

" ညီမလေးဘယ်လိုဖြစ်စေချင်သလဲ ပြောပါ"

ရွှေရည်ရွှန်းလက်က မထားမှိုကိုငုံ့ကြည့်၏။

ရင်ထဲက သံသရတွေလည်း ပြေသလောက်ပင်ရှိသွားပါပြီ။ ထိုအချိန်မှာ အသံကြီးတစ်ခုကျယ်လောင်စွာကြားရပြီး

" ရွှန်းလက် ညီမရေ့လေး ဆိုသော မထားမှို၏ အထိတ်တလန့်အော်သံနှင့်အတူ မျက်စိထဲမှာ မသဲကွဲသော





အရာကြီးတစ်ခု လေနှင့် လွင့်လာပြီး မထားမှိုက ရွှန်းလက်ကို တွန်းပစ်လိုက်တော့ မထားမှိုစီတည့်တည့်ကြီးထိမိတော့သည်။

" ဟင် . . . မထားမှို"

အားကနဲအော်သံနှင့် မထားမှိုလဲကျသွား၏။

ရေတိုင်ကီ သွပ်အဖုံးကြီးတစ်ခု။ တစ်ဖက်ခြံရေစင် ပေါ်ကနေလေနှင့်လွင့်ကျလာတာ။

" ဟင် "

မထားမှို လက်စောင်းမှာ ပုခုံးမှာ ပွန်းရှပြီးသွေးတွေ ရဲကနဲမြင်ရတော့ ရွှန်းလက် လိပ်ပြာလွင့်မတတ်လန့်သွား၏။

" မထားမှို . . . ဒုက္ခပါပဲ။ အရမ်းနာနေပြီလားဟင် ဆေးခန်း မြန်မြန်သွားရအောင် သွေးတွေအများကြီးပဲ"

" အင်း . . . "

မထားမှိုက သတိမလစ်ပါ။ အံကြိတ်ပြီး တစ်ချက် မညည်း ဖြစ်မှ ဖြစ်ရလေ မထားမှိုရယ်။



www.burmeseclassic.com

www.burmeseclassic.com



" မျက်နှာမထိတာပဲ တော်သေးတယ်" ဟု ဆရာဝန်က ဖြေသိမ့်စရာစကားဆို၏။

အမှန်တကယ်ဆို ရွှန်းလက်ကိုထိရမှာ။ ထားမှီ တွန်းပစ်လိုက်လို့သာ။

" ဒဏ်ရာအမာရွတ်တွေကျန်မလား ဆရာ"

" မပြောတတ်ဘူးဗျ၊ လည်ပင်းတွေဘာတွေမထိမိတာ ကြီးကြီးမားမား မဖြစ်တာ ကံကောင်းတယ်"

ရွှန်းလက် ပင့်သက်ရှိုက်သည်။

ညီညီရှိရာ ဖုန်းလှမ်းဆက်သည်။

" ရွှန်းလက်ပါ "

" ပြောလေ "

" ဒီမှာ မထားမှီနဲ့ ဆေးခန်းရောက်နေတယ် "

" ဘာ ဘယ်သူဘာဖြစ်လို့လဲ"





" ဘာမှ မဖြစ်ပါဘူး ညီလာခဲ့လိုက်ပါ စိတ်မပူနဲ့" ဟုဆို၏။

" ဘာဖြစ်တာလဲ ပြောအုံး"

ညီ စိတ်ပူမှာစိုးတာမို့ အမြန်ဆုံးရှင်းပြလိုက်ရ၏။ မထားမှီက ဘေးမှာ ပြုံးနေသည်။

" မေးခိုက်ကာကွယ်ဆေးတို့ ဘာတို့ထိုးရအုံးမယ် ထင်တယ်" ဟု ရွှန်းလက်က ဆိုမိ၏။

" ရွှန်းလက် "

" ဟင် "

ဖုန်းပြောပြီးသောအခါ မထားမှီက ခေါ်သည်။

" ညီ့ကို စိတ်မဆိုးတော့ဘူးမဟုတ်လား။

မထားမှီမေးတာကို ရွှန်းလက် မကျေမနပ်ဖြေမိသည်။

" အလကားပါ . . . မမ မောင်က ချော့လည်း မချော့ဘူး တောင်းပန်ဖို့ဆိုဝေးရော" သူလည်း ညာသေးတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကလေးလေးလိုရင်ထဲက အလိုမကျတာ ဖွင့်ဟလာ၏။

" မကျေနပ်ပါဘူး သူပြန်ချော့မှ ခေါ်မယ်"

မထားမှီက ကျေနပ်စွာပြုံး၏။

" ဟုတ်တယ် သူက အသဲမာတယ် လမ်းခွဲစကားကို သူပဲပြောသွားတာ"

ရွှေရည်ရွှန်းလက်က မထားမှီကို အစ်မရင်းတစ်ဦးလို ရင်ဖွင့်မိတော့သည်။

အခုတော့ သေသေချာချာ သဘောပေါက်နားလည် သွားပါပြီ။

မထားမှီ၏ စိတ်သဘောထားနှင့် အနစ်နာခံ စွန့်လွှတ်မှု။ ဘာသံသရမှ မထားသင့်ပါ။

" ရွှန်းလက် မမကို စော်ကားမိသလို ဖြစ်သွားရင် တောင်းပန်ပါတယ်နော် "





ချက်ချင်းပဲ တောင်းပန်မိ၏။ ညီညီက အပြေး အလွှားရောက်လာပြီး မထားမှီကို စိုးရိမ်တကြီးမေး၏။

" မထားမှီ သက်သာရဲ့လား "

မထားမှီက ခေါင်းညိတ်ပြ၏။ ညီညီက ရွှန်းလက်ကို လှမ်းကြည့်သည်။ ရွှန်းလက်က ဆတ်ကနဲ ကျောခိုင်း လျှောက်သွား၏။ မခေါ်ချင်သေးပါ မာနကြီးလွန်းသော ချစ်သူကို အကြာကြီးစိတ်ကောက် ချင်သည်။

သူ့ဘက်က မနေနိုင်ဘဲ လာခေါ်မှ . . .။

" လိုက်သွားလေ သူက စိတ်ကောက်နေတာ "

မထားမှီက တိုက်တွန်းသည်။

ညီညီ့ရင်ထဲမှာတဒိန်းဒိန်းနှင့် အခုန်မြန်လာ၏။

ကားစီလျှောက်သွားနေသော ရွှန်းလက်နောက် ပြေးလိုက်သွားကာ ဇွေ့ကနဲ ကောက်ချီလိုက်၏။

www.burmeseclassic.com



" ဟာင် ဘာလုပ်တာလဲ လွှတ် လွှတ်"

ရွှန်းလက်က ရှက်ရှက်နှင့် ဖွတ်ရုန်းသည်။

" ကားထဲအရောက်ပို့ပေးမလို့"

ညီညီက တင်းတင်းကြပ်ကြပ် ပွေ့ချီထားပြီးပြောၡ၏။

ရွှန်းလက်က နှုတ်ခမ်းကိုတ်ကာ သူ့ကို တဘုန်းဘုန်း ထုရိုက်မိတော့သည်။

✧ ✧ ✧ ✧ ✧

ပန်းသီနိုင်

BURMESE CLASSIC
www.burmeseclassic.com